ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ တနင်္လာနေ့၊ (4-8-2003) (၃၉၅၂)

နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ဂျမေကာနိုင်ငံ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၄

၂၀၀၃ ခုနှစ် ဩဂုတ် ၆ ရက်၌ကျရောက်သော ဂျမေကာနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျမေကာနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပီ၊ ဂျေ၊ ပတ်တာဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်ညွန့် လှိုင်သာယာစက်မှုမြို့ အမှတ်(၂) နေ့ကလေးထိန်းကျောင်း၊ အမက(၄၇)နှင့် (၄) ကျောင်းဆောင်သစ်များဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပြီးစီးသွားသည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ စက်မှုမြို့ အမှတ်(၂) နေ့ကလေးထိန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ နေ့ကလေးထိန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

နေ့ကလေးထိန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪**

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ လှိုင်သာယာစက်မှုမြို့ အမှတ်(၂) နေ့ကလေးထိန်း ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (အပေါ်ဝဲပုံ) နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၄-၈-၂၀၀၃
(တနင်္လာနေ့)

ရေအရင်းအမြစ်များ စုစည်းဖော်ထုတ် ယာမြေများကို လယ်မြေများအဖြစ် ပြောင်းလဲစိုက်ပျိုး

မြန်မာနိုင်ငံသည် ရေမြေသဘာဝအခြေအနေများ ကောင်းမွန်သော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ ဆန်စပါးကို အဓိကထား၍ စိုက်ပျိုးလျက်ရှိသည်။ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ချည်မျှင်ရှည်ဝါ၊ ပြောင်း၊ ကြံစသည့် သီးနှံအမျိုးမျိုးတို့ကိုလည်း ဒေသအလိုက် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ဒေသတိုင်းတွင် ကြိုးစားအားထုတ် စိုက်ပျိုးလျက်ရှိသည်။

သို့သော် မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သည့် အညာဒေသတစ်ခွင်သည် ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားသည်။ စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေပင် ရှားပါးသောဒေသဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အညာဒေသတစ်ခွင်၌ စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံချက်ကို ချမှတ်အကောင်အထည်ဖော်ရန် လမ်းညွှန်မှုပေးခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဖွဲ့အစည်းများနှင့် ပြည်သူများက တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံချက်သည် ၁၃ခရိုင်အထိ တိုးချဲ့ဆောင်ရွက်နိုင်လျက်ရှိသည်။ အပူပိုင်းဒေသအညာမြေတစ်ခွင်သည် စိမ်းလန်းစိုပြည်လာလျက်ရှိပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက အညာဒေသတွင် ရနိုင်သမျှ ရေအရင်းအမြစ်များကို လေ့လာသုံးသပ်ပြီး ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို ငွေကြေးအရင်းအနှီးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိသည်။ ယင်းကဲ့သို့ ရေအရင်းအမြစ်များကို စုစည်းဖော်ထုတ်ကြိုးပမ်းခြင်း၏ ရည်ရွယ်ချက်များမှာ အညာဒေသတစ်ခွင်၌ စိုက်ပျိုးရေလုံလောက်စွာရရှိပြီး တစ်နှစ်ပတ်လုံး သီးနှံများစိုက်ပျိုးနိုင်ရေး၊ သောက်သုံးရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ပင်ဖြစ်သည်။

အညာဒေသဖြစ်သည့် မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် နတ်သားတောရွာအနီးတွင် တည်ဆောက်ခဲ့သည့် နတ်သားတောရေလှောင်တမံကို ဇူလိုင်လ ၂၈ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ မြင်းခြံခရိုင်ကဲ့သို့ နှစ်စဉ်မိုးရေချိန်လက်မ ၂၀ ခန့်သာ ရွာသွန်းလေ့ရှိသော အညာဒေသတွင် ယခုကဲ့သို့ ဆည်တမံများ တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးလာနိုင်ပြီဖြစ်သည်။

မြင်းခြံခရိုင် တစ်ခုတည်းတွင်ပင် ယခု ဖွင့်လှစ်လိုက်သည့် နတ်သားတောရေလှောင်တမံအပါအဝင် ရေလှောင်တမံပေါင်း ၁၄ ခုကို တည်ဆောက်ပေးနိုင်ခဲ့သည်။ နတ်သားတော ရေလှောင်တမံသည် မန္တလေးတိုင်းအနေဖြင့် ၃၇ ခုမြောက် ရေလှောင်တမံဖြစ်သကဲ့သို့ ပြည်ထောင်စုတစ်ဝန်းလုံးရှိ ၁၄၉ ခုမြောက် ရေလှောင်တမံလည်းဖြစ်သည်။ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ဆည်တမံများသာမက မြစ်ရေတင်လုပ်ငန်း ၂၆၅ ခုကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။

မန္တလေးတိုင်းသည် စပါးအပြင် ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအောင်မြင်ဖြစ်ထွန်းသည့် တိုင်းဖြစ်ရာ နိုင်ငံတော်၏စီးပွားရေးအတွက် အဓိကအားထားရသော တိုင်းကြီးများထဲတွင် အပါအဝင်ဖြစ်သည်။ နိုင်ငံတော်က ဒေသခံတောင်သူလယ်သမားများ အကျိုးအတွက် ရေလှောင်တမံများနှင့် မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ပေးလျက်ရှိရာ တောင်သူလယ်သမားများကလည်း သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ရေအရင်းအမြစ်များကို ယခုကဲ့သို့ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာ အညာဒေသ၌ရှိသည့် ယာမြေများသည် လယ်မြေများအဖြစ် ပြောင်းလဲနေပြီး စပါးမစိုက်ဖူးသည့် တောင်သူများပင် စပါးစိုက်ပျိုးနေကြပြီဖြစ်သည်။

မန္တလေးတိုင်းအနေဖြင့် ယခု ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ခြောက်သန်းကျော်၊ နွေစပါးဧက နှစ်သိန်းနီးပါး စိုက်ပျိုးရန် လျာထားသည်။ အဆိုပါ မိုးစပါးနှင့်နွေစပါးများကို ဆည်၊ ကန်များ၊ မြစ်ရေတင်လုပ်ငန်းများဖြင့် ရေပေးသွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ငွေကြေးများစွာသုံးစွဲပြီး ရေအရင်းအမြစ်များ စုစည်းဖော်ထုတ်ဖန်တီးထားသည့် အခြေအနေကောင်းများကို တောင်သူလယ်သမားများက ထိထိရောက်ရောက် အသုံးချပြီး အညာဒေသ ယာမြေများကို လယ်မြေများအဖြစ် ပြောင်းလဲစိုက်ပျိုး၍ သီးနှံများထုတ်လုပ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဝတ်ရည်အဆင့်မြင့် အဆောက်အအုံ အုတ်မြစ်စီမင်္ဂလာ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တော်ဝင်မိသားစုကုမ္ပဏီတို့ ပူပေါင်းဆောင်ရွက်သည့် ဝတ်ရည်အဆင့်မြင့်အဆောက်အအုံ အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အဆိုပါအဆောက်အအုံတည်ဆောက်မည့် မြေနေရာ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ တော်ဝင်မိသားစုကုမ္ပဏီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး နိုင်ငံတော်ပြက္ခဒိန်အကြံပေး ဦးကျော်က ရတနာ အုတ်မြစ်စီ မင်္ဂလာအခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာ အုတ်မြစ်စီမည့်နေရာ၌ နေရာယူကြသည်။

ဆက်လက်၍ နိုင်ငံတော် ပြက္ခဒိန်အကြံပေး ဦးကျော်က မော်ကွန်းကမ္ပည်းကျောက်စာကို ဖတ်ကြားသည်။

ရတနာငွေကြုတ်ထည့်သွင်း

မင်္ဂလာအချိန်တွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နဝရတ်ကိုးပါး ရတနာငွေကြုတ်ကို အုတ်မြစ်တော်တွင် ထည့်သွင်းသည်။ ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တော်ဝင်မိသားစုကုမ္ပဏီ ဥက္ကဋ္ဌတို့က သတ်မှတ်အစီအစဉ်အတိုင်း နဝရတ်ကိုးပါး ရတနာအုတ်များဖြင့် အုတ်မြစ်ကို ပြိုင်တူစီကြသည်။



ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ကမ္ပည်းကျောက်စာကို ရတနာအုတ်မြစ်တော်၌ ထည့်သွင်းပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အုတ်မြစ်စီ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝတ်ရည်အဆင့်မြင့် အဆောက်အအုံအုတ်မြစ်စီ မင်္ဂလာအစီအစဉ်ကို ရှင်းလင်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တော်ဝင်မိသားစုကုမ္ပဏီ ဥက္ကဋ္ဌ ဦးကိုကိုထွေးက ဝတ်ရည်အဆင့်မြင့် အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝတ်ရည်အဆင့်မြင့် အဆောက်အအုံ ခိုင်ခံ့ ခံ့ညားရေး၊ အဆင့်မြင့်ရေး၊ နေထိုင်လိုသူများ ဈေးနှုန်းသက်သာရေး၊ ဦးတည်ချက်များ ထားရှိဆောင်ရွက်ရန် မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ပညာရေးလုပ်ငန်းများအတွက် တော်ဝင်မိသားစု ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၅၀တန်ဖိုးရှိ သစ်ခွဲစက်နှင့် မြေနေရာကို တော်ဝင်မိသားစုကုမ္ပဏီက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်အား ပေးအပ်ပြီး အစီအစဉ်ဒုတိယပိုင်းကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝတ်ရည်အဆင့်မြင့် အဆောက်အအုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်မည့် ဝတ်ရည်အဆင့်မြင့် အဆောက်အအုံမှာ မြေအကျယ်အဝန်း ၂ဒသမ ၄၁၂ဧက၌ တည်ဆောက်မည်ဖြစ်ပြီး အဆောက်အအုံသည် ၂၅ထပ်ပါရှိ၍ အမြင့်ပေ ၂၆၀ ရှိမည်ဖြစ်သည်။ မြေအောက်နှင့် မြေညီတို့တွင် စားသောက်ဆိုင်၊ ဈေးဆိုင်၊ ရုပ်ရှင်ရုံ၊ အားကစားခန်းမ၊ ကလေးကစားကွင်း၊ ရေကူးကန်တို့ ပါရှိမည်ဖြစ်သည်။ ဒုတိယထပ်တွင် ရုံးခန်းနှင့် Car Parking တို့ပါရှိ၍ တတိယထပ်နှင့် စတုတ္ထထပ်တို့တွင် Car Parking တို့ပါရှိပြီး ကားအရေအတွက် စုစုပေါင်း ၇၀၀ ရပ်နားနိုင်မည်ဖြစ်သည်။ လူနေတိုက်ခန်း အခန်းပေါင်း ၄၀၈ခန်း ပါရှိမည့် Tower လေးခု ထည့်သွင်းထားပြီး ဓာတ်လှေကား ၁၀စင်းနှင့် Escalator ခြောက်စင်း ပါရှိမည်ဖြစ်သည်။ ရေပေးဝေခြင်း၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ လျှပ်စစ်မီး၊ တယ်လီဖုန်း၊ မီးသတ်စနစ်၊ အခန်းတွင်းပြင်ဆင်မှု စသည်တို့တွင် ခေတ်မီနည်းစနစ်များဖြင့် ရေရှည်ခံ ပစ္စည်းများ အသုံးပြု၍ အဆင့်မြင့် အဆောက်အအုံနှင့် လျော်ညီစွာ တည်ဆောက်သွားမည်ဟုသိရသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တော်ဝင်မိသားစုကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ဝတ်ရည်အဆင့်မြင့် အဆောက်အအုံ ပုံစံငယ်ကိုတွေ့ရစဉ်။
(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ ပညာရေးလုပ်ငန်းများအတွက် တော်ဝင်မိသားစုကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

အီရတ်ရောက် အမေရိကန်စစ်သည်များ ဘုရားသခင်ထံ ဆုတောင်းနေကြရ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံတွင် ပြောက်ကျားစစ်ပွဲပုံစံမျိုးဖြင့် တိုက်ခိုက်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသော အမေရိကန်စစ်သည်များသည် လမ်းများပေါ်တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုအန္တရာယ်မှ လွတ်ကင်းရာ လွတ်ကင်းကြောင်း ဖြစ်ပေါ်စေရန် ဘုရားသခင်ထံ၌ ဆုတောင်းလျက်ရှိကြကြောင်း အသက်(၁၉)နှစ်အရွယ်ရှိ အမေရိကန်စစ်သည်တစ်ဦးက ပြောကြားသည်။

ထူပြော

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ လမ်းများသည် ဘေးအန္တရာယ် ထူပြောနေဆဲဖြစ်ကြောင်း၊ မိမိ၏ စခန်းဂိတ်ပေါက်များမှ ပြင်ပသို့ ထွက်ခွာလေတိုင်း ခြိမ်းခြောက်မှုဘေးအန္တရာယ်ကိုအမြဲတစေ ရင်ဆိုင်နေရသည်ဟု မိမိထင်မြင်မိကြောင်း၊ မိမိတို့ကို ဘုရားသခင်က စောင့်ရှောက်ပေးရန် ဆုတောင်းပါကြောင်း အဆိုပါ စစ်သည်က ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်ရှိ လမ်းများပေါ်တွင် အမေရိကန်စစ်သည်များ သေဆုံးရသည့် ဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက်လျက်ရှိသည်။ အမေရိကန်စစ်သည်များ နည်းတူပင် အီရတ်လူမျိုး အရပ်သားများမှာလည်း လက်နက်ဘေးအန္တရာယ်ကို စိုးရိမ်ထိတ်လန့်နေရဆဲဖြစ်သည်။ အမေရိကန်စစ်သည်များနှင့် ခုခံတိုက်ခိုက်ရေးသမားများအကြား အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားစဉ် ကြားတွင်ပိတ်မိ၍ သေဆုံးရနိုင်သည့် ဘေးအန္တရာယ်ကို အရပ်သားများက စိုးရိမ်ပူပန်လျက်ရှိသည်။

အီရတ်ပြည်သူတို့သည် အာဏာရှင် ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားပေးသည့် အမေရိကန်စစ်သည်များအား ကျေးဇူးရှင်များသဖွယ် သဘောထားလိမ့်မည်ဟု မူလက ယူဆခဲ့သော်လည်း ယင်းယူဆချက်မှာ မှန်ကန်ခြင်းမရှိပုံကို အမေရိကန်စစ်သည်များ သဘောပေါက်နားလည်လာခဲ့သည်။ အမေရိကန်စစ်သည်များသည် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ပြည်တော်ပြန်ရန်အခွင့်အလမ်းများလည်း မှေးမှိန်ပျောက်ကွယ်နေကာ အိမ်ကိုလွမ်းမောသော စိတ်ကိုလည်း ခံစားနေရသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း အမေရိကန်စစ်သည်များအား ပစ်မှတ်ထားသော တိုက်ခိုက်မှုများ ပိုမိုတိုးပွားလာသည်ဟု မဆိုသာသော်လည်း ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်ပုံမှာ ပိုမို၍ ခေတ်မီလာပြီး ပိုမိုထိခိုက်လာစေကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံခြားသတင်းများ

အမေရိကန်ကြည်းတပ် အမှတ် (၅၀၂) အင်ဂျင်နီယာတပ်ဖွဲ့မှ စစ်သည်များ မြို့တော်ဘဂ္ဂဒက် အနောက်မြောက်ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာရှိ တီကရစ်မြို့အနီး တိုက်ဂရစ်မြစ်အတွင်း ဩဂုတ် ၃ ရက်က ကင်းလှည့်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်များအား ပြောက်ကျား စစ်ဆင်တိုက်ခိုက်မှု အီရတ်နိုင်ငံ အနောက်ပိုင်းတွင် ပိုမိုများပြားလာ

ရာမာဒီ ဩဂုတ် ၃

အီရတ်နိုင်ငံအနောက်ပိုင်းရှိ အမေရိကန်တပ်များအား ယမန်နေ့ည ညလုံးပေါက်နှင့် ယနေ့ နံနက်ပိုင်းအထိ ဒုံးကျည်သုံး လက်ပစ်ဗုံးများ၊ မိုင်းဗုံးထောင်မှု၊ ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်မှု စသည့် ပြောက်ကျားနည်းဖြင့် အနည်းဆုံးရှစ်ကြိမ် တိုက်ခိုက်မှုက ယူဖရေးတီးစ်မြစ်တစ်လျှောက် အတော်အတန် အေးချမ်းငြိမ်သက်မှုကို ဖြိုခွင်းပစ်လိုက်ခြင်းဖြစ်ပြီး နိုင်ငံခြားသားများအပါအဝင် ထိုပြောက်ကျားစစ်ဆင်ရေးတွင် အစ္စလမ္မစ် စစ်သွေးကြွများ ပါဝင်သည်ဟု သံသယဝင်လာကြောင်း အမေရိကန်အရာရှိများနှင့် ဌာနေဒေသခံများက ပြောဆိုကြသည်။

ကြာသပတေးနေ့က စတင်ပြီး ယနေ့နံနက်အထိ ကြာသည့် အဆိုပါ တိုက်ခိုက်မှုများတွင် အနည်းဆုံး တိုက်ခိုက်ရေးသမား လေးဦး သေဆုံးပြီး အမေရိကန်စစ်သားသုံးဦး ဒဏ်ရာရကြောင်း အမေရိကန် အမှတ်(၃) သံချပ်ကာ ယန္တရားတပ်မှ ပြောရေးဆိုခွင့်ရှိသူ တပ်ကြပ်ကြီး ကိတ်အိုဒေါ်နယ်က ပြောဆိုသည်။

အံ့အားသင့်

တိုက်ခိုက်သမားများ၏ ပြောက်ကျားစစ်အရှိန် တိုးလာခြင်းအပေါ် အမေရိကန်အရာရှိများ အံ့အားသင့်နေကြသည်။ ယနေ့တိုင်အောင် တိုက်ခိုက်မှုများမှာ ပျမ်းမျှရက်သတ္တလျှင် သုံးကြိမ် သို့မဟုတ် လေးကြိမ်ဖြစ်ပွားကြောင်း ပြောရေး ဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်းတွင် တိုက်ခိုက်မှု အပြင်းထန်ဆုံးဖြစ်သည်ကို မိမိသတိထားမိကြောင်း ၎င်းက ပြောဆိုသည်။

ဤတိုက်ခိုက်မှုများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှု ရှိ၊ မရှိ အမေရိကန်ကြည်းတပ်က ဆန်းစစ်လျက်ရှိသည်။ တိုက်ခိုက်မှုများမှာ အလျဉ်းသင့်သလိုဖြစ်နိုင်သည်။ သို့သော် တိုက်ခိုက်မှုများကို တစ်ချိန်တည်းမှာပင် ပြုလုပ်သည်ဟုလည်း သံသယရှိစရာဖြစ်သည် စသည်ဖြင့် ၎င်းက ပြောကြားလိုက်သည်။

အင်တာနက်။

မင့်စ် ဩဂုတ် ၂

အနောက်အုပ်စု နိုင်ငံများကို လူကာရှင်ကို ပြစ်တင် အထီးကျန်ဖြစ်စေရန် ပြောဆိုမှုများကို ရှုတ်ချ

ဘီလာရုစ်နိုင်ငံသမ္မတ အလက်ဇန္ဒားလူကာရှင်ကိုက အနောက်အုပ်စုကို သောကြာနေ့က ပြစ်တင်ကြိမ်းမောင်းလိုက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တို့က ၎င်းအားအထီးကျန်စေရန်အတွက် အာပေါင်အာရင်းသန်သန်ဖြင့် ပြောကြားနေမှုများကိုလည်း ရှုတ်ချပြောကြားလိုက်သည်။

ထွက်ခွာသင့်

လူကာရှင်ကိုသည် အနောက်အုပ်စုနှင့် ရုရှားနိုင်ငံတို့က နိုင်ငံရေးနှင့် စီးပွားရေးအရ ဖယ်ကြဉ်ခံထားရသူတစ်ဦးဖြစ်သည်။ အမေရိကန်ဦးဆောင်တိုက်ခိုက်သည့် အီရတ်စစ်ပွဲကို ထောက်ခံနိုင်ဖွယ်မရှိကြောင်း၊ အီရတ်ပြည်သူများ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ရေးအတွက် ပြည်ပတပ်သားများ အီရတ်နိုင်ငံမှ ထွက်ခွာသွားသင့်ကြောင်း လူကာရှင်ကိုက ပြောကြားသည်။

အမေရိကန်စစ်သားများက ဆက်ဒမ်ဟူစိန်၏ သားများကို သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းလုပ်ရပ်အပေါ် မဟာအောင်ပွဲကြီးတစ်ရပ်အဖြစ် ဂုဏ်ယူဝင့်ကြွားခဲ့ကြကြောင်း၊ မိမိတို့ မည်သို့သော အခြေအနေအထိ သိမ်ဖျင်းနေသည်ကို ကြည့်မြင်နိုင်ကြောင်း လူကာရှင်ကို၏ ဝေဖန်ပြောကြားချက်ကို ရေဒီယိုတွင် ကြေညာသည်။

ဝန်ခံ

အမေရိကန်စစ်သားများက လူများကို ဟိုတစ်ယောက် သည်တစ်ယောက် ဆိုသလို ပစ်ခတ်နေကြောင်း၊ ဆက်ဒမ်ဟူစိန်ကိုလည်း ဖမ်းမိရန် နီးစပ်နေပြီဖြစ်ကြောင်း၊ အမေရိကန်များက မှားယွင်းကြောင်း ယခု ဝန်ခံနေပြီဖြစ်ကြောင်း၊ အဘယ်ကြောင့် သတ်ဖြတ်ရသနည်း။ ဆိုဗီယက်ယူနီယံသာ ယခင်က လိုရှိခဲ့ပါက ယခုအတိုင်း ဖြစ်ပျက်နိုင်မည်လော၊ မဖြစ်နိုင်ပါဟု လူကာရှင်ကိုက ဆက်လက်ပြောကြားသည်။

ဘီလာရုစ်နိုင်ငံက အီရတ်လက်နက်ကိုင်တပ်မတော်အား လေ့ကျင့်သင်တန်းပေးပြီး လက်နက်များ ရောင်းချကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ယမန်နှစ်က ပြောကြားသည်။ လူကာရှင်ကိုက ၎င်းစွပ်စွဲချက် မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။

ခြိမ်းခြောက်

နေတိုးက ၎င်း၏တပ်သား အများအပြားကို ဘီလာရုစ်နိုင်ငံ နယ်စပ်တွင် တိုးမြှင့်ချထားခဲ့ကြောင်း၊ ယင်းကြောင့် လုံခြုံရေးအား ခြိမ်းခြောက်လျက်ရှိကြောင်း လူကာရှင်ကိုက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နီပေါနိုင်ငံ၌ ရေကြီးမြေပြို

ခတ္တမန္ဒူ ဩဂုတ် ၃

နီပေါနိုင်ငံတွင် နေရာအနှံ့အပြား၌ ဗုဒ္ဓဟူးနေ့ကတည်းက မိုးအဆက်မပြတ် ရွာသွန်းသဖြင့် မြေပြိုမှုများနှင့် ရေကြီးမှုတို့ကြောင့် အနည်းဆုံး လူ ၅၈ ဦး သေဆုံးကာ ၃၀ ကျော် ပျောက်ဆုံးနေကြောင်း နီပေါ ပြည်ထဲရေးဝန်ကြီးဌာနက သောကြာနေ့တွင် ထုတ်ပြန်သည့် သတင်းလွှာတွင် ဖော်ပြထားသည်။

နီပေါနိုင်ငံ အနောက်ပိုင်းတွင် တည်ရှိသည့် ဂေါ်ခါခရိုင်မာနာကာမာနာခရိုင်တွင် လူ ၂၂ ဦး၊ နာဝါပါရာစီခရိုင်၌ လူကိုးဦးနှင့် တာနာဟူခရိုင်တွင် ခြောက်ဦးသေဆုံးခဲ့ကြောင်း၊ နီပေါနိုင်ငံအလယ်ပိုင်း ချီကာဝန်ခရိုင်တွင် ၁၁ ဦး၊ မာကာဝမ်ပါခရိုင်တွင် ခုနစ်ဦး၊ ရူပင်ဒီဟီဘာရာနှင့် ဆီရာဟာခရိုင်များတွင် လူတစ်ဦးစီတို့ သေဆုံးခဲ့ကြောင်း သတင်းလွှာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည်အလယ်ပိုင်း ဟူဘေပြည်နယ်တွင် ယန်စီမြစ်ကို တည်ဆောက်ထားသော မြစ်ကျဉ်းသုံးသွယ်ဖြတ် ရေကာတာစီမံကိန်း၏ တည်ဆောက်ပြီးစီးသွားသော ရေထိန်းတံခါးများကို ဩဂုတ် ၃ ရက်က စမ်းသပ်မှု ပြုလုပ်စဉ်။ (ယင်းကဲ့သို့ စမ်းသပ်မှုပြုလုပ်ရာတွင် အခက်အခဲတစ်စုံတစ်ရာ တွေ့ကြုံရခြင်းမရှိဘဲ ချောမွေ့စွာလုပ်ဆောင်နိုင်ကြောင်း တွေ့ရှိရသည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

လူမှောင်ခိုမှု တရုတ်ပြည်၌ ဖော်ထုတ် လူ ၇၁ ဦးကို နယ်စပ်ရဲတပ်ဖွဲ့ ဖမ်းဆီး

ဒါလီယန် ဩဂုတ် ၃

တရုတ်ပြည်နယ်စပ် ရဲတပ်ဖွဲ့သည် လူမှောင်ခိုကူးသည့် အမှုတစ်မှုကို ကြာသပတေးနေ့တွင် ဖော်ထုတ်နိုင်ခဲ့ပြီး လူမှောင်ခိုကူးသူဟု သင်္ကာမကင်းခံရသူနှစ်ဦးအပါအဝင် လူ ၇၁ ဦးကို ဖမ်းဆီးခဲ့ကြသည်။

လူအများအပြားသည် တရုတ်ပြည်အရှေ့မြောက်ပိုင်း ဒါလီယန်ဆိပ်ကမ်းမြို့မှတစ်ဆင့် နိုင်ငံခြားသို့ ထွက်ခွာရန် စီစဉ်ထားကြသည်ဆိုသည့် သတင်းများကို လက်ခံရရှိခဲ့သည်ဟု ဒါလီယန်နယ်စပ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဒါလီယန်ရဲတပ်ဖွဲ့သည် ကြာသပတေးနေ့ နံနက် ၁ နာရီ မိနစ် ၅၀ တွင် လော်ပီယန်ကျွန်းအနီးတွင် သင်္ဘောတစ်စင်းအား ကြားဖြတ်ဟန့်တားခဲ့ရာ တရုတ်ပြည်တွင်းမှ တရားမဝင် ခိုးထွက်မည်ဟု ယူဆရသူ အမျိုးသား ၅၇ ဦးနှင့် အမျိုးသမီး ၁၂ ဦးတို့အား လူမှောင်ခိုသမားဟု သင်္ကာမကင်းခံရသူနှစ်ဦးနှင့်အတူ ဖမ်းဆီးမိခဲ့သည်။

ပဏာမ စုံစမ်းစစ်ဆေးချက်များအရ တရုတ်ပြည် အရှေ့မြောက်ပိုင်းနှင့် ဖူကျန့်ပြည်နယ်တို့မှ အများစုပါဝင်သည့် အဖမ်းခံရသူများသည် နိုင်ငံခြားတိုင်းပြည်တစ်ပြည်၌ အလုပ်အကိုင်များရှာဖွေရန် စီစဉ်ခဲ့ကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ပြည်သူများ၏ တော်လှန်တိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် ဗြိတိသျှတပ်သားများ အရှုံးနှင့် ရင်ဆိုင်ရမည်

ဒူဘိုင်း ဩဂုတ် ၃

အမေရိကန်နှင့် ဗြိတိသျှတပ်သားများသည် **အီရတ်နိုင်ငံသားများ၏ ခုခံတော်လှန်တိုက်ခိုက်မှုကြောင့် မကြာမီ အရှုံးနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဆက်ဒမ်ဟူစိန်ထံမှ ရဖွယ်ရှိသည့် စကားပြော တိပ်ခွေသစ်တွင် ပြောကြားသည့် မိန့်ခွန်းကို သောကြာနေ့က ထုတ်လွှင့်လိုက်သည်။**

ဆောင်ကြဉ်းထားပေး

မိမိတို့၏ ခံယူချက်မှာ ပြင်းထန်ပြီး အောင်မြင်မှုရရှိစေရန် ဆောင်ကြဉ်းထားပေးကြောင်း၊ ပြည်ပတပ်များ မီးစာကုန် ဆီခန်းပြီး ပြိုလဲနိုင်ဖွယ်ရှိသည့် အချိန်သို့ ရောက်ရှိနေကြောင်း အသံသွင်းတိပ်ခွေကို အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားသတင်းဌာနက ထုတ်လွှင့်ပြသသည်။ အသံရှင်မှာ ဆက်ဒမ်ဟူစိန် ၏ လေယူလေသိမ်းနှင့် တူသည်ဟုဆိုသည်။

ပြည်ပတပ်များ အနေဖြင့် အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်သားများအား ခံစားချက်နာကြည်းစွာဖြင့် တွန်းလှန်တိုက်ခိုက်မှုများနှင့် ဂုဏ်သိက္ခာရှိ အီရတ်ပြည်သူလူထုကြီးတစ်ရပ် လုံးက အီရတ်နိုင်ငံ သိမ်းပိုက်မှုကို အရေးတယူ မရှိ ပယ်ထားခြင်းကြောင့် ရှုံးနိမ့်မည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အဆိုပါ တိပ်ခွေတွင် ဖော်ပြထားသည်။

အငိုက်မိမခံနိုင်

ပြည်ချစ်သားများနှင့် ညီတော်နောင်တော်များ အနေဖြင့် စည်းကမ်းလိုက်နာပြီး စနစ်တကျနေထိုင်ခြင်းဖြင့် အငိုက်မိ မခံနိုင်ကြောင်း အဆိုပါတိပ်ခွေတွင် ပါရှိသည်။ ၎င်းတိပ်ခွေကို အသံသွင်းယူသည့် ရက်နှင့်ပတ်သက်၍ ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်ဟု ဖော်ပြထားသည်။

အချို့သော အောက်တန်းကျပြီး ဂုဏ်သိက္ခာမရှိသည့် အီရတ်နိုင်ငံသားများသည် အမေရိကန်တပ်သားများနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းဆောင်ရွက်နေကြောင်းကို အဆိုပါ အသံရှင်က ဝန်ခံပြောကြားထားသည်။ ၎င်းက အီရတ်နိုင်ငံသားများကို အမေရိကန်တပ်သားများအား အီရတ်နိုင်ငံမှ တိုက်ထုတ်ပစ်ရန် ဆော်ဩထားသည်။

အီရတ်စစ်ပွဲဖြစ်ပွားနေစဉ်အတွင်း အချို့သော ပြည်သူများသည် ချင့်ချိန်နိုင်သည့်စွမ်းအား မရှိနိုင်ဖြစ်ခဲ့ရကြပြီး ယင်းချင့်ချိန်နိုင်သည့် စွမ်းအားသည် နိုင်ငံနှင့် ပြည်သူတို့အား ကျေနပ်ရောင့်ရဲစေနိုင်မည့် တော်လှန်တိုက်ခိုက်မှုမျိုးမှသာတစ်ဆင့် ထိန်းသိမ်းဆက်ခံနိုင်စွမ်းရှိကြောင်း အသံရှင်က မိန့်ခွန်းခြွေထားသည်။

တော်လှန်တိုက်ခိုက်နေသည့် သစ္စာစောင့်သိရှိသေသူများ၏ လုပ်ရပ်များကသာ အီရတ်နိုင်ငံအား ကျူးကျော်သူများကို မောင်းထုတ်နိုင်မည်ဖြစ်ပြီး အီရတ်နိုင်ငံမှာလည်း မူရင်းအခြေအနေသို့ ပြန်လည်ဆိုက်ရောက် လာနိုင်မည်ဖြစ်ကြောင်း အဆိုပါ တိပ်ခွေက ပြောကြားထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကုလသမဂ္ဂ ရွေးကောက်ပွဲ ကျွမ်းကျင်သူအဖွဲ့ ဘဂ္ဂဒက်သို့ ရက်သတ္တပတ်ကုန်တွင် သွားမည်

ကုလသမဂ္ဂ ဩဂုတ် ၃

အနာဂတ် ရွေးကောက်ပွဲအတွက် အီရတ်ပြည်သူများ ပြင်ဆင်မှုတွင် အကူအညီပေးရန် ကုလသမဂ္ဂ ကျွမ်းကျင်သူများအဖွဲ့ တစ်ဖွဲ့သည် အီရတ်တွင် ရက်သတ္တပတ် နှစ်ပတ်ကြာ နေထိုင်ရန် ဘဂ္ဂဒက်သို့ ယခုရက်သတ္တပတ်ကုန်ပိုင်းတွင် စတင်ခရီးထွက်တော့မည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

— တွေ့ဆုံညှိနှိုင်း —

ကုလသမဂ္ဂ ကျွမ်းကျင်သူများအဖွဲ့သည် အီရတ်အုပ်ချုပ်ရေးကောင်စီ၊ အီရတ်အား သိမ်းပိုက်ထားသောသူများ၏ အာဏာပိုင်အဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် အီရတ်ရွေးကောက်ပွဲ အစီအစဉ်ကို တွေ့ဆုံညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ၎င်း၏ အစီရင်ခံစာတွင် အာမခံခဲ့သည့်အတိုင်း ကုလသမဂ္ဂ ရွေးကောက်ပွဲ အကူအညီပေးရေးဌာနခွဲမှ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ရန် စီစဉ်ခြင်းဖြစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ၎င်း၏ အစီရင်ခံစာတွင် အီရတ်အား စစ်တပ်ဖြင့် သိမ်းပိုက်ထားမှုကို အမေရိကန်အနေဖြင့် ဆောလျင်စွာ အဆုံးသတ်ရန်နှင့် အီရတ်အစိုးရသစ် ဖွဲ့စည်းရေးဆိုင်ရာ တိကျသော အချိန်သတ်မှတ်ပေးရန် တိုက်တွန်းထားသည်။

— မေတ္တာရပ်ခံထား —

အီရတ် အုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ် စတင်ပြီးနောက် ရွေးကောက်ပွဲ စတင်ကျင်းပပေးပါမည်ဟု အာမခံထားသည်။ ယင်းလုပ်ငန်းတွင် အကူအညီပေးရန်လည်း အီရတ်အုပ်ချုပ်ရေးကောင်စီက ကုလသမဂ္ဂအား မေတ္တာရပ်ခံထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် စခန်းချထားသော အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလျက် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ အိမ်ဖြူတော်ပြင်ပတွင် ဩဂုတ် ၁ ရက်က ဆန္ဒပြပွဲတစ်ရပ် ပြုလုပ်စဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

ရေခဲသေတ္တာထဲ ဝင်အိပ်သည့် ဗြိတိသျှတပ်သား ကိုယ်အပူရှိန် အလွန်အမင်းကျ၍ ဆေးရုံတင်ရ

လန်ဒန် ဩဂုတ် ၃

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ဗြိတိသျှစစ်သားတစ်ဦးသည် ပူစပ်ပူလောင်မှုဒဏ်မှ ကင်းလွတ်စေနိုင်ရန်အတွက် လမ်းဝင်လျှောက်နိုင်လောက်အောင် ကြီးမားသော ရေခဲသေတ္တာအတွင်း ဝင်ရောက်အိပ်စက်ခဲ့သဖြင့် ကိုယ်ပူရှိန် အလွန်အမင်း ကျဆင်းမှုဖြင့် ၎င်းအား ဆေးရုံတင် ကုသထားရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက်(၂၀)အရွယ်က တပ်မတော်တွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည့် ဒုတိယတပ်ကြပ်ဖြစ်သူ ဖော်ပြပါ ဗြိတိသျှစစ်သားက ခြစ်ခြစ်တောက်ပူပြင်းသည့် နွေရာသီအပူရှိန်မှ အကာအကွယ်ရှာသောအားဖြင့် အထက်ပါအတိုင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းအား ၎င်း၏ လုပ်ဖော်ကိုင်ဖက်များက ရေခဲသေတ္တာအတွင်း ဝင်ရောက်အိပ်ပျော်နေသည်ကို စိုးရိမ်ဖွယ်ရာ တွေ့ရှိခဲ့ပြီး ဆေးရုံသို့ တင်ပို့ပေးခဲ့ခြင်း ဖြစ်သည်ဟု ဒေလီမိုင်းရားသတင်းစာက ရေးသားသည်။

ကျန်းမာရေးကောင်းမွန်

အဆိုပါ စစ်သား၏ ကျန်းမာရေးအခြေအနေသည် ကောင်းမွန်စွာ ရှိနေသော်လည်း စိတ်ကသိကအောက်ဖြစ်လျက်ရှိကြောင်း တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဒေးဗစ်ကယ်လီကိစ္စ တရားရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှု ဝန်ကြီးချုပ်တိုနီဘလဲ လာရောက်အစစ်ဆေးခံရမည်

လန်ဒန် ဩဂုတ် ၃

ဇူလိုင်လ နောက်ပိုင်းတွင် အီရတ်နိုင်ငံသား လက်နက်ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီ အဆုံးစီရင်သွားမှုနှင့် ပတ်သက်သည့် တရားရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် တိုနီဘလဲက လာရောက်အစစ်အဆေးခံမည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယုံကြည်မှုမရရှိ

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် အီရတ်နိုင်ငံစစ်ပွဲနှင့် ပတ်သက်၍ ဗြိတိန်ပြည်သူလူထု၏ ယုံကြည်မှုကို မရရှိသည့် အခြေအနေနှင့် ရင်ဆိုင်လျက်ရှိသည်။ အီရတ်နိုင်ငံက အဖျက်စွမ်းအားမြင့် လက်နက်များ ပိုင်ဆိုင်သည်ဟူသော အကြောင်းပြချက်ကို ဗြိတိသျှအစိုးရက ပုံကြီးချဲ့ပြောကြားခဲ့မှုနှင့် ပတ်သက်သည့် ဘီဘီစီအသံလွှင့်ဌာန၏ သတင်းပေးပို့ချက် ဇာစ်မြစ်ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဒေါက်တာကယ်လီ သေဆုံးမှုကို လော့ဟတ်တန် ဦးစီးသည့် စုံစမ်းရေးအဖွဲ့က တိုနီဘလဲကို စတင်စစ်ဆေးမည်ဖြစ်သည်။

တိမ်းညွှတ်မည်မဟုတ်

ပဏာမ ကြားနာစစ်ဆေးမှုကို သောကြာနေ့က ပြုလုပ်ရာတွင် လော့ဟတ်တန်က ဗြိတိသျှအစိုးရနှင့် ပြည်သူ့အသံလွှင့်ဌာနအကြား လိပ်ခဲတည်းလည်းဖြစ်ခဲ့ရသည့် မပြေမလည် ငြင်းခုံကြရာတွင် မည်သည့်ဘက်မှ တိမ်းညွှတ်မည်မဟုတ်ကြောင်း အခိုင်အမာ ပြောကြားသည်။

မည်သည့် မျက်မြင်သက်သေများ ခေါ်ယူစစ်ဆေးရမည်ကို မိမိတစ်ဦးတည်း ဒိုင်ခံဆုံးဖြတ်မည်ဖြစ်ကြောင်း လော့ဟတ်တန်က ပြောကြားသည်။

အဆိုပြု

အချို့သော အဆင့်တွင် ဝန်ကြီးချုပ်တိုနီဘလဲနှင့် နိုင်ငံခြားရေးဝန်ကြီး ဂျော့ဖ်ဟွန်းတို့ကို သက်သေအထောက်အထား ပြနိုင်ရေးအတွက် ခေါ်ယူမေးမြန်းမည်ဟု အဆိုပြုကြောင်း လော့ဟတ်တန်က ပြောကြားသည်။

တိုနီဘလဲက ယင်းစုံစမ်းစစ်ဆေးရာတွင် လာရောက်အစစ်ဆေးခံရန် သဘောတူညီထားပြီး လိုအပ်ပါက သက်သေအထောက်အထား ပေးအပ်နိုင်ရန် ကာရစ်ဘီယံဒေသသို့ ရက်အားအဖြစ် သွားရောက်အနားယူမည့် ခရီးစဉ်ကိုပင် ဖျက်သိမ်းမည်ဖြစ်သည်။

စိတ်မသက်သာဖွယ်

သို့ရာတွင် အဆိုပါ စုံစမ်းစစ်ဆေးရေးအဖွဲ့က အစိုးရအဖွဲ့မှ ထိပ်တန်းခေါင်းဆောင်များကို စစ်ဆေးမည်ဖြစ်ရာ ၎င်းကိစ္စသည် လပေါင်းများစွာ ကြာမြင့်နိုင်သဖြင့် တိုနီဘလဲအဖို့ နက်နက်ရှိုင်းရှိုင်း စိတ်မသက်သာဖွယ်ရာ ဖြစ်စေနိုင်သည်။ တိုနီဘလဲနှင့် ဂျက်ဖ်ဟွန်းတို့ကဲ့သို့ ဝန်ကြီးချုပ် တိုနီဘလဲ၏ ဆက်သွယ်ရေးအကြီးအကဲ ကင့်ဘဲလ်ကိုလည်း ခေါ်ယူစစ်ဆေးမည်ဟု ဟတ်တန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



ဩဂုတ် ၂ ရက်က ဘေဂျင်းမြို့ အလုပ်သမားအားကစားကွင်းတွင် ကျင်းပသည့် တရုတ်လက်ရွေးစင်ဘောလုံးအသင်းနှင့် စပိန်နိုင်ငံမှ ရီးယဲလ်မဒရစ်အသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲတွင် ဘောလုံးကို ဆွဲပြေးလာသည့် ကမ္ဘာကျော်ဘောလုံးသမား ဇီဒန်းအား တွေ့ရစဉ်။ (ထိုပွဲတွင် ရီးယဲလ်မဒရစ်က လေးဂိုး-ဂိုးမရှိဖြင့် နိုင်သွားသည်။) *(ဓာတ်ပုံ-ဆင်ဟွာ)*

အဆုတ် အစားထိုးကုသမှု တရုတ်တွင် အောင်မြင်

ကွမ်ချောင် ဩဂုတ် ၃

တရုတ်ပြည်တောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ ဆေးရုံတစ်ရုံတွင် လွန်ခဲ့သည့် ၃၅ ရက်က အသက် (၆၂)နှစ်အရွယ် တရုတ်အမျိုးသားကြီးတစ်ဦးသည် အဆုတ်အစားထိုး ကုသမှုခံယူပြီးနောက် ပြန်လည် နာလန်ထူကျန်းမာလာကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မျိုးရိုးအမည်အားဖြင့် ‘ယန်’ဟုခေါ်သည့် အဆိုပါ လူနာသည် တရုတ်ပြည်၌ အဆုတ်အစားထိုးကုသမှုကို အောင်မြင်စွာ ပြုလုပ်ခဲ့သည့် အသက်အကြီးဆုံးအမျိုးသားဖြစ်ကြောင်း တရုတ်အင်ဂျင်နီယာရင်း အကယ်ဒမီသိပ္ပံမှ ပညာရှင်တစ်ဦးဖြစ်သူ ဇန်နင်ရှန်က ပြောကြားသည်။ ၎င်းသည် ယန်အား ခွဲစိတ်ကုသမှုကို တာဝန်ယူရသည့် သမားတော်ကြီးလည်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရှိ အမေရိကန်စစ်သည်များ နမိုးနီးယားရောဂါခံစားနေရ ရောဂါဖြစ်ပွားရသည့်အကြောင်း စုံစမ်းဖော်ထုတ်ရန် ကြိုးပမ်းနေ

ဘဂ္ဂဒက် ဩဂုတ် ၂

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များတွင် နမိုးနီးယားရောဂါ ပြင်းပြင်းထန်ထန်ခံစားရပြီး ဆေးရုံတင်ကုသရသည့် အခြေအနေများ ဖြစ်ပေါ်နေသည်။ နှစ်ဦးမှာ သေလောက်သည်အထိ ဝေဒနာခံစားခဲ့ရသည်။ ထိုကိစ္စ မည်သို့ပေါ်ပေါက်လာရသည်ကို စုံစမ်းဖော်ထုတ်နိုင်ရန် စစ်ဘက်ဆိုင်ရာများက ကြိုးပမ်းလျက်ရှိသည်။

အပြင်းအထန်ခံစား

အီရတ်ရောက် အမေရိကန်စစ်သား ၁၄ဦးမှာ နမိုးနီးယားအဆုတ်ရောင်ရောဂါ အပြင်းအထန် ခံစားနေရသည်။ အသက်ရှူကိရိယာအသုံးပြုမှ အသက်ရှုနိုင်သည့် အနေအထားရှိပြီး ရောဂါပြင်းထန်လှသဖြင့် ဒေသတွင်းမှာပင် ကုမရ၍ ပြည်ပဆေးရုံသို့ ခေါ်ထုတ်သွားခဲ့ရသည်ဟု စစ်ဘက်ဆေးမှူးချုပ်က သောကြာနေ့က ပြောကြားသည်။

ရောဂါခံစားရသူနှစ်ဦးမှာ သေဆုံးသွားသည်။ ကိုးဦးမှာ ပြန်လည်ကောင်းမွန်လာပြီး သုံးဦးမှာ ဆေးရုံတင်ထားရဆဲဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ဆိုသည်။

စေလွှတ်

အဆုတ်ရောင် နမိုးနီးယားရောဂါ ဖြစ်ပွားမှုအခြေအနေကို လေ့လာစုံစမ်းရန် အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ကျွမ်းကျင်သူအဖွဲ့ကို အီရတ်သို့ စေလွှတ်ထားသည်။ ထိုအဖွဲ့တွင် ကူးစက်ရောဂါ ကျွမ်းကျင်သူများ၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူများနှင့် မြေနမူနာ၊ ရေနမူနာနှင့် လေနမူနာ ယူမည့်သူများပါဝင်သည်။

သက်ဆိုင်ရာ အရာရှိများအနေဖြင့် ရောဂါဖြစ်ပွားစေသော တူညီသည့် အေးဂျင့်တစ်စုံတစ်ရာ မတွေ့ရဟုဆိုသည်။ ထို့အပြင် ရောဂါဖြစ်ပွားရခြင်းသည် ဓာတုဗေဒလက်နက်ကြောင့်ဖြစ်သည် သို့မဟုတ် ဇီဝဗေဒ လက်နက်ကြောင့်ဖြစ်သည်ဆိုသော အထောက်အထား ရှာမတွေ့ရသကဲ့သို့ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းနှင့်ဆားစ်ရောဂါဖြစ်စေသော လက္ခဏာများလည်း ရှာမရပါဟုဆိုသည်။

အီရတ်မှ ခေါ်ထုတ်သယ်ယူသွားသော ရောဂါသည်များကို ဂျာမနီနိုင်ငံရှိ လင်စကုဆေးရုံတွင် ကုသပေးသည်။ ထိုဆေးရုံတွင် ကျွမ်းကျင်သူနှစ်ဦး ရောက်ရှိနေပြီဖြစ်သည်။ ကျွမ်းကျင်သူအဖွဲ့ နှစ်ဖွဲ့စလုံးသည် လူနာမှတ်တမ်းများ၊ ဓာတ်ခွဲစမ်းသပ်မှုများကို စစ်ဆေးပြီး လူနာများ၊ ဆေးဝါးကုသရေးဝန်ထမ်းများနှင့်လည်း တွေ့ဆုံမေးမြန်းကြမည်ဖြစ်သည်။

ဖော်ထုတ်လေ့လာ

ကျွမ်းကျင်သူအဖွဲ့များသည် ပထဝီဒေသမတူသော နေရာများ၊ မတူညီသောတပ်ဖွဲ့များမှ ရောဂါခံစားရသူ စစ်သည်များ၏ လက္ခဏာများမှ တူညီသော အကြောင်းချင်းရာများကို ဖော်ထုတ်လေ့လာကြမည်။ စစ်သားများ ရောဂါခံစားကြရသော အချိန်များမှာလည်း မတူကြပေ။ မတ်လတွင်နှစ်ဦး၊ ဧပြီလတွင်သုံးဦး၊ မေလတွင် နှစ်ဦး၊ ဇွန်လတွင်သုံးဦးနှင့် ဇူလိုင်လတွင်လေးဦး ရောဂါခံစားခဲ့ကြရသည်။

အမှန်စင်စစ် မတ်လ ၁ ရက်နေ့မှစ၍ ရေတွက်လျှင် နမိုးနီးယားရောဂါခံစားရသူ စစ်သားလူနာပေါင်း ၁၀၀ ဦးရှိခဲ့သည်။ ၎င်းအနက် ၁၄ ဦးမှာ အထူးပြင်းထန်စွာ ခံစားရသူများဖြစ်သည်။ ပုံမှန်အားဖြင့်ဆိုလျှင် တပ်တစ်ခုလုံးတွင် ပျမ်းမျှနမိုးနီယားရောဂါ ဖြစ်ပွားနှုန်းမှာ စစ်သား ၁၀၀၀၀ လျှင် ကိုးဦးနှုန်းရှိရာ ယခုဖြစ်ပွားသော နှုန်းမှာများသည်ဟု မပြောနိုင်ပါဟုဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အိမ်နီးချင်း ဆီးရီးယားနိုင်ငံတို့အကြား ရထားပြန်လည်ပြေးဆွဲသည့် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူအုပ်ကြီးအား ဩဂုတ် ၂ ရက်က တွေ့ရစဉ်။ (အဆိုပါ ရထားသည် ဆီးရီးယားနယ်စပ်မှ အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့သို့ ပုံမှန်ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

အီရတ်မြောက်ပိုင်း၌ ရေနံပိုက်လိုင်း မီးလောင် ပိုက်လိုင်းပိတ်ရန်နှင့် မီးကိုထိန်းချုပ်ရန် ကြိုးပမ်းနေ

ဘိုင်ဂျီ (အီရတ်) ဩဂုတ် ၂

အီရတ်နိုင်ငံမြောက်ပိုင်း ဘိုင်ဂျီဒေသရှိ အကြီးဆုံးသော ရေနံချက်စက်ရုံအနီးရှိ ရေနံပိုက်လိုင်းတစ်ခုအား မီးလောင်မှု စတင်ဖြစ်ပွားပြီးသည့်နောက် ၁၂နာရီအကြာတွင် သောကြာနေ့က အရှိန်ညီးညီး တောက်လောင်ခဲ့ရကြောင်းဖြင့် အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင် အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

မီမိတို့က ရေနံပိုက်လိုင်းကို ပိတ်ပစ်ရန်နှင့် မီးကိုထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ထရူဒင်က ပြောကြားသည်။ ၎င်းမီးသည် ကြာသပတေးနေ့ ည ၁၀ နာရီဝန်းကျင်တွင် စတင်လောင်ပြီး မည်သူမည်ဝါ၏ လက်ချက်မှန်း မသိရသေးကြောင်း ပြောကြားသည်။ ယင်းဒေသ ပြည်သူများက အဆိုပါ ရေနံပိုက်လိုင်းအား တစ်စုံတစ်ဦး ကလိနေသည်ကို ကြာသပတေးနေ့ညက တွေ့လိုက်ရကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားသော်လည်း အသေးစိတ်ပြောကြားခြင်း မရှိပေ။

ယင်းမီးလောင်မှုကြောင့် အသေအပျောက်မရှိကြောင်း၊ ရေနံပိုက်လိုင်းနှင့် ရေနံချက်စက်ရုံများလည်း ထူးထူးခြားခြားပျက်စီးမှုမရှိကြောင်း ထရူဒင်က ပြောကြားသည်။

အမေရိကန် တပ်သားများသည် ရာထူးမှဖယ်ရှားခံရသည့် ဆက်ဒမ်ဟူစိန်အားရှာပုံတော်ဖွင့်ရင်း တီကရစ်မြို့မှ မြောက်ပိုင်း ကီလိုမီတာ ၂၀ ခန့်ရှိသည့် ဖော်ပြပါဒေသသို့ တစ်အုပ်တစ်မကြီး ရောက်ရှိနေခြင်းဖြစ်သည်။

အီရတ်ရေနံဝန်ကြီးဌာနနှင့် မြောက်ပိုင်း ရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းကိစ္စအကြောင်းရင်းကို စုံစမ်းလျက်ကြောင်း၊ သို့ရာတွင် ရက်တရက်သတင်းမရရှိသေးကြောင်း ပြောကြားသည်။ လွန်ခဲ့သည့် လအတွင်းက မသမာ လုယက်သောင်းကျန်းမှုများက ဘိုင်ဂျီ ရေနံစက်ရုံက အီရတ်စစ်ပွဲမဖြစ်ပွားမီ နေ့စဉ်ထုတ်သည့် ရေနံပမာဏ ၂၅၀၀၀၀၏ ၇၀ ရာခိုင်နှုန်း ထုတ်လုပ်နေမှုကို ဟန့်တားစေသည့် အနေအထားသို့ ရောက်ရှိစေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နယ်စပ်ချိုးဖောက်မှုများအဆုံးသတ်ရန် အစ္စရေးနှင့်ဟစ်ဇဘိုလာအုပ်စုအား တိုက်တွန်း

ကုလသမဂ္ဂ ဩဂုတ် ၂

နှစ်နိုင်ငံအကြား ကုလသမဂ္ဂက လျာထားသတ်မှတ်ပေးထားသည့် နယ်စပ်အား ဆိုးဆိုးရွားရွား ချိုးဖောက်မှုများ အဆုံးသတ်ကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစ္စရေးနိုင်ငံနှင့် လက်ဘနွန်မှ ဟစ်ဇဘိုလာပြောက်ကျားတို့အား ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

တညီတညွတ်တည်း

တပ်ရုပ်သိမ်းရေးမျဉ်းကြောင်းအား လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း ချိုးဖောက်မှုများနှင့် ပတ်သက်၍ အလွန်အမင်းစိုးရိမ်ပူပန်ကြောင်း လုံခြုံရေးကောင်စီက ပြောကြားပြီး၊ ယင်းချိုးဖောက်မှုများအား အဆုံးသတ်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား တိုက်တွန်းလိုက်ကြောင်း တညီတညွတ်တည်း အတည်ပြုခဲ့သည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

မျဉ်းပြာဟု တရားဝင်ခေါ်ဆိုကြသည့် တပ်ရုပ်သိမ်းရေးမျဉ်းကြောင်းကို ၂၀၀၀ ပြည့်နှစ် မေလတွင် လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းသွားပြီးနောက် အစ္စရေးနှင့် လက်ဘနွန်တို့အကြား ယာယီနယ်နိမိတ်အဖြစ် ကုလသမဂ္ဂက ရေးဆွဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၂ ရက်က ဘေဂျင်းမြို့ ဘာဒါလင်းတောရိုင်းတိရစ္ဆာန် ဥယျာဉ်တွင် လေ့ကျင့်သင်ကြားပေးထားသည့် အာဖရိက ခြင်္သေ့တစ်ကောင်နောက်သို့ ကျွဲရိုင်းတစ်ကောင် လိုက်လံဆော့ကစားနေစဉ်။

(တောရိုင်းတိရစ္ဆာန်တို့၏ ဘဝရပ်တည်နိုင်မှု စွမ်းရည်တိုးပွားစေရန် ရည်ရွယ်သည့် လေ့ကျင့်သင်ကြားပေးရေးကို ဥယျာဉ်လာပရိသတ်များအား ကြည့်ရှုခွင့်ပြုထားသည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

နိုင်ငံခြားသတင်းများ

အမေရိကန်နှင့်ဩစတြေးလျ ဆက်သွယ်သတင်းပို့မှု မအောင်မမြင်ဖြစ်၍ စဉ်းစားစရာဖြစ်နေဟုဆို

ကင်ဘာရာ ဩဂုတ် ၂

ဩစတြေးလျနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုတွင် အရင်းနှီးဆုံး မဟာမိတ်နိုင်ငံများဖြစ်သည်။ သို့သော် အယ်လ်ခိုင်ဒါ၏ လေယာဉ်အပိုင်စီးမည့် သတိပေးခြိမ်းခြောက်မှုနှင့်စပ်လျဉ်း၍ ယခုရက်သတ္တပတ်အတွင်း ဆက်သွယ်ရေး လုံးဝမအောင်မြင်မှုဖြစ်ပြီးနောက် ၎င်းတို့၏ ထောက်လှမ်းရေးသတင်းမျှဝေမှုမှာ စဉ်းစားစရာဖြစ်လာသည်ဟု အေပီကဖော်ပြလိုက်သည်။

ဩစတြေးလျနိုင်ငံ၏ အမျိုးသားလုံခြုံရေးလုပ်ငန်းများမှာ ဇာတ်မတိုက်ရသေးသော ပဒေသာပွဲကဲ့သို့ ဖြစ်နေကြောင်းဖြင့် ထိုဖြစ်ရပ်ပြနေသည်ဟု ဩစတြေးလျ နေ့စဉ်သတင်းစာ၏ ယမန်နေ့ထုတ် ခေါင်းကြီးပိုင်းတွင် ရေးသားလိုက်သည်။

ယခုရက်သတ္တပတ် စောစောပိုင်းက အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့သည် လူငါးယောက်ပါသော အဖွဲ့များဖြင့် လေယာဉ်ဆင်းခါနီး သို့မဟုတ် တက်စတွင် လေယာဉ်များကို အပိုင်စီးပြီး အဆောက်အအုံများကို ဝင်တိုက်ကာ အကြမ်းဖက်လုပ်ရပ်များကို လာမည့်ရက်အနည်းအတွင်း ပိုမိုလုပ်လာနိုင်ကြောင်း အမေရိကန်အစိုးရက သတိပေးလိုက်သည်။

ဩစတြေးလျနိုင်ငံအနေဖြင့်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုတွင် ပစ်မှတ်တစ်ခု ဖြစ်နိုင်ကြောင်းဖြင့်လည်း ထည့်သွင်းသတိပေးလိုက်သည်။

အမေရိကန်နိုင်ငံကို တိုက်ခိုက်လိုသည့်လေယာဉ်အပိုင်စီးသူများအတွက် ဩစတြေးလျနိုင်ငံကို တစ်ထောက်နားစခန်း သို့မဟုတ် ဌာနအဖြစ် အသုံးပြုသည့် တစ်ချိန်တည်းတွင် ဩစတြေးလျနိုင်ငံကို အမှန်တကယ် ပစ်မှတ်ထားမည့် ထောက်လှမ်းရေးသတင်းမရသေးဟု ပြောဆိုကာ ဩစတြေးလျနိုင်ငံက အမေရိကန်၏ အယူအဆကို ငြင်းဆိုကန့်ကွက်လိုက်သည်။

သို့သော်ဩစတြေးလျ၏ အကြောင်းကြားချက်မှာ အမေရိကန်အစိုးရထံ ရောက်ဖို့ နှစ်ရက်ကြာပြီးမှ ရောက်သည်။ ထိုသို့ ယခုရက်သတ္တပတ်အတွင်း နှစ်နိုင်ငံဆက်သွယ်ရေး လုံးဝမအောင်မြင်ခြင်းအတွက် နှစ်နိုင်ငံစလုံးမှ ထောက်လှမ်းရေးလုပ်ငန်းများအဖို့ ကသိကအောက်ဖြစ်ရသည် ဆို၏။

အင်တာနက်။

အာဖဂန်လုံခြုံရေးကဏ္ဍများ ပြုပြင်ပြောင်းလဲမည်

ကဘူး ဩဂုတ် ၂

အာဖဂန်နစ္စတန်အစိုးရသည် ကာကွယ်ရေး၊ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးအပါအဝင် လုံခြုံရေးကဏ္ဍများ၌ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်သည့် တိုးတက်ကောင်းမွန်သည့်ဆုံးဖြတ်ချက်များကို ချမှတ်ထားကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ကဘူးမြို့တွင် ကြာသပတေးနေ့က ပြောကြားသည်။

အာဖဂန်ပြည်သူများ၏ဘဝကို လုံခြုံမှုပေးနိုင်မည့် အစည်းအဝေး၌ အဆိုပါဆုံးဖြတ်ချက်များကို ရရှိခဲ့ခြင်းဖြစ်သည်ဟု လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲအပြီးတွင် သတင်းထောက်များအား ကာဇိုင်းက ပြောကြားသည်။

အာဖဂန်ပြည်သူများအနေဖြင့် မကြာမီနှစ် အနည်းငယ်အတွင်း ကိုယ့်ခြေထောက်များပေါ် ရပ်တည်နိုင်ရေးအတွက် အောင်မြင်မှုရရှိပါစေကြောင်း ၎င်းက ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လယ်တီစံသာသနာ့ရိပ်သာ ဝါတွင်းဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၃

ပုဇွန်တောင်မြို့နယ်၊ မဟာစည်ဩဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဝါတွင်းဓမ္မသဘင်(၄၅)ရက် အထူးတရားစခန်းကို ဩဂုတ်၂၇ရက် (တော်သလင်းလဆန်း၁ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ)ဖွင့်လှစ်မည်ဖြစ်သည်။ သီတင်းဥပုသ်နေ့တိုင်း မဟာစည်နာယကဆရာတော်ကြီးများက တရားဟောကြားချီးမြှင့်မည်ဖြစ်ရာ စခန်းဝင်လိုသူများနှင့်လှူဒါန်းလိုသူများ ရိပ်သာဖုန်း-၂၀၁၆၃၄သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြို့ခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ကာမ်းမမြင် လမ်းမမြင် (၄)

ခင်ညို

ဒေါ်စုကြည်အနေဖြင့် ၁၉၈၉ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့တွင် ကျရောက်သော (၄၂)နှစ်မြောက် အာဇာနည်နေ့ကို အကြောင်းပြု၍ အာဏာဖီဆန်ရေးနှင့် ထိပ်တိုက်ရင်ဆိုင်ရေး လမ်းကြောင်းကို မေးတင်နေချိန်တွင် သက်ဆိုင်ရာက ဗကပ(ယူဂျီ)ခေါင်းဆောင်များကို အချိန်မီ ထိန်းသိမ်းလိုက်နိုင်မှုမှာလည်း နိုင်ငံတော်အတွက် ကံကောင်းသည်ဟုပင် ဆိုရပေလိမ့်မည်။

အကြောင်းမှာကား ထို(၄၂)နှစ်မြောက် အာဇာနည်နေ့ကို ဗကပ(ယူဂျီ)များက ဒုတိယတော်လှန်ရေး (Second Revolution) နေ့အဖြစ် သတ်မှတ်ထားပြီး သွေးချောင်းစီးသည့် အခြေအနေတစ်ရပ် ပေါ်ပေါက်အောင် အဘက်ဘက်က ပြင်ဆင်သိုင်းဝိုင်းထားပြီးသား ဖြစ်နေ၍ပင်။

လူထုနှင့်သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့များ ထိပ်တိုက်တွေ့ပြီး ရန်းရင်းဆန်ခတ်မှုများ ဖြစ်လာခဲ့လျှင် ထိုအခွင့်အလမ်းကို ဗကပ(ယူဂျီ)များက လက်လွှတ်ခံကြမှာမဟုတ်ပေ။ မြေပေါ်၊မြေအောက်တွင်ရှိကြသည့် ဗကပများနှင့် ၎င်းတို့၏ အဆက်အနွယ်များက ထိုလုပ်ရပ်ကြီး ပြီးမြောက်အောင်မြင်သွားသည်ဆိုလျှင် တည်ဆဲတပ်မတော်အစိုးရမှာ နိုင်ငံရေးဂုဏ်သိက္ခာ ကျဆင်းသွားပြီး ပြည်သူလူထုက မုန်းတီးလာသည်နှင့်အမျှ ကြားဖြတ်အစိုးရ ထဖွဲ့နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြပေသည်။

ဒေါ်စုကြည်ကို ရဲဆေးတင်ပေးပြီး အာဏာဖီဆန်ရေးလမ်းကြောင်းပေါ် တွန်းပို့ခဲ့သည့် အကြောင်းအချက်များထဲတွင် ကာယကံရှင်ကိုယ်တိုင်က နိုင်ငံတော်အတွင်း သက်တမ်းရှည်ကြာစွာ နေထိုင်ခဲ့မှု နည်းပါးခြင်း၊ မြန်မာတို့၏ အကျင့်စရိုက်ကို သိတန်သလောက် မသိရှိခြင်း၊ ၁၉၈၈ အရေးအခင်းကာလရောက်မှ အရှိန်ရလာခဲ့သည့် မိမိ၏ထင်ပေါ်မှုကို ပုဂ္ဂိုလ်ရေးအာဃာတများဖြင့် ရှေ့တန်းတင်လာခြင်း ဆိုသည်များလည်း ပါဝင်နေသည်။ ထို့ကြောင့်လည်း ၎င်းကို အဘက်ဘက်က ဝန်းရံအသုံးချလိုသူများက အကြိုက်ဖြစ်နေတာဟု စာရေးသူ မြင်မိသည်။

မည်သို့ဖြစ်စေ လက်ဝဲအင်အားစုများ၏ ဝန်းရံတွန်းပို့ပေးခဲ့မှုကြောင့် တပ်မတော်ကိုရော၊ နိုင်ငံတော် အစိုးရကိုပါ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ခဲ့သည့် **ဒေါ်စုကြည်**သည် တပ်မတော်ကို ပြည်သူလူထုက ရွံမုန်းလာအောင် **ဖက်ဆစ်**ဟု ပယ်ပယ်နယ်နယ် ပြောခဲ့သည့်အပြင် တပ်မတော်အတွင်း သွေးကွဲအောင်လည်း လီဆယ်လုပ်ကြံမှု အမျိုးမျိုးဖြင့် သွေးထိုးလုပ်ဆောင်ပေးခဲ့သည်။ စာရေးသူ အမြင်ပြောရလျှင် **ဒေါ်စုကြည်**သည် ပါတီနိုင်ငံရေးဇာတ်ခုံပေါ်၌ ၎င်းအတွက် တစ်ပင်တိုင်မင်းသမီးနေရာ ရရှိရေးကိုသာကြည့်ပြီး တပ်မတော်ပြိုကွဲလျှင် နိုင်ငံတော်ပြိုကွဲမည်ဆိုခြင်းကို စဉ်းစားမိပုံမရခဲ့ပေ။

စာရေးသူ သိရသလောက် **ဒေါ်စုကြည်**၏ပါတီတွင်း ထင်ရာစိုင်းလုပ်ရပ်များကလည်း စိတ်ဝင်စားစရာပင်။ NLD ပါတီကို အတိုးအရင်းပေါင်းပြီး အကြွေးနှင့်သိမ်းသလို သိမ်းပိုက်ထားသည့် **ဒေါ်စုကြည်** အနေဖြင့် ဘာကိစ္စပဲလုပ်လုပ် သူတစ်ဦးတစ်ယောက်တည်း၏ ဖြစ်စေချင်သော ဆန္ဒကိုရှေ့တန်းတင် အကောင်အထည် ဖော်သွားတာချည်းပဲ ဆိုသည်ကို မည်သူမှ ငြင်းမရနိုင်ပေ။ ပါတီထောင်ကာစ အခြေအနေကဆိုလျှင် အချို့လုပ်ငန်းစဉ်များကို လက်ဝဲယိမ်းတွေ အများစုပါဝင်သည့် တတ်သိပညာရှင်အဖွဲ့များနှင့် ကြိုတင်ညှိနှိုင်း ဆွေးနွေးတိုင်ပင်ပြီးမှ အစည်းအဝေးကို တင်လေ့ရှိခဲ့သည်။

အစည်းအဝေးကျပြန်တော့လည်း သဘောမတူ တူအောင် ဝန်းရံလုပ်ဆောင်ပြီး ဆုံးဖြတ်ချက်ချသည်ကများသည်။ ထို့ကြောင့် NLD ရဲ့ CEC များမှာ **ဒေါ်စုကြည်**၏ ကြိုတင်ဆုံးဖြတ်ပြီးသော အတွေးအခေါ်များကို အတည်ပြုပေးရသည့် အဆင့်ပါပဲဟု စာရေးသူ၏ ရင်းနှီးသည့် တတ်သိအုပ်စုဝင် စာရေးဆရာတစ်ယောက်က ပြောခဲ့ဖူးသည်။ ထိုအခြေအနေကို ရဲရဲတောက် မျိုးချစ်ရဲဘော်ဟောင်းကြီးများကလည်း ဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရကြောင်းသိရသည်။

အခု စာပေအနုပညာ လောကထဲကို ပြန်လည်ဝင်ရောက် လှုပ်ရှားနေပြီဖြစ်သည့် တတ်သိအုပ်စုဝင်ဟောင်း တစ်ယောက်ကဆိုလျှင် ဤသို့ပြောခဲ့ဖူးသည်။ **အလကားပါဗျာ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အော်မယ့်သာ အော်နေကြတာပါ။ တကယ်ကြတော့ တစ်နိုင်ငံလုံးအတွက် ဒီမိုကရေစီဆိုတာကို မပြောပါနဲ့ ပါတီအတွင်း ဒီမိုကရေစီဆိုတာကိုတောင် အရိပ်အရောင်ပြနိုင်တဲ့ ပါတီမဟုတ်ပါဘူး။ တစ်ဦးတစ်ယောက်ရဲ့ လူစွမ်းကောင်းဝါဒနဲ့ စိတ်ကူးစိတ်သန်းတွေကို အကောင်အထည်ဖော်နေကြတာပါ** ဟူသတတ်။

စာရေးသူ၏ ဘကြီးနှ တောက်တစ်ခေါက်ခေါက် ဖြစ်ခဲ့ရသည့် ကိစ္စတစ်ခုရှိသေးသည်။ ၁၉၈၉ ခုနှစ် ဧပြီလဆန်းပိုင်းမှာ စာရေးသူတို့ ဘကြီးနှအပါအဝင် ဝိဓုရသခင်ချစ်မောင်၊ ဗိုလ်ကြာညွန့်၊ ဦးဘိုးသာဘောတို့ဦးဆောင်ပြီး စုစည်းထားသည့် ပါတီပေါင်း ၁၅၈ ပါတီအနေဖြင့် ပါတီပေါင်းစည်းညီညွတ်ရေးကိစ္စသွားရောက် ဆွေးနွေးစဉ်တုန်းက ဖြစ်ပျက်ခဲ့သည့်ကိစ္စ။ ဘကြီးနှ ခေါင်းဆောင်သည့် ဝါရင့်သမ္မာရင့် နိုင်ငံရေးသမားကြီးများ ရောက်လာသည် ဆိုလျှင် **ဒေါ်စုကြည်**က အဘယ်သို့ ထပြောသနည်းဆိုလျှင်.....

သူဦးဆောင်သည့် NLD ပါတီအနေဖြင့် ပေါင်းစည်း ၃၃ ပါတီကို စုစည်းထားနိုင်ပြီ ဖြစ်ကြောင်း၊ ထိုပါတီတွေကို သူ့လက်အောက်ခံ ပါတီတွေအဖြစ် သိမ်းသွင်းပြီးသားဖြစ်ကြောင်း။ ယခုကိစ္စမှာလည်း တစ်တန်းတည်းထားပြီး နိုင်ငံရေးပါတီများ ပေါင်းစည်းမယ်ဆိုလျှင် သူ့အနေဖြင့်ကတော့ ကန်တော့ဆွမ်းပါ ဆိုသည့်အကြောင်း။ သို့သော် သူစီမံသလို လိုက်နာမယ်ဆိုလျှင်တော့ လက်အောက်ခံပါတီများအဖြစ် အသိအမှတ်ပြုပါမည်ဆိုသည့် အကြောင်း၊ သူ့အနေဖြင့် အမတ်ဦးရေ ၄၅၀ အနက် ၂၅၀ ကတော့ လုံးဝသေချာပြီးသားဖြစ်ကြောင်း၊ သူ့အနေဖြင့် သီးခြားအစိုးရတစ်ခု ချက်ချင်းလက်ငင်း ထဖွဲ့လို့တောင် ရနေပြီဖြစ်ကြောင်း။ ထို့အတွက် မည်သူ့ကိုမှ အားကိုးစရာမလိုဘူး ဆိုသည့် အကြောင်း၊ ယခုအချိန်မှာ သူ့အနေဖြင့် သူ့ဖခင် (ဗိုလ်ချုပ်အောင်ဆန်း)ထက် စည်းရုံးရေးပိုကောင်းပြီး သူ့ဖခင်ထက် ပို၍အောင်မြင်နေပါပြီဟု ပြောလွှတ်လိုက်ကြောင်း။ ဤသို့ဆိုလျှင် ဘကြီးနှ တောက်ခေါက်တာ လွန်မည်မထင်။

တစ်ကိုယ်တော် လူစွမ်းကောင်းဝါဒဖြင့် အရာရာကို ထိပ်တိုက်ရင်ဆိုင်လေ့ရှိသော **ဒေါ်စုကြည်**ကို နောက်ဆုံးတွင် သက်ဆိုင်ရာက တားဆီးမိန့် ထုတ်ပြန်ရသည်အထိ ဖြစ်လာခဲ့သည်။ စာရေးသူတို့အမြင် ပြောရလျှင် သူလုပ်ခဲ့သည့် လုပ်ရပ်များနှင့် သူ့ကို အရေးယူခဲ့မှုအပိုင်း နှိုင်းယှဉ်ကြည့်လျှင် တော်တော်လေးကို သက်သက်ညှာညှာ လုပ်ခဲ့တာဟု ဆိုရလိမ့်မည်။ **ဒေါ်စုကြည်**ကို တားဆီးအရေးယူခဲ့ရသည့် နောက်ပိုင်းဖြစ်ပေါ်လာသည့် နိုင်ငံရေးအခြေအနေများက ကောင်းမွန်တိုးတက်လာသည့် အခြေအနေတော့ မဟုတ်သေးပေ။ သို့သော် တပ်မတော်အစိုးရအနေဖြင့် သဘောထားကြီးကြီးထားပေးပြီး NLD ပါတီကို ဆက်လက်စည်းရုံးခွင့် ပေးခဲ့ရှာသည်။ မတရားအသင်း ကြေညာခံရရန် အပြစ်အနာအဆာများ ပြည့်လျှံနေသော NLD ပါတီကို ဤသို့ ဆက်လက်ရှင်သန်ခွင့် ပေးခဲ့ခြင်းဖြစ်သည်။ တပ်မတော်၏ စေတနာဆိုပေမယ့် မြွေပွေးခါးပိုက်ပိုက်သလိုလည်း ဖြစ်ခဲ့ရပါသည်။ စာရေးသူအမြင်ကို ပြောခြင်းဖြစ်သည်။

၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပပေးနိုင်ခဲ့သည်။ နိုင်ငံရေးပါတီပေါင်း ၂၃၅ ပါတီ ပေါ်ပေါက်လာသည့်အနက် ၉၃ ပါတီပဲ ရွေးကောက်ပွဲဝင်နိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် ရွေးချယ်ခြင်းခံရသည့် ပါတီက ၂၇ ပါတီ၊ ထို ၂၇ ပါတီအနက် အချို့ဆိုကိုယ်စားလှယ်တစ်ဦးသာ အရွေးခံရခြင်းဖြစ်သည်။ မည်သို့ဆိုစေ၊ နိုင်ငံရေးပါတီများ ဖောင်းပွမှုအပိုင်း ပျောက်ကွယ်သွားခဲ့သည်။

NLD အနိုင်ရသောအခါ ပြည်တွင်းက နိုင်ငံရေးသမားများနှင့် ပြည်ပအနောက်အုပ်စု မီဒီယာတွေကပါ အင်မတန်မှ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီးပါဟု ကောင်းချီးဝိုင်းပေးခဲ့ကြသည်။ အကယ်၍သာ NLD ရှုံးကြည့်လိုက်လျှင် တပ်မတော်ကို တရားခံအဖြစ် လက်ညှိုးထိုးဝိုင်းအော်ကြမှာ အသေအချာပင်။ ဆူပူအုံကြွမှုများကလည်း အစီအရီပေါ်လာမှာမလွဲပေ။

ရွေးကောက်ပွဲတွင် တပ်မတော်အနေဖြင့်သာ တိတိကျကျ ကြားနေပြီး ဘက်မလိုက်ခဲ့သော်လည်း အချို့နိုင်ငံရေး အင်အားစုတွေအနေဖြင့်မူ မိမိတို့အနိုင်ရရှိရေးအတွက် မတရားသော နည်းလမ်းများ သုံးစွဲခဲ့ကြသည်။ လူအုပ်စုဖြင့် ခြိမ်းခြောက်မဲထည့်ခိုင်းတာမျိုး၊ မိမိတို့ပါတီကို မဲမထည့်လျှင် ရပ်ကွက်လိုက် မီးလောင်တိုက် သွင်းပစ်မယ်ဆိုသည်မျိုး၊ ကျေးရွာ၊ ရပ်ကွက်အဆင့် ရွေးကောက်ပွဲကော်မရှင်၌ တာဝန်ထမ်းဆောင်နေကြသူများကို အနိုင်အမျိုးမျိုးကျင့်တာတွေနှင့် အစုံဖြစ်ခဲ့ကြသည်။

ရွေးကောက်ပွဲပြီးပြန်တော့ အာဏာလွှဲပြောင်းရေး ပြဿနာပေါ်လာသည်။ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲပြီးလျှင် အခြေခံဥပဒေအရတက်လာမယ့် အစိုးရကိုသာ အာဏာလွှဲပေးမှာဖြစ်သည့်အကြောင်း အတိအလင်း ပြောခဲ့သည်ကို အားလုံးအသိပင်။ သို့သော် ရွေးကောက်ပွဲတွင် အနိုင်ရမှုကို နိုင်ငံရေးထောက်ခံမှု အများဆုံးရရှိမှုဟုယူဆပြီး အာဏာကို ဇွတ်လွှဲပြောင်းပေးဖို့ တောင်းဆိုလာကြတော့သည်။

ဤနေရာတွင် ရွေးကောက်ပွဲအနိုင်ရ ကိုယ်စားလှယ်များ၏ အခြေအနေကို ပြန်ကြည့်မည်ဆိုပါက စာရေးသူသိသမျှမှာ ရန်ကုန်မြို့ ဦးဝိစာရလမ်းတွင် နေထိုင်ခဲ့သော သူဌေးကြီးတစ်ဦးဆိုလျှင် ပါတီကြီးသုံးခုကို ရန်ပုံငွေများ ပုံအောထည့်ပြီး လွှတ်တော်ကိုယ်စားလှယ်နေရာများ ဝယ်ယူခဲ့သည်။ ဘာသာရေးအယူသီးသည့် ယင်းသူဌေးကြီးသည် ဘူးသီးတောင်၊ မောင်းတော၊ ရသေ့တောင်ဒေသများကို သီးခြားနယ်မြေအဖြစ် ခွဲထွက်ရန် ရည်ရွယ်ချက်ရှိနေသည့်သူ။ ၎င်းထည့်လိုက်သည့် ကိုယ်စားလှယ်လောင်းအချို့ ပါတီမျက်နှာဖုံးစွပ်ပြီး အနိုင်ရသွားခဲ့သည်။

အာဏာရမည်ဟု မျှော်လင့်နိုင်သည့် နိုင်ငံရေးပါတီများက အနောက်အုပ်စု သံရုံးများ၊ ပြည်ပက အနောက်အုပ်စု ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီး ဆက်ဆံလာကြပြီး အနောက်အုပ်စုကို အလွန်အကျွံ မှီခိုအားထားကြမည့်ပုံမှာ ပီပီပြင်ပြင် ထွက်ပေါ်လာသည်။ အနောက်အုပ်စုအကြိုက် လိုက်လုပ်နေသော်လည်း လက်ဝဲဝါဒီများ လွှမ်းမိုးနေသည့် ပါတီများက အာဏာရှင်စနစ်ကို ထူထောင်ရန် ကြိုးစားလာကြသည်။

တပ်မတော်(ကြည်း၊ရေ၊လေ) ကို သီးခြားစီ ခွဲထုတ်ဖွဲ့စည်း၍ တပ်ဖြိုခွဲရန်နှင့် ဒုတိယဗိုလ်မှူးကြီးနှင့် အထက်အဆင့်များကို တပ်မတော်က ထုတ်ပယ်ပြီး အချို့ကို ခုံရုံးတင်အရေးယူမည်၊ ခေါင်းဖြတ်၍ ကိုယ်ယူမည်ဆိုသော မလုပ်သင့် မလုပ်ထိုက်သည့် အစီအစဉ်များကို နိုင်ငံရေးသမားတို့ ဆွေးနွေးတိုင်ပင်လာခဲ့ကြသည်။ ကြံစည်လုပ်ဆောင်ခဲ့ကြသည်။

ရွေးကောက်ပွဲအပြီး တပ်မတော်၏ သဘောထားနှင့် NLD ပါတီ၏ သဘောထားက ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လာခဲ့သည်။ တပ်မတော်က နိုင်ငံတော်နှင့်ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားများကို အဓိကဟုပြောသည်။ NLD က အာဏာလွှဲပြောင်းပေးရေးနှင့် **ဒေါ်စုကြည်** လွတ်မြောက်ရေးက အဓိကဟုပြောသည်။ ထို့နောက် ကိုယ့်အစီအစဉ်နှင့် ကိုယ်ကြံရာမှာ လွှတ်တော်ခေါ်ပြီး သင့်သလိုအစိုးရဖွဲ့ဖို့ကြံကြသည်။ စင်ပြိုင်အစိုးရထူထောင်လိုသည့်သဘော။ သံရုံးတစ်ခုထဲဝင်၍ စစ်ပြိုင်အစိုးရ ထူထောင်ရန် ကြံစည်သူများရှိခဲ့သည်။ ဘုန်းတော်ကြီးကျောင်းထဲဝင်၍ စင်ပြိုင်အစိုးရ ထူထောင်ရန် တိုင်ပင်ကြသူများလည်း ရှိခဲ့သည်။ နယ်စပ်ဒေသ သောင်းကျန်းသူနယ်မြေသို့ ထွက်ပြေး၍ အကြမ်းဖက်သောင်းကျန်းသူများနှင့် ပူးပေါင်းပြီး စင်ပြိုင်အစိုးရ ထူထောင်ခဲ့သူများလည်း ပေါ်ပေါက်ခဲ့သည်။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းရေးကို ဦးတည်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အာဏာကို စနစ်တကျလွှဲပြောင်းပေးရန်အတွက်ပဲဆိုသည်ကို ဘာမှယုံမှားသံသယ ဖြစ်စရာအကြောင်းမရှိပေ။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် ချက်ချင်းရေးလို့ ရတန်ကောင်းသည့် အရာမှမဟုတ်။ အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုသည် အများသဘောတူဖြစ်မှသာ တည်မြဲမည်မဟုတ်ပါလော။ သို့အတွက် အမျိုးသားညီလာခံ ဆိုသည်ကို ပြင်ဆင်ခဲ့ရသည်။

အမျိုးသားညီလာခံအတွက် တပ်မတော်အနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရပြန်သည်။ မြေအောက်တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူရန် ကြိုးပမ်းခဲ့သည့်နည်းတူ မြေပေါ်နိုင်ငံရေးအင်အားစုများနှင့် ရင်ဆိုင်နေရသည့် နိုင်ငံရေးရန်ပွဲများကိုလည်း အတတ်နိုင်ဆုံး စိတ်ရှည်သည်းခံ ဆက်ဆံခဲ့ရသည်။ အင်အားစုများအားလုံး သဘောတူပြီး ခိုင်မာသည့် အခြေခံဥပဒေ ပေါ်ထွန်းရေးသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးပေါ်တွင် မူတည်နေသည်မဟုတ်ပါလော.....။

အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုတစ်ခုတည်းနှင့် လုံလောက်တာမျိုး မဟုတ်သည့်အတွက် လက်နက်ကိုင်တိုက်ပွဲများကို ဦးတည်နေပြီး အမျိုးသားလုံခြုံရေးကို ပျက်ပြားစေနိုင်သည့် မြေပေါ်နိုင်ငံရေးပဋိပက္ခများကိုလည်း ဖြေရှင်းရပြန်သည်။ ဤသည်က ပိုပြီးသိမ်မွေ့နက်နဲသည်ဟု ဆိုရလေမည်လားမသိ။ ။

(ဆက်လက်ဖော်ပြပါမည်။)

ချမ်းအေးရွှေရတုစာစောင် စာမူပိတ်ရက်

ရန်ကုန် ဩဂုတ် ၃

ဝနဝါသီတောရမှိလျက်ရှိသော ချမ်းအေးဆရာတော် အရှင်နာဂသေနာဘိဝံသ(ငါးဘွဲ့ရဓမ္မာစရိယ)အရှင်သူမြတ်၏ သက်တော် ၅၀ပြည့် "ချမ်းအေးဆရာတော် ရွှေရတုစာစောင်"စာမူများ တောင်းခံထားပြီးဖြစ်ရာ စာဆိုပညာရှင်ကြီးများအနေဖြင့် ၃၁-၈-၂၀၀၃ နောက်ဆုံးထား၍ ဝေမိုး(ကျွန်းလှ) ဖုန်း-၅၇၂၁၀၆၊ ချစ်ဦးညို ဖုန်း-၂၉၉၇၇၃၊ မြတ်ခိုင် ဖုန်း-၂၅၃၇၄၆နှင့် ဦးကြိုင်မြင့် ဖုန်း-၂၅၄၉၅၅တို့ထံသို့ အချိန်မီဆက်သွယ်ပေးပို့ကြရန် စာစောင်ဖြစ်မြောက်ရေးကော်မတီမှ နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ရင်မှာစွဲလမ်း တော်ဝင်ပန်း
- **၄:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ် (ဘောဂဗေဒ) (ခ)ဒုတိယနှစ် (မြန်မာစာ)
- **၅:၃၀** ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၃၅** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၆။ မြန်မာ့လက်သီး
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ချစ်ပန်းဝတ်ရည် (အပိုင်း-၂)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ မော်ကွန်း နဝမဆယ်စုနှစ်(အပိုင်း-၂)**
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မှန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၁၂)**
- ၂၃။ သင့်အတွက် မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

“မောင်မောင်” ခေါ်လို့ ဗျာမထူး “ဖောက်ခွဲရေးသမား” လို့ခေါ်မှ ဗျာထူးသူ

ဝင်းနိုင်

၂၀၀၃ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့ထုတ် သတင်းစာများမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်ခဲ့သူများကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိတဲ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့တဲ့သတင်းများကို စာရေးသူ ဖတ်လိုက်ရပါတယ်။ ယင်းဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းလုပ်ဆောင်ရန် ကြံရွယ်စီစဉ်ခဲ့သူများထဲမှာ စာရေးသူရဲ့သူငယ်ချင်းလည်းဖြစ်ခဲ့၊ ဝန်ထမ်းဘဝမှာလည်း အတူတူလုပ်ကိုင်ခဲ့တဲ့ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေ တစ်ယောက် ပါဝင်ခဲ့တဲ့အကြောင်း သိလိုက်ရပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲနဲ့ဆက်စပ်ပြီး သူငယ်ချင်းလူမိုက်တစ်ယောက်အကြောင်းကို ရေးဖြစ်ခဲ့တာပါ။

ဒီလိုနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အတောမသတ်တစိုက်မတ်မတ်လုပ်ဆောင်နေသူများထဲမှာ မောင်မောင်တစ်ယောက် ဘာကြောင့်ပါဝင်ခဲ့ရလဲ၊ ဘာကြောင့် အကြမ်းဖက် ဖောက်ခွဲရေး သမားတစ်ဦး ဖြစ်ခဲ့ရလဲ၊ သောင်းကျန်းသူ အဖွဲ့အစည်းများ၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းများနဲ့ ဘယ်လိုပတ်သက်နေလဲ၊ ပြည်တွင်းမှာရှိတဲ့ ဘယ်အဖွဲ့အစည်းတွေနဲ့ ဆက်နွယ်လှုပ်ရှားနေသလဲဆိုတာ စာရေးသူအနေနဲ့ ပြန်လည်ဆက်စပ်ပြီး သုံးသပ်ကြည့်မိပါတယ်။

ဘာကြောင့် ဒီလို အကြမ်းဖက်လုပ်ရပ်တွေထဲမှာ ပြည်သစ်ညွန့်ဝေ တစ်ယောက် ပါဝင်ခဲ့ရသလဲဆိုတာ ငယ်ငယ်တုန်းက ကျေးညီနောင် ဇာတ်လမ်းလိုပါပဲ။ ကျေးတစ်ကောင်က ခိုးသူထံရောက်ရှိသွားပြီး ကျန်တစ်ကောင်ကတော့ ရသေ့ထံ ရောက်ရှိသွားတဲ့အဖြစ်လိုပေါ့။ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေကတော့ ပြည်ပအားကိုးအကြမ်းဖက်အဖွဲ့များထံ ရောက်ရှိသွားတဲ့သူလိုပဲ စာရေးသူပြောရမှာပဲ။ စာရေးသူအနေနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ မကောင်းတဲ့အကြောင်းတွေကို မရေးချင်ပေမယ့် အပြစ်မဲ့ပြည်သူတွေအကြောင်းမဲ့သေကျေပျက်စီးစေဖို့ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်နေမှုများထဲမှာ သူပါဝင်နေတာကြောင့် ဒီအကြမ်းဖက်လုပ်ရပ်တွေအပေါ် မလိုလားတဲ့အတွက် သူနဲ့ပတ်သက်တာတွေ ရေးဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

မောင်မောင် (ခ) ပြည်သစ်ညွန့်ဝေဟာ ဝရမ်းပြေးတစ်ဦးဖြစ်ခဲ့ဦး သူရဲ့ဖခင်ကတော့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ဦးညွန့်ဝေဖြစ်ပါတယ်။ ဝရမ်းပြေးဟုဆိုရခြင်းကလည်း သူဟာကျွန်တော်နဲ့အတူ ၁၉၇၇ ခုနှစ်ကာလမှာ ကျောက်မျက်ရတနာ ကော်ပိုရေးရှင်းမှာ ကျောက်ရွေးအဆင့်(၁) ဝန်ထမ်းဖြင့် ဝင်ရောက်ခဲ့ပြီး ကျွန်တော်တို့နှစ်ဦး ကျောက်ရွေးအဆင့်(၁)အထိ ရာထူးတိုးမြှင့်ရရှိခဲ့ကြပါတယ်။ အဲဒီကာလက ဆူးလေဘုရားလမ်း ဗဟိုမီးသတ်အနီးမှာ သံတမန်ကုန်တိုက် ဖွင့်လှစ်ခဲ့ပြီး ကျောက်မျက်ရတနာကော်ပိုရေးရှင်းက ရတနာပစ္စည်းများ ရောင်းချခဲ့ပါတယ်။ ဒီကုန်တိုက်မှာ မောင်မောင် (ခ) ပြည်သစ်ညွန့်ဝေဟာ မန်နေဂျာတစ်ဦးဖြစ်ခဲ့ပြီး ၁၉၈၈ခုနှစ် ဆူပူမှုအရေးအခင်း ကာလအတွင်းမှာ ကုန်တိုက်ကို ခေတ္တပိတ်ခဲ့ရတဲ့အတွက် ကျောက်မျက်ရတနာများကို ပြည်သစ်ညွန့်ဝေတို့ ဦးစီးပြီး ရုံးချုပ်ကို ပြန်လည်ရွှေ့ပြောင်းသယ်ယူခဲ့ကြပါတယ်။ အဲဒီကာလ ဆူပူမှုအရေးအခင်းမှာလည်း မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေဟာ ဝေလေလေလုပ်တတ်တဲ့ဝါသနာအရ ရုံးကဝန်ထမ်းအချို့ကို စည်းရုံးပြီး ခါတော်မီအလုပ်သမားသမဂ္ဂ(ယာယီ) ဖွဲ့စည်းကာ သူ့ကိုယ်သူ ဥက္ကဋ္ဌဟုအမည်တပ်ပြီးဆူပူမှုမှာ ပါဝင်ခဲ့တာ မှတ်မိပါသေးတယ်။ ဒီနောက် မောင်မောင် တာဝန်ခံအဖြစ် ယာယီရွှေ့ပြောင်းသိမ်းဆည်းထားတဲ့ ရတနာ ပစ္စည်းများထည့်ထားတဲ့ သေတ္တာကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများမှ ဖွင့်ဖောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရတနာပစ္စည်းလေးမျိုး ပျောက်ဆုံးနေကြောင်း တွေ့ရှိခဲ့ရပြီး စစ်ဆေးခဲ့ရာမှာ မောင်မောင်မှာ အဓိကတာဝန်ရှိကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။ မောင်မောင်ဟာ အဲဒီအကျင့်စာရိတ္တနှင့်ပတ်သက်တဲ့အမှုမှာ တရားဥပဒေကိုရင်မဆိုင်ရဲဘဲ ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးတိမ်းရှောင်သွားခဲ့တဲ့ ဝရမ်းပြေး တစ်ဦးဖြစ်ပါတယ်။

ပြည်တွင်းအကြမ်းဖက်လုပ်ရပ်တွေမှာ မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေပါဝင်နေတာ အခုမှမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၉၉၇ခုနှစ် ဇွန်လ ၂၇ ရက်နေ့က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲနဲ့ ဆက်စပ်ပြီး မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေက စေလွှတ်လိုက်တဲ့ ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေလုပ်ဖို့ ပြည်တွင်းကို ဝင်ရောက်လာတဲ့ မျိုးအောင်သန့်နဲ့ ဖောက်ခွဲရေးပစ္စည်းဖြစ်တဲ့C.3 အမျိုးအစား ယမ်းပျော့ရှစ်တောင့်၊ ဒီတိုနေတာ ၁၀ ခု၊ ယမ်းကြိုးခွေများနဲ့ ဆက်စပ်ပစ္စည်းများကို လျှပ်စစ်ထမင်းပေါင်းအိုးထဲမှာ ထည့်သွင်းသိုဝှက်ပြီး ပြည်တွင်းကို ဝင်ရောက်လာစဉ် သက်ဆိုင်ရာက အချိန်မီ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပါတယ်။

ပြန်ပြောင်းလေ့လာကြည့်မယ်ဆိုရင် အဲဒီသတင်းစာရှင်းလင်းပွဲမှာ သက်ဆိုင်ရာက ရှင်းလင်းပြောကြားခဲ့ရာမှာလည်း ပြည်တွင်းဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းတွေကို ပြည်ပြေးစိန်ဝင်းနဲ့ FTUB က မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေနဲ့ လူ့ဘောင်သစ်မှ အောင်မိုးဇော်တို့အုပ်စုပဲ ဆိုတာတွေ့ရှိရပြန်ပါတယ်။ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေဟာ ၁၉၈၉ ခုနှစ်မှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး အလုပ်အကိုင်မရှိတဲ့အတွက် ဒညတအဖွဲ့ထဲကို ဝင်ရောက်ခဲ့ပါတယ်။ ဒီလိုနဲ့ ဒညတအဖွဲ့ဝင် ပြည်သိန်း(ခ) Maxwell၊ သန်းလွင်တို့နှင့်အတူ ဖောက်ခွဲဖျက်ဆီးရေး ဝဲဂယက်တွေထဲရောက်ရှိသွားတာဖြစ်ပါတယ်။ အဲဒီနောက် NCUB စိန်ဝင်းနဲ့ပေါင်းပြီးတော့ ၁၉၉၂ ခုနှစ်မှာ FTUB ကိုဖွဲ့စည်းခဲ့တယ်။ FTUB အဖွဲ့ဆိုတာကလည်း သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ ပေါင်းပြီးတော့ ပြည်တွင်းအလုပ်သမားများကိစ္စကို အကြောင်းပြပြီး နိုင်ငံခြားအဖွဲ့အစည်းများရဲ့ အထောက်အပံ့ ရန်ပုံငွေတွေရရှိဖို့၊ ကိုယ်ကျိုးစီးပွားအတွက် အဓိကထားပြီး အမည်ခံဖွဲ့စည်းခဲ့တာပဲ ဖြစ်ပါတယ်။ ဒီနောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Silom လမ်းမှာရုံးစိုက်တဲ့(AAFLI)Asian American Free Labour Institute က အမေရိကန်နိုင်ငံသား John Osolnick Jr.က အကူအညီပေးခဲ့တာဖြစ်ပါတယ်။ အဲဒီနိုင်ငံခြားသား John ကို ဆရာတင်ပြီးတော့ တစ်ဖက်ကအလုပ်သမားကိစ္စတွေကို ဗန်းပြကာ ထောက်ပံ့ငွေများ ရရှိအောင် နည်းမျိုးစုံနဲ့ အကြံဖန် လုပ်ခဲ့ကြပါတယ်။ အနောက်နိုင်ငံအဖွဲ့အစည်းအသီးသီးက တောင်းလို့ရတဲ့ငွေနဲ့ တစ်ဖက်က ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ လုပ်ပြီး စိန်ဝင်းတို့အကြိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒီနောက် မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေဟာ ၁၉၉၂ ခုနှစ်ကာလတုန်းကလည်း ဖောက်ခွဲရေးအဖွဲ့တစ်ခုဖြစ်တဲ့ Hawk အုပ်စုကို ပြန်လည်ထူထောင်နိုင်ဖို့ ကြိုးစားခဲ့တာတွေ၊ ၁၉၉၄ခုနှစ်ကလည်း KNPP အကြမ်းဖက်သောင်းကျန်းသူ အတွင်းရေးမှူးဆိုတဲ့ ရီမန်ထူးကို ဇင်းမယ်မြို့မှာ တွေ့ဆုံပြီး ဘတ်ငွေ ၅၀၀၀၀ပေးကာ ကယားပြည်နယ်အတွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေလုပ်ဖို့ ငွေပေးပြီးခိုင်းခဲ့တာတွေ ဖော်ထုတ်သိရှိခဲ့ရပါတယ်။

အဲဒီသတင်းစာရှင်းလင်းပွဲမှာ ပါရှိခဲ့ပြီး သက်ဆိုင်ရာက ဖမ်းဆီးရမိသူများရဲ့ စစ်ကြောမေးမြန်းချက်များအရလည်း ပြည်သစ်ညွန့်ဝေနဲ့ ပြည်ပြေးစိန်ဝင်းတို့က စီစဉ်စေလွှတ်လိုက်တဲ့ အမေရိကန်နိုင်ငံသား Mr.Philip Robertson ဟာ ၁၉၉၇ခုနှစ် ဇန်နဝါရီလအတွင်းက ရန်ကုန်မြို့ကို ရောက်ရှိခဲ့ပြီး မျိုးအောင်သန့်၊ မြင့်ဆွေနဲ့ မြင့်ဆွေရဲ့ဇနီးဖြစ်တဲ့ ငယ်မမသန်းတို့ရဲ့ အကူအညီနဲ့အမေရိကန်ဒေါ်လာ ၈၀၀၀ ကို ဒေါ်စုကြည်ထံပေးပို့သွားခဲ့တဲ့ကိစ္စလည်းရှိခဲ့ပါသေးတယ်။ အဲဒီဖြစ်စဉ်မှာပါတဲ့ ငယ်မမသန်း ဆိုတာကလည်း ဒေါ်စုကြည်ရဲ့ ညီမဝမ်းကွဲ တော်စပ်သူပဲ ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ် မတ်လကာလတုန်းကလည်း ပြည်သစ်ညွန့်ဝေဟာ ဗန်ကောက်မှာKNU ဒုက္ခသည်အမည်ခံပြီး ရန်ပုံငွေရရှိရေးအတွက် Refugee စတိတ်ရှိုးပွဲတစ်ခု ပြုလုပ်ရန်စီစဉ်ခဲ့ပါတယ်။ အဲ့ဒီပွဲမှာပြဖို့အတွက် **ကရင်ဒုက္ခသည်များအား နိုင်ငံတကာမှ အကူအညီပေးရန် ပြောကြားချက်** ဆိုတဲ့ အကြောင်းအရာနဲ့ ကရင်အမျိုးသမီးဝတ်စုံနဲ့ ရိုက်ကူးထားတဲ့ ဒေါ်စုကြည်ရဲ့ ကရင်အမျိုးသမီးဝတ်စုံနဲ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံခုနစ်ပုံကိုလည်း မြင့်ဆွေမှတစ်ဆင့် ရရှိခဲ့ပြီး ပြည်သစ်ညွန့်ဝေထံ ဆက်လက်ပေးပို့ခဲ့တာ တွေ့ရှိခဲ့ပါတယ်။

ဒီနောက် အကြမ်းဖက်လုပ်ရပ်တစ်ခုဖြစ်တဲ့ ၁၉၉၇ ခုနှစ် ဧပြီလအတွင်းက ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးရဲ့ နေအိမ်ကို ပါဆယ်ဗုံး ပေးပို့ဖောက်ခွဲခဲ့တဲ့ဖြစ်ရပ်မှာ ပြည်ပြေးစိန်ဝင်းနဲ့ မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေတို့က အဓိကကြိုးကိုင်ခဲ့တာဖြစ်ပြီး တကယ်လက်တွေ့ ဆောင်ရွက်သူတွေကတော့ ဂျပန်မှာရှိတဲ့ အကြမ်းဖက်သမား သိန်းငွေနဲ့ ဖောက်ခွဲရေးသမား သောမတ်(ခ)ဂုဏ်အောင်တို့ဖြစ်ကြောင်း သိရှိရပါတယ်။

အဲ့ဒါတွေအပြင် မြန်မာနိုင်ငံရဲ့ ဈေးကွက်စီးပွားရေးစနစ်အောင်မြင်မှုမရှိအောင် ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့တာတွေ၊ ပြည်တွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံခဲ့တဲ့ ပြည်ပနိုင်ငံများက အဝတ်အထည်ကုမ္ပဏီတွေကို ပြန်လည်ရုပ်သိမ်းသွားရေး ဝါဒဖြန့် ဆောင်ရွက်ခဲ့တာတွေ၊ မြန်မာနိုင်ငံ တောင်ပိုင်းဒေသမှာ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း ဆောင်ရွက်နေတဲ့ ယူနိုကယ်ရေနံကုမ္ပဏီကိုလည်း ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ဆောင်ရွက်မှုကြောင့် လူ့အခွင့်အရေး ချိုးဖောက်တယ်၊ ပတ်ဝန်းကျင်ညစ်ညမ်းထိခိုက်တယ်ဆိုပြီး တရားစွဲဆိုရန်အတွက် မမှန်သတင်းတွေပေးပြီး ဝါဒဖြန့်စွပ်စွဲ တိုင်ကြားခဲ့တာတွေ၊ ပြည်တွင်းအလုပ်သမားများနဲ့ ပတ်သက်တဲ့ လုပ်ကြံသတင်းတွေကို ဝါဒဖြန့်ပေးပို့ခဲ့တာတွေ၊ နိုင်ငံတကာက ဖိအားပေးမှုတွေ ဖြစ်ပေါ်လာစေရေး မဟုတ်မမှန် လုပ်ကြံ ဝါဒဖြန့်ခဲ့တာတွေကလည်း FTUB က ပြည်သစ်ညွန့်ဝေအဖွဲ့ရဲ့ လက်ချက်တွေပဲ ဖြစ်ပါတယ်။

ယခုလည်း မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေဟာ KNUအကြမ်းဖက်သောင်းကျန်းသူ၊ ALP ရခိုင်အကြမ်းဖက်သောင်းကျန်းသူ၊ NLD(LA) ပြည်ပြေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ABSDF ကျောင်းသားအမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့၊ DPNSစတဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်များနဲ့အတူ ပူးပေါင်းဆောင်ရွက်နေတာတွေ၊ NCUB အစည်းအဝေးတွေမှာ ပါဝင်တက်ရောက်ခဲ့တာတွေ၊ ယခုဖမ်းဆီးရမိသူတွေထဲမှာ ပါရှိတဲ့ ရွှေမန်း(ခ)ဇေယျာဦးကို ထိုင်းနိုင်ငံအတွင်းမှာ တွေ့ဆုံပြီး ပြည်တွင်းမှာ ယူဂျီလုပ်ငန်းတွေ လုပ်ဆောင်ရန်ပြုလုပ်ဖို့ ညွှန်ကြားခဲ့တာတွေ၊ ရွှေမန်းကို ဂြိုဟ်တုဆက်သွယ်ရေးတယ်လီဖုန်းတစ်လုံးပေးပြီး ပြည်တွင်းမှာ ဖြစ်ပေါ်နေမှုသတင်းများဟုဆိုကာ မဟုတ်မမှန် လုပ်ကြံဇာတ်ခင်းပြီး RFA/BBC/VOAအသံလွှင့်ဌာနတွေဆီကို ပြည်သစ်ညွန့်ဝေက စီစဉ်ပေးပို့ခဲ့တဲ့ လုပ်ရပ်တွေကို သက်ဆိုင်ရာက ဖော်ထုတ်ရရှိခဲ့ပါတယ်။ ဒီလုပ်ရပ်တွေဟာလည်း အထက်မှာ စာရေးသူဖော်ပြခဲ့တဲ့ ယခင်သတင်းစာ ရှင်းလင်းမှုမှာ ပါရှိတဲ့ဖြစ်ရပ်များနည်းတူ သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ ပြည်တွင်းက သူတို့ရဲ့ အမာခံတွေနဲ့ ဆက်နွယ်လှုပ်ရှားခဲ့တာတွေဟာ ယခင်လမ်းဟောင်းကြီး အတိုင်းပဲဖြစ်ကြောင်း တွေ့မြင်ရပါတယ်။

ဒါတွေကို ပြန်ပြောင်းလေ့လာကြည့်ရင် ယခုသတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး နောက်ပိုင်းမှာ သောင်းကျန်းသူ အဖွဲ့အစည်းများ၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းခေါင်းဆောင် အချို့က ပြည်ပမီဒီယာများနဲ့ ပူးပေါင်းပြီး ပြည်တွင်းမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်တွေအပေါ် သူတို့မလုပ်ကြောင်း ပြောင်ပြောင်တင်းတင်းပင် ဝိုင်းဝန်းလိမ်ညာ ပြောဆိုနေမှုတွေကို ပြည်ပအသံလွှင့်ဌာနအချို့က ထုတ်လွှင့်နေတာ စာရေးသူကြားသိခဲ့ရပါတယ်။ ဒါကြောင့် အတိတ်နောက်ကြောင်းအရလည်း မောင်မောင်(ခ)ပြည်သစ်ညွန့်ဝေ၊ သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းများရဲ့ မျက်မှောက်ကာလ လုပ်ရပ်များဟာ အတိတ်ကာလက ၎င်းတို့ ပူးပေါင်းလုပ်ဆောင်ခဲ့တဲ့ လမ်းကြောင်းဟောင်းအတိုင်းသာဖြစ်ကြောင်း ဆင်သေကို ဆိတ်သားရေနဲ့ဖုံးသလို သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ ဘယ်လိုပဲ ငြင်းငြင်း ရှင်းရှင်း ဘွင်းဘွင်းကြီး ပေါ်နေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်ခင်ဗျား။ ။

Cystemကွန်ပျူတာပြခန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃

Cystem computer အရောင်းပြခန်းနှင့် ဆားဗစ်စင်တာဖွင့်ပွဲကို ဇူလိုင် ၂၇ရက် နံနက်ပိုင်းက အရောင်းပြခန်းတည်ရှိရာ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းအမှတ်(၂၃)တွင်ကျင်းပရာ အရောင်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ပြခန်းကို ဈေးကွက်မန်နေဂျာ ဦးအောင်အောင်က ဖွင့်လှစ်ပေးပြီး ဧည့်သည်များအား ပြခန်းအတွင်း ပြသထားသည့် ကွန်ပျူတာနှင့်အပို ပစ္စည်းများကို ရှင်းလင်းပြသသည်။ **(အပေါ်ပုံ)** ယင်းပြခန်းတွင် ကွန်ပျူတာအမျိုးမျိုး၊ အပိုပစ္စည်းအမျိုးမျိုးတို့ကို ဖွင့်ပွဲအထိမ်းအမှတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး တနင်္ဂနွေနေ့မှအပ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ (က–ပ)

တောင်ကြီးအသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဩဂုတ် ၃

တောင်ကြီးအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဩဂုတ်၁၇ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပရန် စီစဉ်ထားသည်။

အသင်းဝင်များ၏ အသက်(၇၅)နှစ်နှင့်အထက်ရှိသော မိဘများ၊ ၂၀၀၁–၂၀၀၂၊ ၂၀၀၂–၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးအမည်စာရင်းကို ဩဂုတ်၁၂ရက် နောက်ဆုံးထား၍ ဒေါ်စဝ်သီတာထွေး ဖုန်း–၆၆၂၇၃၂၊ ဦးဉာဏ်ထူး ဖုန်း–၅၈၀၁၄၇၊ ဒေါ်စဝ်ညွန့်ကြည် ဖုန်း–၆၆၄၄၀၆နှင့် ကမ္ဘောဇသာသနာ့ဗိမာန်ဖုန်း–၃၈၁၄၃၉ တို့သို့ ဆက်သွယ်ပေးပို့ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က–ပ)

အင်္ဂလိပ်စာသင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၃

ဆရာဦးခင်မောင်ငွေ ဦးစီး၍ အင်္ဂလိပ်စာ–အင်္ဂလိပ်စကားသင်တန်းကို General English Courses-FourSkills and Grammar ၊ TOEFLသင်တန်းများ၊ အင်္ဂလိပ်စာအရေး ပညာတန်းခွဲသစ်များ၊ အင်္ဂလိပ်စကားပြောများနှင့်IELTS သင်တန်းများလည်းပုံမှန်သင်ကြားလျက်ရှိသည်။ အခြေခံပညာအထက်တန်းအဆင့်၊ ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန်နှင့် အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ လူမှုရေး အဖွဲ့အစည်း အသီးသီးမှ ဝန်ထမ်းများ၊နိုင်ငံခြား ပညာတော်သင်သွားရောက်လိုသူများ၊သံရုံး၊ကုလသမဂ္ဂရုံးများတွင် တာဝန်ထမ်းဆောင်လိုသူများအတွက် ရည်ရွယ်ပြီးပို့ချလျက်ရှိသည်။ စိတ်ပါဝင်စားသူများ အမှတ်(၂၃)၃လမ်း(၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်၊ ဖုန်း–၅၇၁၀၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းနှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၃

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီက (၅)ရပ်ကွက် လှိုင်မြစ်လမ်း ပုညသီရိအောင်ချမ်းသာကျောင်း၌ ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်(မြင့်သူရ)နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း–လမ်းမတော်)တို့က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမြင့်လွင်(မြင့်လွင်–ဂျပန်ဘာသာ)ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်ခင်အေး(ဓညဝတီခင်)ကလည်းကောင်း တင်သွင်းကြကာ အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြသည်။ (က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✪ **ရွှေဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ချုပ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လှိုင်သာယာစက်မှုမြို့ အမှတ်(၂) နေ့ကလေးထိန်းကျောင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းအဆောက်အအုံရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအံ့ကျော်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့က ကျောင်းအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များသည် နေ့ကလေးထိန်းကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မိဘဆရာ အသင်းဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ လှိုင်သာယာစက်မှုမြို့ အမှတ်(၂) နေ့ကလေးထိန်းကျောင်းနှင့် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအစီအစဉ်ကို ကျောင်းအဆောက်အအုံသစ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်က လှိုင်သာယာစက်မှုမြို့ အမှတ်(၂) နေ့ကလေးထိန်းကျောင်းနှင့် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ဘုရင့်နောင်တံတားနှင့် ပုသိမ်ကားလမ်း ဝဲ/ယာ၌ စက်မှုဇုန်များ၊ အိမ်ရာစီမံကိန်းများ ဆောင်ရွက်ရာတွင် မလွတ်ကင်းသည့် ကျေးရွာများကို ပြန်လည်နေရာချထားပေးခဲ့ကြောင်း၊ ၎င်းကျေးရွာများတွင် ကျောင်းများ၊ ဈေးများ၊ ဘုန်းကြီးကျောင်းများကို မြို့အင်္ဂါရပ်နှင့်အညီ ပြန်လည်တည်ဆောက်ပေးခဲ့ကြောင်း၊ အတွင်းပဒံနှစ်ထပ်မူလတန်းကျောင်း၊ အပြင်ပဒံနှစ်ထပ် မူလတန်းကျောင်း၊ သောင်ကြားနှစ်ထပ်မူလတန်းကျောင်း၊ သောင်ကြီးနှစ်ထပ် မူလတန်းကျောင်းများကို ပြန်လည်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ရေဥက္ကံရှိ သုံးထပ်အလယ်တန်းကျောင်း၊ ညောင်ရွာသုံးထပ်အလယ်တန်း

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းအတွက် အလှူရှင်များလှူဒါန်းသော အလှူငွေများကိုလက်ခံစဉ်။ (သတင်းစဉ်)

ကျောင်း၊ ဒိုင်စုနှစ်ထပ်မူလတန်းကျောင်းတို့ကို တည်ဆောက်လျက်ရှိပြီးမကြာမီတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

ယနေ့ဆက်လက်၍ သွားရောက်ဖွင့်လှစ်မည့် ရှမ်းချောင်းနှစ်ထပ် မူလတန်းကျောင်းသည်လည်း ပြီးစီးပြီဖြစ်၍ ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားလျက်ရှိကြောင်း။

မြို့ပြစီမံကိန်း

ယနေ့ဖွင့်လှစ်သည့် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်းသည် မြို့ပြစီမံကိန်းအရ တည်ဆောက်လျက်ရှိသည့် မေဥယျာဉ်အိမ်ရာစီမံကိန်း၊ အနော်ရထာစက်မှုဇုန်၊ မြစိမ်းရောင်စက်မှုဇုန်၊ ရွှေသံလွင် စက်မှုဇုန်နှင့် ဖြစ်ပေါ်တိုးတက်လာမည့် အခြေအနေပေါ်မူတည်ပြီး ယခုနေရာတွင် အလယ်တန်းကျောင်းအဆင့်၊ အထက်တန်းကျောင်းအဆင့် ရည်ရွယ်၍ ဤကျောင်းကို တည်ဆောက်ရခြင်းဖြစ်ကြောင်း။

ဤကျောင်းသည် သုံးထပ်ရှိ၍ စာသင်ခန်း ၂၂ခန်း၊ ခန်းမတစ်ခုပါ တည်ဆောက်ထားပြီး ကျောင်းသား ၁၀၀၀ခန့် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းအတွက် ထိုင်ခုံများ၊ ခြံစည်းရိုး၊ လမ်း၊ ရေ၊ မီး၊ ကျောင်းစောင့်နေအိမ်တို့အပြင် T.V တစ်စုံကိုလည်း တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း။

မကြာမီကဖွင့်လှစ်သည့် အမှတ်(၂) နေ့ကလေးထိန်းကျောင်းသည်လည်း ယခုဒေသတွင် ဖြစ်ပေါ်လာမည့် စက်မှုဇုန်များနှင့် လူနေရပ်ကွက်များအတွက်ရည်ရွယ်ပြီး ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုနေ့ကလေးထိန်းကျောင်းကို မကြာမီကဖွင့်လှစ်ခဲ့သည့် နေ့ကလေးထိန်းကျောင်းများအတိုင်း စနစ်တကျ တည်ဆောက် စီမံထားရှိပြီးဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် အမှတ်(၂) နေ့ကလေးထိန်းကျောင်းကို တည်ဆောက်ပေးသည့် ဝါဝါဝင်း အင်တာနေရှင်နယ် ကုမ္ပဏီကိုလည်းကောင်း၊ အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ပေးသည့် အောင်ကောင်းကျော် ကုမ္ပဏီကိုလည်းကောင်း၊ နေ့ကလေးထိန်းကျောင်းအတွက် ရန်ပုံငွေနှင့် မူလတန်းကျောင်းအတွက် သက်သာချောင်ချိရေးရန်ပုံငွေများကို လှူဒါန်း ထူထောင်ပေးသည့် အလှူရှင်များအားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း ဖြင့် ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ထွန်းက မူလတန်းကျောင်းမြေနေရာနှင့် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်အားလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဦးလှဝင်း MK Co. Ltd ကလှိုင်သာယာမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် ငွေကျပ် ၁၆သိန်းတန်ဖိုးရှိ ပလတ်စတစ်ထိုင်ခုံများကို လည်းကောင်း၊ မြန်မာတိုကီဝါကော်ပိုရေးရှင်းက ငွေကျပ် ၇၂၀၀၀၀ တန်ဖိုးရှိ တိုကီဝါ ကျောင်းသုံးခဲတံ ဒါဇင် ၆၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

တက်ရောက်လှူဒါန်း

ထို့နောက် လှိုင်သာယာ စက်မှုမြို့ အမှတ်(၂) နေ့ကလေးထိန်းကျောင်း အတွက် အလှူရှင်များဖြစ်ကြသော ရန်ကုန်တိုင်းစက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများက ငွေကျပ် သိန်း ၆၀၊ လှိုင်သာယာ စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီနှင့် ဝါဝါဝင်း အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်မှ ဦးရွှေကြိုင်တို့က ငွေကျပ် ၁၀သိန်းစီ၊ မြန်မာ-ချင်စု ကုမ္ပဏီ လီမိတက်နှင့် Fame Pharmacutical Co. Ltd မှ ဒေါက်တာခင်မောင်လွင်၊ ဧကမ္ဘာကုမ္ပဏီ လီမိတက်မှ ဒေါက်တာခင်ရွှေနှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ လီမိတက်မှ ဦးဝင်းအောင်တို့က ငွေကျပ် ငါးသိန်းစီပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) က လက်ခံသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဘင်ဟာထရေးဒင်းကုမ္ပဏီ လီမိတက်မှ ဦးကျော်အောင်၊ တိုကျိုပိုက်စက်ရုံမှ ဦးသိန်းဟန်၊ Southern Metal Industries Co,. Ltd၊ ပါရမီ ဆောက်လုပ်ရေး၊ ဗိုလ်ကြီး ကျော်ကျော်ဦး-ဒေါ်သန်းသန်းစိန် မိသားစု၊ ဦးကျော်ကျော်- ဒေါ်ခင်မေလင်း မိသားစုနှင့် ဦးစိုးမြင့်-ဒေါ်စန်းစန်းနုမိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ အောင်ကောင်းကျော် ကုမ္ပဏီမှ ဦးကျော်ဝေ-ဒေါ်ဆွေသဇင်၊ New Golden Gate 1991 Co., Ltd မှ ဦးအုန်းဆိုင်၊ United Paints Group Co.,Ltd.၊ AYN Co., မှ ဒေါ်အေးအေးသင်း၊ Strong Manufacturing Co., Ltd မှ ဦးဖေဝင်း၊ G.P ဘက်ထရီ စက်ရုံမှ ဒေါ်ရိုစီရောင် ၊ Excellence Mineral Casting Co., Ltd မှ ဦးထွန်းလှိုင်၊ Teak Farm Industries Co., Ltd မှ ဦးဇော်မျိုးကျော်၊ Excel Co., Ltd မှ ဦးယဉ်ထွေးသက်၊ Pacific Food Industries Ltd. နှင့် ရွှေမိသားစု ပရိဘောဂမှ ဦးချို တို့က ငွေကျပ်တစ်သိန်းစီပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံသည်။

လက်ခံ

ထို့နောက် အမှတ်(၄၇)အခြေခံပညာမူလတန်းကျောင်းအတွက် အလှူရှင်များဖြစ်ကြသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ငွေကျပ်ငါးသိန်း၊ ဝါဝါဝင်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဦးရွှေကြိုင်က ငွေကျပ် ၁၀သိန်း၊ မြန်မာ-ချင်စုကုမ္ပဏီလီမိတက်နှင့် အောင်ကောင်းကျော် ကုမ္ပဏီမှ ဦးကျော်ဝေ-ဒေါ်ဆွေသဇင်တို့က ငွေကျပ်ငါးသိန်းစီ၊ ဘင်ဟာထရေးဒင်း ကုမ္ပဏီလီမိတက်မှ ဦးကျော်အောင်၊ တိုကျိုပိုက်စက်ရုံမှ ဦးသိန်းဟန်၊ Southern Metal Industries Co., Ltd နှင့် ပါရမီဆောက်လုပ်ရေး တို့က ငွေကျပ်နှစ်သိန်းစီ၊ New Golden Gate 1991 Co., Ltd မှ ဦးအုန်းဆိုင်၊ United Paints Groups Co., Ltd နှင့် AYN Co., မှ ဒေါ်အေးအေးသင်းတို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်တို့က လက်ခံကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှတ်(၂) နေ့ကလေးထိန်းကျောင်းအတွက် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၂၆သိန်းကို အမှတ်(၂) နေ့ကလေးထိန်းကျောင်း အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင် အေးအားလည်းကောင်း၊ လှိုင်သာယာမြို့နယ် အမှတ်(၄၇)အခြေခံပညာ မူလတန်းကျောင်းအတွက် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၃၆သိန်းကို ကျောင်းအုပ် ဦးထွန်းဟန်အားလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်း ကျောင်း ကျောင်းအုပ်ဦးထွန်းဟန်က ကျောင်းဆောင်သစ်ဆောက်လုပ်ပေးခြင်း အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က အမှာစကား ပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရေးတွင် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံး ပညာသင်ယူနိုင်ရန်အတွက် အနှစ် (၃၀) နှစ်ရှည် စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍဟု ပြောရာတွင် ပညာရေးကဏ္ဍတွင်ပါဝင်သည့် အဆောက်အအုံများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုနည်းစနစ်၊ စစ်ဆေးမှုနည်းစနစ်များအားလုံး အကျုံးဝင်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံး ပညာသင်ယူနေသည့် လူ့ဘောင်တစ်ရပ် ဖြစ်ထွန်းရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ရေးဆွဲပြဋ္ဌာန်းထားကြောင်း၊ ထိုသို့ တစ်မျိုးသားလုံး ပညာသင်ယူနိုင်ရန်အတွက် မူလအစသည် မူလတန်းပညာရေးဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၉၉ ခုနှစ်ကစပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေးကို နှစ်စဉ်လုပ်ငန်းစဉ်ကြီးအဖြစ် ကြိုးစားဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုကြောင့် ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနှုန်းသည် သိသိသာသာတိုးတက်လာကြောင်း၊ အသက်ငါးနှစ်ပြည့်ပြီး ကလေးတိုင်း ကျောင်းနေအရွယ် သတ်မှတ်ပေးထားပါကြောင်း၊ သို့ရာတွင် ကျောင်းနေအရွယ် ကလေးတိုင်းကျောင်းနေရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် အသက်ခြောက်နှစ်မှကိုးနှစ်အထိ ကျောင်းနေအရွယ်လွန် ကလေးများကို တွေ့ရကြောင်း၊ ထိုကလေးများအတွက် သင်ရိုးညွှန်းတမ်းတစ်ခု သီးခြားအစီအစဉ်အဖြစ်ရေးဆွဲပြီး သင်ကြားနိုင်မှု အခွင့်အလမ်းကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရန်အတွက် အခြေခံအကျဆုံး ကိစ္စများကအစ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အခြေခံနှင့်အဆင့်မြင့်ကဏ္ဍ သင်ရိုးညွှန်းတမ်းများကို ကမ္ဘာ့အဆင့်နှင့်ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းထားကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်းအတွက် အလှူရှင်များက လှူဒါန်းသော အလှူငွေများကိုလက်ခံစဉ်။

(သတင်းစဉ်)

တစ်နိုင်ငံလုံး၌ထူထောင်

သင်ကြားသည့်အခါ ပိုမိုထိရောက်ထက်မြက်စေရန် မာလ်တီမီဒီယာ စာသင်ခန်းများကို တစ်နိုင်ငံလုံး၌ ထူထောင်ပေးခဲ့ကြောင်း၊ ယမန်နှစ်အထိ အခြေခံပညာ အထက်တန်းကျောင်းမှန်သမျှတွင် မာလ်တီမီဒီယာ ပလက်ဖောင်းသုံးခုတပ်ဆင်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ စည်းရုံးရှေ့ဆောင်မှု၊ ပညာရေးမိသားစုများ၏ နိုးနိုးကြားကြား ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် ပြည်သူများ၏အားတက်သရော ပူးပေါင်းပါဝင်မှုတို့ကြောင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ သတ်မှတ်ချိန်ထက်စောပြီး မာလ်တီမီဒီယာ စာသင်ခန်းများကို ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ဖွဲ့စည်းပေးနိုင်ခဲ့မှုကြောင့်လည်း အမျိုးသား ပညာရည်သည် တစ်စတစ်စ တိုးတက်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု အောက်တွင် ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှုကြောင့် ကျောင်းဆောင်သစ်များပေါ်ထွန်းလာလျက်ရှိသည့်အပြင် ရှိပြီး ကျောင်းဆောင်များ ပြုပြင်မွမ်းမံခြင်း၊ မာလ်တီမီဒီယာစာသင်ခန်းများ ဖွဲ့စည်းခြင်း အပါအဝင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးလှုပ်ရှားမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း။

ယခုကဲ့သို့နေ့ကလေးထိန်းကျောင်းနှင့် မူလတန်းကျောင်းဆောင်သစ်များ ခံ့ညားထည်ဝါစွာ ဆောက်လုပ်လှူဒါန်းခဲ့ကြသည့်အတွက် ဦးစီးဆောင်ရွက်ပေးခဲ့သည့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၊ ကျောင်းများအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းကြသည့် အလှူရှင်များအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အစီအစဉ်အရ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အစီအစဉ်ကို ကျောင်းအဆောက်အအုံသစ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေ့ဦးစွာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ဤကျောင်းနေရာတည်ရှိသည့် ရှမ်းကျောင်း ကျေးရွာသည် လှိုင်သာယာမြို့နှင့် ဘုရင့်နောင်တံတားကြီး တည်ဆောက်စဉ်က ယခုနေရာ အရှေ့ဘက်ရှိ လှိုင်မြစ်ဘေး၌ရှိသော ရွာတစ်ရွာဖြစ်ကြောင်း၊ ပြန်လည်အကွက်ချပြီး ၎င်းရွာကို ပြန်လည်နေရာချပေးခဲ့ကြောင်း။

တိုးချဲ့တည်ဆောက်

ဘုရင့်နောင်တံတားနှင့် အောင်ဇေယျတံတားသွားသည့် လမ်းကြောင်းကို ယခုမြင်တွေ့ရသည့် ပုံစံအတိုင်း တည်ဆောက်ခဲ့ရာတွင် လမ်းတစ်လျှောက် အမြင်ကောင်းစေရန် ရွာ၏ မျက်နှာစာရှိ မြေကွက်များတွင် စနစ်တကျ ပြန်လည်တည်ဆောက်စေခြင်း၊ ကျောင်းရှေ့ရှိ ယခင်ဘုန်းကြီးကျောင်းကို အသစ်တိုးချဲ့တည်ဆောက်ပေးခြင်း၊ ရပ်ကွက်အတွင်း စနစ်တကျမရှိသော ဈေးတန်းများကို ဈေးရုံများတည်ဆောက်၍ ပြန်လည်နေရာချထားပေးခြင်းနှင့် ယခုကျောင်းကိုလည်း တိုးချဲ့ အသစ်ထပ်မံတည်ဆောက်ပေးခဲ့ကြောင်း။

မူလကျောင်းဆောင်နှစ်ခုကိုလည်း ယခုကျောင်းမျက်နှာစာဖက်ကို ပြန်၍ မျက်နှာပြု တည်ဆောက်ပြုပြင်ပေးပြီး ကျောင်းဆောင်တစ်ဆောင်ကို မုန့်စားဆောင်အဖြစ် ပြုပြင်တည်ဆောက်ပေးခဲ့ကြောင်း။

ဤကျောင်း၌ ကျောင်းသား ၆၀၀ကျော်ခန့်ရှိသည့်အတွက် လိုအပ်သော ကျောင်းပရိဘောဂများ ဖြည့်တင်းပေးခဲ့သည့်အပြင် TV တစ်စုံကိုလည်း တပ်ဆင်ပေးထားကြောင်း၊ လမ်း၊ ခြံစည်းရိုး၊ ရေနှင့်မီးများ၊ ကျောင်းစောင့်နေအိမ်တို့ကို တည်ဆောက်ပေးထားကြောင်း၊ ဤကျောင်းကို တည်ဆောက်ပြုပြင်ပေးထားသည့် ကုမ္ပဏီနှင့် ကျောင်း၏ သက်သာချောင်ချိရေးအတွက် ငွေလှူဒါန်းပေးကြသည့် အလှူရှင်များအားလုံးအား ကျေးဇူးအထူးတင်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ထွန်းက မူလတန်းကျောင်းမြေနေရာနှင့် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်အား လွှဲပြောင်းပေးအပ်သည်။

အလှူငွေပေးအပ်

ထို့နောက် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း အတွက် အလှူရှင်များဖြစ်ကြသော FMI Co.Ltd က ငွေကျပ် ၁၀သိန်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကုန်စိုက်ကုမ္ပဏီလီမိတက်၊ Golden Flower Co., Ltd နှင့် ACE Co., Ltd မှ ဦးတင့်ဆန်းတို့က ငွေကျပ် ငါးသိန်းစီ၊ မြန်မာ့ရွှေသရဖူကုမ္ပဏီလီမိတက်က ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော အောင်အောင် အင်တာပရိုက်ကုမ္ပဏီလီမိတက်မှ ဦးမြတ်သင်းအောင်၊ ဘင်ဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးကျော်အောင်၊ တိုက်ချုပ်ပိုက်စက်ရုံမှ ဦးသိန်းဟန်၊ ဂရိတ်ဝေါကုမ္ပဏီ၊ Southern Metal Industries Co., Ltd နှင့်ပါရမီ ဆောက်လုပ်ရေးတို့က ငွေကျပ်နှစ်သိန်းစီ၊ New Golden Gate 1991 Co., Ltd မှဦးအုန်းဆိုင်၊ သရဖူကြာဆံစက်ရုံမှ ဦးကံထူး၊ ငွေခြသေ့် ဖိုင်ဘာဂလပ်စက်ရုံမှ ဦးတင်မောင်ရီ၊ မိုးပုလဲ နေကြာစေ့လုပ်ငန်းမှ ဦးအုန်းကြူ၊ New Way Industries Co., Ltd၊ AYN Co.,မှ ဒေါ်အေးအေးသင်းနှင့် ရှမ်းချောင်းရပ်ကွက်မှ ဦးသန်းအေး-ဒေါ်စိန်ညွန့် မိသားစုတို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က လက်ခံသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်းအတွက် အလှူရှင်များ၏ လှူဒါန်းငွေ ကျပ် ၅၂သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းချစ်အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းချစ်က ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံပညာရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတွင်း ကျောင်းနေအရွယ် ကလေးငယ်တိုင်း၏ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် ၁၀နှစ်ကျော်အတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ ယခုအခါတွင် တစ်နိုင်ငံလုံး အခြေခံပညာကျောင်းပေါင်း ၄၀၀၀၇ကျောင်း ရှိကြောင်း၊ ယခုကဲ့သို့ အခြေခံပညာ ကျောင်းပေါင်း ၄၀၀၀၇ကျောင်း ရှိသည့်အတွက် တစ်နည်းအားဖြင့် ရပ်ကွက်၊ ကျေးရွာ ငါးခုတိုင်း စာသင်ကျောင်း သုံးကျောင်းရှိသည့်သဘော ဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ လူနေရပ်ကွက်၏ နှစ်မိုင်ပတ်လည်တိုင်းတွင် အနည်းဆုံးစာသင်ကျောင်းတစ်ကျောင်း ရှိပါကြောင်း၊ ထို့ကြောင့်ကလေးသူငယ်များ ပညာသင်ကြားရေး အခွင့်အလမ်းများ ပွင့်လန်းလျက်ရှိကြောင်း။

ကျောင်းနေနှုန်းတိုးတက်

မြန်မာနိုင်ငံ၏ အမျိုးသားပညာရည်မြင့်မားရေးအနှစ်(၃၀)နှစ်ရှည်စီမံကိန်း အရ ပထမငါးနှစ် စီမံကိန်းအတွင်းတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးကို ဆောင်ရွက်နေကြောင်း၊ ထိုသို့လျာထားသတ်မှတ် ဆောင်ရွက်ပေးချက်အရ ၁၉၉၉-၂၀၀၀ပြည့်နှစ်ကစပြီး ကျောင်းနေအရွယ်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာစက်မှုမြို့ အမှတ်(၂) နေ့ကလေးထိန်းကျောင်း အဆောက်အအုံသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၈-၂၀၀၃ (တနင်္လာနေ့)

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေမွေဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၀ ၇။ ဗိုလ်မြတ်ထွန်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises For Correct Pronunciation.
- ၄:၄၅ ၄။ ရန်ကုန်တိုင်းအမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ် မွေစကြာဝတ်ရွတ်ပြိုင်ပွဲ (ဒုတိယဆု)အထက-၁၊သန်လျင် (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ တေးဂီတအစီအစဉ်
- ၅:၂၅ ၇။ **အမေ့အိမ်အမေ့အရိပ် (ဖျိုက်၊ ညီကျော်၊တင်တင်လှ၊ ခင်သန်းနွယ်) (ဒါရိုက်တာ-မောင်နှင်းမိုး) (ကရင်ဘာသာစကားဖြင့်)**
- ၅:၃၅ ၈။ အကပဒေသာ
- ၅:၄၅ ၉။ အတီးပြိုင်ပွဲ
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆:၁၅ ၁၁။ Discovery
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success In Soccer.
- ၇:၁၀ ၁၅။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း (ဒုတိယဆယ်စုပိုင်း) (အပိုင်း-၁)**
- ၇:၂၅ ၁၆။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇:၃၅ ၁၇။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၈။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာ" (အပိုင်း-၁၆)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက္ကသိုလ် ကက်သလစ်လူငယ်တမန်တော်လုပ်ငန်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် မိဘများအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

➪ **ကျေးဇူးရှင်မှ**

သင်၏ မိဘကို ရိုသေစွာပြုလော့” ဆိုသည့် ပညတ်တော်ကို ထည့်သွင်းပညတ်တော်မူခဲ့သည်ကိုတွေ့ရကြောင်း။

ဤပညတ်တော်ကို ဦးထိပ်ပန်ဆင်ပြီး ကျေးဇူးကြီးမာလှသော မိခင်ဖခင်များကို ရိုသေစွာပြုစုကြရန်၊ မိဘ၏ အဆုံးအမကို လေးစားနာယူလိုက်နာကြရန်ဆိုသည့် သွန်သင်ညွှန်ပြမှုများကို ခရစ်ယာန်ဘာသာ စာပေကျမ်းဂန်များတွင် အစဉ်တစိုက် ဖော်ပြလမ်းညွှန်ထားသည်ကိုလည်း တွေ့ရကြောင်း။

ဤဘာသာရေး အဆုံးအမများကို နာယူလိုက်နာပြီး ယခုကဲ့သို့ မိခင်၊ ဖခင်များအား ဂုဏ်ပြုပွဲကြီးကို ကျင်းပကြသော ကက်သလစ်လူငယ် တမန်တော်လုပ်ငန်းအဖွဲ့ဝင်များသည် မိဘကို ရိုသေမြတ်နိုးသော သားကောင်း သမီးမွန်များဘဝကို ခံယူလိုက်ခြင်းဖြစ်သည့်အတွက် လိမ္မာယဉ်ကျေးပြီး တာဝန်သိတတ်သော နိုင်ငံသူ၊ နိုင်ငံသားများဖြစ်လာရုံမျှမက လူ့ဘောင်အဖွဲ့အစည်း၏အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်နိုင်မည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများလည်း ဖြစ်လာကြမည် အမှန်ပင်ဖြစ်ကြောင်း။

မွန်မြတ်သောစွမ်းဆောင်ချက်

ကက်သလစ် လူငယ်တမန်တော်လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကိုယ်တိုင်သာမက လူငယ်များအားလုံးကို လူကြီးမိဘများအား ရိုသေလေးစားမှုပြုကြရန် လူကြီးမိဘစကားကို နာယူခြင်းအားဖြင့် လိမ္မာရေးခြား ရှိလာစေရန်၊ ဘာသာတရားကိုင်းရှိုင်းပြီး မကောင်းမှုဒုစရိုက်များမှ ရှောင်ကြဉ်လာကြစေရန် လူငယ်များစိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား မြင့်မားခိုင်ကျည်လာစေရန်ဆိုသည့် မွန်မြတ်သော တရားများကို အဘက်ဘက်က အားပေးမြှင့်တင် လုပ်ဆောင်နေကြခြင်းသည်လည်း အလွန်မွန်မြတ်သော စွမ်းဆောင်ချက်များပင် ဖြစ်သည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း။

မြန်မာမှုနယ်ပယ်တွင်လည်း မိဘ၏ ဂုဏ်ကျေးဇူးကို မြင်းမိုရ်တောင်ထက်ပင်ကြီးမြတ်သည်ဟု တင်စားဂုဏ်ပြုကြသည့်အပြင် မိခင်၊ဖခင်တို့သည် သား၊ သမီးများကို လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမပဲ့ပြင်ပေးကြသော လက်ဦးဆရာများဖြစ်သည်ဟု မှတ်ယူကြသည့်အလျောက် မိဘများကို အနန္တောအနန္တ ငါးပါးဂိုဏ်းဝင် ကျေးဇူးရှင်များအဖြစ် ကြည်ညိုပူဇော်လေ့ရှိကြကြောင်း။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် မိသားစုများကို အခြေခံထား ဖွဲ့စည်းဖြစ်တည်နေခြင်း ဖြစ်သည့်အတွက် မိသားစုကို ဦးစီးဦးဆောင်ပြုသွန်သင်ဆုံးမ ပဲ့ပြင်ထိန်းကျောင်းပေးနေသော အမိနှင့်အဖတို့သည် မိမိတို့၏ သား၊ သမီးများမှတစ်ဆင့် လူ့ဘောင်အဖွဲ့အစည်း၏ ကောင်းကျိုးကို ဖန်တီးဖော်ဆောင်ပေးနိုင်စွမ်း ရှိကြကြောင်း။

ထို့ကြောင့် မိဘတိုင်း မိဘတိုင်းက မိမိတို့၏ သား၊ သမီးတိုင်းကို လိမ္မာရေးခြားရှိစေရန်၊ လူ့ဘောင်အဖွဲ့အစည်းအပေါ် တာဝန်သိတတ်စေရန် ပညာတတ်မြောက်စေရန်၊ မိမိယုံကြည်ကိုးကွယ်သော ဘာသာတရား၏ အဆုံးအမနှင့်ညီညွတ်စွာ နေထိုင်ကျင့်ကြံနိုင်စေရန်၊ ကိုယ်၏ ကြံ့ခိုင်ခြင်း၊ စိတ်၏ကြံ့ခိုင်ခြင်းတို့နှင့် ပြည့်စုံစေရန် စသည်ဖြင့် သွန်သင်ဆုံးမ လေ့ကျင့်သင်ကြားပေးနိုင်သည်နှင့်အမျှ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားအောင် စွမ်းဆောင်ပေးကြမည့် နိုင်ငံသူ၊ နိုင်ငံသား သားကောင်းသမီးမွန်များ စဉ်ဆက်မပြတ် တိုးပွားပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ဤကဲ့သို့မိဘ၏ ဦးစီးဦးဆောင်မှု ကောင်းသော မိသားစုများ တိုးပွားများပြားလာသည်နှင့်အမျှ ရပ်ကွက်ကျေးရွာအဆင့်မှအစ ကောင်းမွန်သော ခေါင်းဆောင်မှုနှင့်ပြည့်စုံပြီး၊ကောင်းမွန်မှန်ကန်စွာ လမ်းညွှန်မှုပေးနိုင်သော ခေါင်းဆောင်ကောင်းများ ဦးဆောင်သည့် နိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း။

ဆီလျော်ညီညွတ်

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများကို တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးတတ်စေရန်၊ မိမိတိုင်းပြည်အပေါ် သစ္စာရှိစေရန်၊ ဘာသာတရား၏ သွန်သင်ဆုံးမမှုနှင့်တကွ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းရန်၊ စည်းလုံးခြင်း၊ညီညွတ်ခြင်း၊ တရားမျှတခြင်း၊လွတ်လပ်ခြင်းဆိုသော အမွန်အမြတ်တရားများကို လေးစားလိုက်နာကျင့်သုံးကြစေရန် သွန်သင်ဆုံးမပေးခြင်းသည် ဘာသာတရား၏ ကောင်းမြတ်သော အဆုံးအမများနှင့် ဆီလျော်ညီညွတ်သကဲ့သို့ မိမိတိုင်းပြည်၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးရာလည်း ရောက်ပါသည်ဟု ပြောကြားလိုကြောင်း။

သားသမီးများအနေဖြင့်လည်း မိဘတို့အပေါ် အစဉ်ချစ်မြတ်နိုးခြင်း၊ လေးစားခြင်း၊ ကျေးဇူးတရား သိတတ်ခြင်း၊ သွန်သင်ဆုံးမမှုများကို နာယူလိုက်နာခြင်း၊ အသက်အရွယ်ကြီးရင့်လာသော မိဘများကို ထောက်ပံ့ကျွေးမွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်း စသည့် မိမိတို့ ပြုဖွယ်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ခြင်းအားဖြင့် မိဘတို့၏ မွေးကျေးဇူး၊ ကျွေးကျေးဇူးများကို ပြန်လည်ပေးဆပ်ကြရမည် ဖြစ်ကြောင်း။

မိဘကို လုပ်ကျွေးပြုစုသောသူသည် အသက်ရှည်ခြင်း၊အနာကင်းခြင်း၊ပစ္စည်းဥစ္စာကုံလုံကြွယ်ဝခြင်း စသည့် ကောင်းကျိုးချမ်းသာ မင်္ဂလာတရားများနှင့် ပြည့်စုံနိုင်သကဲ့သို့ ကြုံတွေ့ရဖွယ်ရှိသော ဘေးဒုက္ခအန္တရာယ်အပေါင်းမှလည်း လွတ်ကင်းစေနိုင်သည်ဟု ဘာသာတရားတိုင်းက တညီတညွတ်

တက္ကသိုလ် ကက်သလစ်လူငယ် တမန်တော်လုပ်ငန်း (ရန်ကုန်)၏ (၁၄)ကြိမ်မြောက် မိဘများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် လူငယ်တာဝန်ခံဘုန်းတော်ကြီး အက်ဒွင်ဒေးဗစ်က ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တည်း သွန်သင်ညွှန်ပြ ဆုံးမထားကြသည်ကို တွေ့နိုင်ကြောင်း။

အပြုသဘောတိုးပွား

လက်တွေ့ဘဝတွင်လည်း မိဘကို ရိုသေလုပ်ကျွေးသောအားဖြင့် မိမိတို့၏ မိသားစုဘဝကို ပိုမိုခင်တွယ်ပြီး စည်းလုံးမှုရှိလာမည်ဖြစ်သကဲ့သို့ မိမိပါဝင်သောလူ့ဘောင်အဖွဲ့အစည်း၏ ကောင်းကျိုးချမ်းသာကိုသာ လိုလားသော အပြုသဘော စိတ်ထားများ လူငယ်များအကြားတွင် တိုးပွားရှင်သန်ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်း။

လူသားတို့ ယုံကြည်ကိုးကွယ်ဆည်းကပ်နေကြသော ဘာသာတရားအားလုံးသည် လူငယ်များကို ကိုယ်ကျင့်တရားကောင်းမွန်လာစေရန်၊ အမွန်အမြတ်တရားများကိုသာ လိုက်နာကျင့်ကြံကြစေရန်နှင့် လူကြီးမိဘများ၏ ဆိုဆုံးမစကားကို မြဲမြံစွာလိုက်နာကျင့်ကြံကြရန် လမ်းမှန်ကို ညွှန်ပြကြစမြဲပင်ဖြစ်ကြောင်း၊ မိဘ၏ မေတ္တာရိပ်ကို ခိုလှုံကြရခြင်းသည် မည်သည့်အရိပ်နှင့်မျှမတူ အလွန်အေးမြချမ်းသာမှုကို ရရှိခံစားကြရမည် အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံ့အကျိုးပြု

ထို့ကြောင့် မည်သည့်ဘာသာတရားကို ကိုးကွယ်သည်ဖြစ်စေ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ မွန်မြတ်သော ညွှန်ပြဆုံးမမှုများကို စစ်မှန်စွာ လိုက်နာကျင့်ကြံကြသော လူငယ်တိုင်းသည် တာဝန်သိတတ်သော၊ ကိုယ်ကျင့်တရား မြင့်မြတ်ခိုင်ကျည်သော၊ တိုင်းကျိုးပြည်ကျိုးဆောင် စိတ်ဓာတ်ပြင်းပြသော၊ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အမွန်အမြတ်တရားများကိုသာ လိုလားသော နိုင်ငံ့အကျိုးပြုလူငယ်သားကောင်း၊ သမီးမွန်များဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသော ခရစ်ယာန်လူငယ်များအနေဖြင့်လည်း တိုင်းပြည်အကျိုးဆုတ်ယုတ်အောင် ပြုလုပ်သော အဖျက်သဘောနှင့် မိမိတိုင်းပြည်၊ မိမိလူမျိုးတိုးတက်ကြီးပွားအောင် ကြံဆောင်ကြိုးပမ်းသော အပြုသဘောတို့ကို အမှားအမှန် ဝေဖန်ပိုင်းခြားသိမြင်ပြီး ဘာသာတရားအဆုံးအမများက သွန်သင်ညွှန်ပြထားသော အမွန်အမြတ်တရားများနှင့်အညီ မိမိနိုင်ငံ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်စေရအောင်၊ အမိနိုင်ငံတော်ကြီး အေးချမ်းပြီး သာယာဝပြောစေရအောင်၊ ပြည်ထောင်စုကြီးတစ်ရပ်လုံးကို မေတ္တာတရားဖြင့် လွှမ်းခြုံနိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု လူငယ်များကို တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာဝပြောစေရန်၊ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲပြီး မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို တက်ညီလက်ညီ ကြိုးပမ်းဖော်ဆောင်နိုင်ကြစေရန် အားထုတ်ကြိုးပမ်းဆောင်ရွက်နေသော အချိန်ကာလဖြစ်ကြောင်း။

မိသားစုတစ်ခုတည်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မိသားစုတစ်စုသဖွယ်ပင် ဖြစ်ကြောင်း၊ ဤပြည်ထောင်စုထဲတွင် နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် လူမျိုးမရွေး၊ ဘာသာမရွေး မိသားစုတစ်ခုတည်းဖြစ်ပြီး နိုင်ငံတော်အစိုးရသည် ဤမိသားစု၏ မိဘအရာဖြစ်ကြောင်း၊ မိဘ၏အရိပ်အောက်တွင် ဤမိသားစုသည် ရင်းနှီးချစ်ကြည်စွာ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ မရှိအတူ ရှိအတူ အေးအတူပူအမျှ နေထိုင်ကျင့်ကြံ အားထုတ်ကြမည်ဆိုလျှင် အလွန်သာယာချမ်းမြေ့ဖွယ်ကောင်းသော အိမ်ထောင်စုကြီးဖြစ်ပေါ်လာမှာပင်ဖြစ်ကြောင်း၊ ဤသို့အခြေအနေမျိုး ဖန်တီးထားနိုင်မည်ဆိုလျှင် ပြင်ပ၏ နှောင့်ယှက်မှု၊ မကောင်းကြံရွယ်မှုများသည်လည်း တစ်ဖြည်းဖြည်းကွယ်ပျောက်သွားမည် အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဤကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် ကက်သလစ်လူငယ်တမန်တော် လုပ်ငန်းအနေဖြင့် လူငယ်လူရွယ်များကို မွန်မြတ်သော ဘာသာတရား အဆုံးအမများနှင့်အညီ လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ကျင့်ကြံအားထုတ်နေကြခြင်းသည် ယနေ့ကြိုးပမ်းနေသည့် နိုင်ငံတော်၏ မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်ပြီး တည်ငြိမ်အေးချမ်းသာယာသော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် များစွာအထောက်အကူဖြစ်စေပါသည်ဟု ပြောကြားလိုကြောင်း။

ခရစ်ယာန်ဘာသာဝင် လူငယ်များအနေဖြင့်လည်း ယခုကဲ့သို့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်များကို နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုပူဇော်ကြသော အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ရင်း မိမိတို့ ခရစ်ယာန်ဘာသာဝင် အချင်းချင်း ချစ်ကြည်ရင်းနှီး နားလည်လေးစားကြသကဲ့သို့ အခြားသော ဘာသာဝင်များနှင့်လည်း ချစ်ကြည်ရင်းနှီး နားလည်လေးစားစွာဖြင့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ သည်ပိုး စွမ်းဆောင်ပေးနိုင်ကြပါစေဟုလည်း ဆန္ဒပြုလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိခင်နှင့် ဖခင်များကို ပူဇော်ဂုဏ်ပြုသော် မင်္ဂလာအခါ သမယတွင်–

- **မိမိတို့ကို ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြသော ကျေးဇူးရှင် မိဘနှစ်ပါးအပါအဝင် တစ်နိုင်ငံလုံး၌ရှိသော မိဘများ၊ တိုင်းသူပြည်သားများအားလုံး ကျန်းမာချမ်းသာပြီး ဘေးဘယာ ဝေးကွာကြပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုနိုင်ကြပါစေ၊**
- **လူငယ်များအနေဖြင့် မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရားနှင့် မိဘ၊ ဆရာတို့၏ သွန်သင်ဆုံးမ လမ်းမှန်ညွှန်ပြမှုများကို လေးစားနာယူ လိုက်နာပြီး နိုင်ငံတော်အတွင်း အပြုသဘောဆောင်သော အမွန်အမြတ်တရားများ လွှမ်းခြုံဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြပါစေ၊**
- **မိဘများ၏ ကောင်းမွန်မှန်ကန်သော ဦးဆောင်မှုအောက်တွင် သာယာချမ်းမြေ့နှစ်လိုဖွယ်မိသားစုများကို ဖန်တီးဖော်ဆောင်ခြင်းအားဖြင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးကို တည်ဆောက်သွားနိုင်ကြပါစေ**

ဟု ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဂါရဝပြုလက်ဆောင်ပေး

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား တက္ကသိုလ်ကက်သလစ်လူငယ်တမန်တော်လုပ်ငန်း(ရန်ကုန်) ဥက္ကဋ္ဌက ဂါရဝပြုလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ လူငယ်တာဝန်ခံဘုန်းတော်ကြီး အက်ဒွင်ဒေးဗစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မိဘများအား ဂုဏ်ပြုသီချင်းပြိုင်ပွဲတွင် ဆုရရှိခဲ့သော သာသနာရေးအဖွဲ့များမှ လူငယ်များက ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသော မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)



အောင်မြင်စာပေ အမှတ်(၁) အောင်ဘာလေလမ်း တာမွေ ရန်ကုန်မြို့ ဖုန်း–၅၄၁၇၄၅ က ထုတ်ဝေသော Aung Myint (M.E, Australia) ၏ C++Complete Vol;3 စာအုပ်မျက်နှာဖုံး။ (က–ပ)

မြောက်တိုင်းလည်း မကြောက်နဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ဟုမ္မလင်းလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❍ ဟုမ္မလင်းလေဆိပ်မှ

ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထင်အောင်ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အားပေးချီးမြှင့်

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဟုမ္မလင်းလေဆိပ် လေယာဉ်ပြေးလမ်း၌ ကျင်းပသည့် ဟုမ္မလင်းလေဆိပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ဟုမ္မလင်းလေဆိပ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဟုမ္မလင်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၈ ခုမှ ဒေသခံပြည်သူများ၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့ ဟုမ္မလင်းလေဆိပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ဘင်ခရာ ပန်းဖွား၊ ကဗျာလွတ် အကအဖွဲ့များ တက်ရောက်ကြသည်။

ဟုမ္မလင်းလေဆိပ်ဖွင့်ပွဲတွင် ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများဖြစ်ကြသည့် ဒေါ်နွဲ့နွဲ့ရီနှင့် ဒေါ်ကေသီအေးတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က ဟုမ္မလင်းလေဆိပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ မင်္ဂလာမဏ္ဍပ်၌ ဟုမ္မလင်းလေဆိပ်ဖွင့်ပွဲ အခမ်းအနား အစီအစဉ်များကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ဟုမ္မလင်းလေဆိပ်သည် ယခင် ခေတ်ဟောင်းက တွင်အော်တာ လေယာဉ်ငယ်များသာ ဆင်းသက်ဖူးသော ပေ ၂၉၀၀ အရှည် ကျောက်စရစ်ရော မြေနီလေယာဉ်ကွင်းငယ်တစ်ခုသာဖြစ်ခဲ့ကြောင်း။

ဟုမ္မလင်း လေယာဉ်ကွင်းကို ခေတ်မီလေယာဉ်များ အသုံးမပြုနိုင်သည့်အတွက် ဟုမ္မလင်း၊ လေရှီးနှင့် ထမံသီဒေသများနေ ပြည်သူများသည် ချင်းတွင်းရေကြောင်းလမ်းနှင့် ရေဦး-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး ကားလမ်းကိုသာ ခက်ခက်ခဲခဲအသုံးပြုပြီး သွားလာနေခဲ့ရကြောင်း။

နှောင့်နှေးကြန့်ကြာ

ယင်းကားလမ်းသည်လည်း ကျောက်စရစ် အမာခံလမ်းနှင့် မြေလမ်း အမျိုးအစားသာ ဖြစ်သည့်အတွက် မိုးတွင်းအခါ၌ သွားလာမှုခက်ခဲပြီး အချိန်နှောင့်နှေးကြန့်ကြာခဲ့ရသည်ကို အားလုံးအသိဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ဟုမ္မလင်းလေယာဉ်ကွင်းကို ခေတ်မီလေယာဉ်ကွင်းအဖြစ် အဆင့်မြှင့်ပြီး ဖွင့်လှစ်ပေးနိုင်ပြီဖြစ်သည့်အတွက် ခေတ်မီလေယာဉ်များ တက်ဆင်း အသုံးပြုနိုင်တော့မည်ဖြစ်ပြီး ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ လွယ်လင့်တကူ မြန်ဆန်စွာ ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများကို ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ်ပိုင်အတတ်ပညာကို အခြေခံပြီး တစ်ခုပြီးတစ်ခု ကြိုးပမ်းတည်ဆောက်စေခြင်းဖြစ်ကြောင်း၊ လေယာဉ်ကွင်းအသစ်များ ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းဟောင်းများကို အဆင့်တိုးမြှင့်ခြင်း၊ မော်တော်ကားလမ်းများနှင့် ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူးချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်ခံတံတားများ တည်ဆောက်ခြင်းစသည့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများကို နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မြန်မာအင်ဂျင်နီယာများကိုယ်တိုင် အားကြိုးမာန်တက် တီထွင်ကြံဆ တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယခုဟုမ္မလင်းလေယာဉ်ကွင်းကိုလည်း မြန်မာအင်ဂျင်နီယာများကိုယ်တိုင် ဦးစီးတည်ဆောက်ခဲ့သည့် မြန်မာ့လက်ရာ လေယာဉ်ကွင်းကြီးဖြစ်ကြောင်း။

အသစ်ဖောက်လုပ်နေသော မော်တော်ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ တည်ဆောက်နေသည့်တံတားများ၏ အနေအထားကို သုံးသပ်ကြည့်လျှင် မဖွံ့ဖြိုး မတိုးတက်သေးသော ပြည်နယ်/တိုင်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်နယ်/တိုင်း တစ်ခုနှင့်တစ်ခုအကြား သွားလာမှု လွယ်ကူသွက်လက်လာရေးတို့အတွက် ဦးတည်ဆောင်ရွက်ထားသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်း ပထဝီမြေပြင် အနေအထားအရ တောင်-မြောက် ဒေါင်လိုက်တည်ရှိနေသည့် လမ်းများကို ဆက်စပ်ပြီး ပိုမိုချောမွေ့အောင် တိုးချဲ့ပြုပြင်သည်သာမက အရှေ့-အနောက်အလျားလိုက် သွားလာမှုကိုပါ လွယ်ကူချောမွေ့လာစေရန် လမ်းသစ်များ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း၊ မြန်မာပြည်မြောက်ဖျား ပူတာအိုမှ မြစ်ကြီးနား-မန္တလေး-ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းအထိ သွားလာနိုင်သည့် လမ်းမကြီး ပေါ်ထွက်လာနေပြီ ဖြစ်သကဲ့သို့ မြစ်ကြီးနားမှ ထားဝယ်အထိ ရထားလမ်းပေါက်နေပြီ ဖြစ်ကြောင်း။

အဆင့်မြှင့်

လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် လေယာဉ်ကွင်းသစ်များ တိုးချဲ့တည်ဆောက်ပေးမှုများ၊ လေယာဉ်ပြေးလမ်း အဆင့်မြှင့်တိုးချဲ့ပေးမှုများ၊ လေဆိပ်အဆောက်အအုံများ အဆင့်မြှင့်ပြုပြင် တည်ဆောက်ပေးမှုများ စသည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် တည်ဆောက်ပေးလျက်ရှိကြောင်း။

ယင်းကဲ့သို့ လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ပေးမှုများကြောင့် ၁၉၈၈ခုနှစ်ကာလက လေကြောင်းပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သော လေယာဉ်ကွင်းပေါင်း ၂၁ ကွင်းသာ ရှိခဲ့ရာမှ ယခုအခါ ဟုမ္မလင်း လေယာဉ်ကွင်း အပါအဝင် လေယာဉ်ကွင်း ၂၆ကွင်းအထိ ရှိလာပြီဖြစ်ကြောင်း။

ယခင်က ဖော်ကာ F-၂၈ ဂျက်လေယာဉ်ဆင်းသက်နိုင်သည့် လေယာဉ်ကွင်း ခြောက်ကွင်းသာ ရှိခဲ့ပြီး ယနေ့ဆိုလျှင် ဖော်ကာ F-၂၈ ဂျက်လေယာဉ် ဆင်းသက်နိုင်သည့် လေယာဉ်ကွင်း ၁၇ ကွင်းအထိ ရှိလာပြီဖြစ်ကြောင်း။

ထူးခြားသောတိုးတက်မှု

မိမိတို့ တပ်မတော်အစိုးရလက်ထက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများအနက် ထူးခြားသော တိုးတက်မှုများ ရှိခဲ့ကြောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးကို နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးအဖြစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးသည် အရှေ့တောင်အာရှ၌ အရှည်လျားဆုံးဖြစ်သည့် အဆင့်မြင့် လေယာဉ်ပြေးလမ်းပါရှိပြီး လေဆိပ်အဆောက်အအုံကြီးမှာလည်း နိုင်ငံတကာ အဆင့်မီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးတစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံသည့် ခေတ်မီလေယာဉ်ကွင်းကြီးတစ်ခုဖြစ်ကြောင်း၊ အလားတူပင် မကွေးတိုင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ဖြစ်ထွန်းရေးအတွက် မကွေးလေယာဉ်ကွင်းအသစ်ကြီးကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွက် အမ်းလေယာဉ်ကွင်းသစ်ကြီးကိုလည်းကောင်း တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

တစ်ပြိုင်တည်းဆောင်ရွက်ခဲ့

အလားတူပင် စစ်ကိုင်းတိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ၌ မုံရွာလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းနှင့် ဟုမ္မလင်း လေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်း လေယာဉ်ကွင်း တိုးချဲ့ တည်ဆောက်ရေးလုပ်ငန်းသည် ပြီးစီးပြီဖြစ်သည့်အတွက် ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခဲ့သည့် အချိန်မှစပြီး ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များသည် တစ်နေ့တခြား တိုးတက်များပြားစွာ လာရောက်လျက်ရှိကြောင်း။ ယင်းသို့ တိုးပွားလာရောက်ကြသော နိုင်ငံခြားခရီးသည်များနှင့် ပြည်တွင်းခရီးသွားပြည်သူများ လွယ်လင့်တကူ သွားလာနိုင်ရေးအတွက် ခေတ်မီလေယာဉ်ကွင်းများသည် မရှိမဖြစ် လိုအပ်လာနေခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်အပြင် ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် မြစ်ကြီးနား၊ ကျိုင်းတုံ၊ တာချီလိတ်၊ ကော့သောင်း မြိတ်၊ စစ်တွေ၊ အမ်းစသည့် လေယာဉ်ကွင်းများသည် မြန်မာပြည်အနှံ့၌ ပေါ်ထွက်လာပြီဖြစ်ကြောင်း။

တိုးချဲ့တည်ဆောက်နေ

စစ်ကိုင်းတိုင်းအတွင်း၌ ယခုဟုမ္မလင်းလေဆိပ်နှင့် မုံရွာလေဆိပ်၊ ခန္တီးလေဆိပ်၊ ကလေးလေဆိပ်တို့အနက် ကလေးလေဆိပ်သည် ဂျက်လေယာဉ်များ ဆင်းတက်နေပြီး မုံရွာလေဆိပ်ကို တိုးချဲ့တည်ဆောက်ဆဲဖြစ်ကြောင်း။

ခန္တီးလေယာဉ်ပြေးလမ်း တိုးချဲ့နေမှုသည် မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း၊ သွားလာမှုခက်ခဲသည့် ချင်းတွင်းအထက်ပိုင်း၌ ခန္တီးလေဆိပ်နှင့် ယခု ဟုမ္မလင်းလေဆိပ်တို့သည် ခရီးသွားလာမှု မြန်ဆန်စေရန်အတွက် များစွာ အထောက်အကူပြုသွားမည်မှာ သေချာလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် တိုင်းအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူများအတွက် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ပြီး ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းမှု၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုအကျိုးရလဒ်ကောင်းများ ရရှိစေမည်ဖြစ်သည့်အပြင် စစ်ကိုင်းတိုင်း၏ မြင့်မားတိုးတက်နေသော စီးပွားရေး၊ လူမှုရေး အခြေအနေများကို အရှိန်အဟုန်ရှိရှိ ပိုမိုမြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●

✻ ခြောက်တိုင်းလည်း မကြောက်နဲ့

တည်ဆောက်မြင့်တင် မြန်ပြည်တစ်ခွင် တိုးတက်စည်ပင်

ပင်လုံမြို့ အဝင်

ပင်လုံဒေသသည် ယခင်ခေတ်အဆက်ဆက်၌ ရှမ်းပြည်နယ်တောင်ပိုင်းမှ ရွာကလေးတစ်ရွာမျှသာဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ပြည်ထောင်စုကြီး၏ သန္ဓေတည် မွေးဖွားသန့်စင်ရာ ဒေသအဖြစ် သတ်မှတ်ဂုဏ်ပြု၍ ဒေသတွင်း တက္ကသိုလ်များ၊ ကောလိပ်များ၊ ဆေးရုံကြီးများ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သကဲ့သို့ ပင်လုံရွာကိုလည်း အဆင့်မြှင့်တင်၍ ပင်လုံမြို့အဖြစ်သို့ တိုးမြှင့်သတ်မှတ်ပေးလိုက်ရာ မြို့အဝင်ဆိုင်းဘုတ်နှင့် ကတ္တရာလမ်းကို လိုက်ဖက်စွာ ဤသို့တွေ့ရသည်။

(အပေါ်ပုံ) (ဓာတ်ပုံမှတ်တမ်း–မိုးမြင့်လှိုင်)

ဓာတ်ပုံမှတ်တမ်း ငွေအောင်(ကြေးမုံ)၊ အောင်မိုး(ကြေးမုံ) ရေချမ်းမြင့်နှင့် မိုးမြင့်လှိုင်

အချောကိုင် ဆေးမှုတ်

ပုသိမ် စက်မှုဇုန် ရောမော်တော်ယာဉ်အလုပ်ရုံ အတွင်း မော်တော်ယာဉ်များ ထုတ်လုပ်လျက်ရှိသည်။ ဝဲပုံတွင် မော်တော်ယာဉ်တစ်စီးစာအတွက် တပ်ဆင်မည့်ကိုယ်ထည် ပုံစံအမျိုးမျိုးအတွက် အချောကိုင် ဆေးမှုတ်အပြီး ဤသို့တွေ့ရစဉ်။

[ဓာတ်ပုံမှတ်တမ်း– ငွေအောင်(ကြေးမုံ)]

ခရီးတိုသွား ရထားတွဲဆိုင်း

မြန်မာ့မီးရထား(အင်းစိန်)စက်ခေါင်းစက်ရုံက တီထွင်တည်ဆောက်ခဲ့သည့် ခရီးတိုသွား DMU 303 ရထားတွဲဆိုင်းကို တွေ့ရစဉ်။ (အဆိုပါရထားတွဲဆိုင်းမှာ တည်ဆောက်မှုအပိုင်း ပြီးစီးပြီဖြစ်၍ ယခုအခါ စမ်းသပ်ခုတ်မောင်းမှုများ ပြုလုပ်လျက်ရှိပြီး မကြာမီသင့်လျော်သော ခရီးတိုလမ်းပိုင်းသို့ ပို့ဆောင်ပြေးဆွဲမည်ဟု သိရသည်။) (ယာပုံ)

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)



ကောလိယ တမံ

၂၀၀၃ ခုနှစ် မတ် ၂၂ ရက်က အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ရှိ ကောလိယရေလှောင်တမံ (ဝဲပုံ)သည် လယ်မြေဧက ငါးသိန်းခွဲကျော်နှင့် သီးထပ် သီးနှံဧက ၂၄၅၀၀ ကို စိုက်ပျိုးနိုင်ရန် ရေပေးဝေနိုင်မည် ဖြစ်သည်။

ရဲနွယ်၊ ပြွန်တန်ဆာလွင်ပြင်တို့၌ ရေလွှမ်းမိုးခြင်း၏ အန္တရာယ်လည်း လျော့ပါးစေမည်ဖြစ်သည်။

[ဓာတ်ပုံမှတ်တမ်း– အောင်မိုး(ကြေးမုံ)]

● စာမျက်နှာ ၁၁ မှ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ် ကောင်းများကို တိုင်းရင်းသားပြည်သူများ အကျိုးရှိစွာ ရရှိခံစားလာစေရန် စိတ်ရင်းစေတနာ အမှန်ဖြင့် ယခုကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးစားပမ်းစား အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း၌ လယ်ယာစီးပွားရေး အခြေခံအဆောက်အအုံများ အဖြစ် နိုင်ငံတော်တွင် အကြီးဆုံးသဖန်းဆိပ်ဘက်စုံရေလှောင်တမံနှင့် ရေရရှိရေး လုပ်ငန်းများကို တစ်ခုပြီးတစ်ခု ထိထိမိမိ တည်ဆောက်ပေးခဲ့သည့်အတွက် ဆန်စပါးများ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီး စစ်ကိုင်းတိုင်းသည် အထက်မြန်မာနိုင်ငံ၏ စပါးကျီအဖြစ်အားယူရပ်တည်လာနေပြီဖြစ်ကြောင်း။

သိမြင်ခံစား

လယ်ယာထွက်ကုန်သီးနှံများ၊ အခြားဒေသထွက်ပစ္စည်းများကို လွယ်ကူစွာ သယ်ယူပို့ဆောင်ရေးအတွက်လည်း ချင်းတွင်းတံတား(မုံရွာ)နှင့် မုံရွာ–ယာကြီး–ကလေးဝလမ်း၊ စစ်ကိုင်း–ရွှေဘို–မြစ်ကြီးနားလမ်း တို့ကို ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားနှင့်အတူ ရထားလမ်းသစ်၊ ကားလမ်းသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်ခဲ့ပြီးဖြစ်သည်ကို အားလုံးသိမြင်ခံစားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်သဘောပေါက်ပြီး မိမိတို့ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ယနေ့ ဖွင့်လှစ်လိုက်သည့် ဟုမ္မလင်း လေယာဉ်ကွင်းသစ်ကြီး ရေရှည်တည်တံ့စေရအောင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်း မှာကြားကြောင်းဖြင့် ပြောကြားသည်။

တည်ဆောက်ပြီးစီး

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာ၌ ဟုမ္မလင်းလေယာဉ်ကွင်းသည် မြန်မာနိုင်ငံ၌ တွင်အော်တာလေယာဉ် စတင်အသုံးပြုချိန်ဖြစ်သည့် ၁၉၇၆ ခုနှစ်ခန့်က တည်ဆောက်ခဲ့သော လေယာဉ်ကွင်းဖြစ်ကြောင်း။

ယခု ဟုမ္မလင်းလေဆိပ် လေယာဉ်ပြေးလမ်းကို အလျား ပေ၉၀၀၀၊ အကျယ် ပေ၂၀၀၊ ကွန်ကရစ်ထု ၂၆လက်မရှိ လေယာဉ်ပြေးလမ်းအဖြစ် တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း လေယာဉ်ပြေးလမ်းကို ဘိုးရင်း ၇၄၇–၄၀၀ အမျိုးအစား ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်မည့် စံချိန်မီ လေယာဉ်ကွင်းတစ်ကွင်းဖြစ်လာအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဟုမ္မလင်းလေဆိပ်တွင် လေဆိပ်အဆောက်အအုံနှင့် လေကြောင်းထိန်းမျှော်စင်တို့ကိုလည်းတစ်ပြိုင်တည်းတည်ဆောက်နေကြောင်း၊တည်ဆောက်နေသည့် လေဆိပ်အဆောက်အအုံမှာ အလျားပေ၉၀၊ အနံ၅၃ပေရှိ တစ်ထပ်အဆောက်အအုံ ဖြစ်ကြောင်း၊အဝင်ခရီးသည် ၁၀၀နှင့် အထွက်ခရီးသည်၁၀၀ဦးတို့ တစ်ပြိုင်တည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

တည်ဆောက်လျက်ရှိ

ယခင်က မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများသို့ လေကြောင်းဖြင့် ဆက်သွယ်သွားလာရေးတွင် အသုံးပြုရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တစ်ခုသာရှိခဲ့ကြောင်း၊ယခုအခါ နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုလည်း အဆင့်မြှင့်မွမ်းမံခြင်း၊တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း၊ အလားတူ မကွေးလေဆိပ်ကိုလည်း ၂၀၀၃ ခုနှစ် ဇွန်ဖြစ်ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊အခြားလေဆိပ်များကိုလည်း ဘိုးရင်း၇၃၇–၄၀၀ ကဲ့သို့သော ခရီးသည်တင် လေယာဉ်ကြီးများ ဆင်းတက်နိုင်ရေးအတွက် တည်ဆောက်လျက်ရှိကြောင်း။

ဟုမ္မလင်းမြို့သည်လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးတို့အတွက် နိုင်ငံတော် အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဟုမ္မလင်းလေယာဉ်ကွင်းသစ် တည်ဆောက်ရေးလုပ်ငန်းများကို မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များကိုယ်တိုင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

စတင်ပြေးဆွဲမည်

ယနေ့ လေဆိပ်ဖွင့်ပွဲအခမ်းအနား ကျင်းပပြီးနောက် ဟုမ္မလင်း လေဆိပ်တွင် လေယာဉ်များ စတင် ပြေးဆွဲတော့မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က စစ်ကိုင်းတိုင်း၏ ပထဝီအနေအထားအရ ဟုမ္မလင်းလေဆိပ်သည် အထက်ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြို့များ၊ နာဂဒေသနှင့် ချင်းတွင်းမြစ်ဖျားဒေသ ဟုမ္မလင်း၊ ခန္တီး၊ လေရှီး၊ လဟယ်မြို့များသို့ လွယ်ကူစွာ သွားလာပို့ဆောင်နိုင်မည်ဖြစ်သဖြင့် စစ်ကိုင်းတိုင်းအတွက် အရေးပါသည့် လေဆိပ်တစ်ခုဖြစ်ကြောင်း။

ယခင်က မုံရွာမှ ဟုမ္မလင်းသို့ ရေလမ်းခရီးဖြင့် နှစ်ညအိပ် သုံးရက်နှင့် ကားလမ်းခရီး တစ်ညအိပ်ခန့် သွားရသောခရီးကို ယခုအခါ ၁နာရီကျော်ဖြင့် မန္တလေးမှ ဟုမ္မလင်းသို့ လေယာဉ်ခရီးဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း။

အမြော်အမြင်ကြီးမား

စစ်ကိုင်းတိုင်းဖွံ့ဖြိုးတိုးတက်မှုအတွက် အမြော်အမြင်ကြီးမားစွာဖြင့် ဟုမ္မလင်းလေဆိပ်ကြီး ဖြစ်ပေါ်လာစေရေး စီမံလမ်းညွှန်မှုပေးခဲ့သော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအားလည်းကောင်း၊ နေ့မအား ညမနားတည်ဆောက် အကောင်အထည်ဖော်ပေးသည့် မြန်မာအင်ဂျင်နီယာအတတ်ပညာရှင်များနှင့် အဘက်ဘက်က ဝိုင်းဝန်းကူညီခဲ့ကြသော ဒေသခံပြည်သူများအားလုံးအား လည်းကောင်း စစ်ကိုင်းတိုင်းပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း နှင့် နိုင်ငံတော်၏ ကျေးဇူးနှင့်စေတနာကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရင်း ဟုမ္မလင်းလေဆိပ် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်မှ ဦးထွန်းမင်းအောင်က ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုသွားမည့် ဟုမ္မလင်းလေဆိပ် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

နှုတ်ဆက်အားပေး

ယင်းနောက် ဟုမ္မလင်းလေဆိပ်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် လေဆိပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ ဟုမ္မလင်း လေဆိပ်ဖွင့်ပွဲအခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဟုမ္မလင်းလေဆိပ်သို့ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် တစ်ပတ်လျှင် နှစ်ကြိမ် လေယာဉ်များ ပုံမှန်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဒဂုံမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်များအတွင်းရှိ စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုနှင့် စေတနာရှင်များ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက် ရွှေဘုံသာသိမ်ကျောင်းတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကငွေကျပ် ၄၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၇၂၀၀၀၊Fresh Air Conditioner & Gunkul Engineering ကငွေကျပ် ၃၇၄၀၀၀၊မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီ၊ ဘီတီဘီကုမ္ပဏီ၊ သမ္မတသက်န်းတိုက်နှင့် ပြည်လုံးချမ်းသာဆေးတိုက်တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ စန္ဒီပရဆေးမိသားစုက ငွေကျပ်၁၀၀၀၉၀၊ ရဋ္ဌပါလ ဓမ္မပဒေသာအဖွဲ့၊ တက်လမ်းဆောက်လုပ်ရေး၊ ဒူးရင်းယိုဦးစိုးမြင့်မိသားစု၊ အိုလံပစ်ဟိုတယ်မိသားစုနှင့် သိင်္ဂီရွှေရည်ခတ်ပုံတိုက်တို့က ငွေကျပ် တစ်သိန်းစီ၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းက ငွေကျပ် ၅၀၀၀၀၊ ဆန်းမြန်မာ အင်တာနေရှင်နယ် ကုမ္ပဏီက ငွေကျပ် ၇၂၀၀၀၊ မှန်ချိုဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ကေသီပန် ဆေးတိုက်၊ ဘုရင့်နောင်ပွဲရုံ အိုကေဆန်ရောင်းဝယ်ရေး၊ ကျော်တိုင်းရင်းဆေးလုပ်ငန်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်းနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ် ၅၀၀၀၀စီ၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှနှင့် ထွန်းရွှေဝါဆေးတိုက်တို့က ငွေကျပ် ၃၀၀၀၀စီ၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ် ၃၂၅၀၀၊ ဦးသိန်းထွန်း–ဒေါ်ခင်ဌေးမြင့်မိသားစုနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့က ငွေကျပ် ၃၀၀၀၀စီ၊ ဒေါ်ဝင်းဝင်းရွှေ မိသားစုက ငွေကျပ် ၂၅၀၀၀၊ နိုကယ်သောက်ရေသန့်က ငွေကျပ် ၂၀၀၀၀၊ ဒဂုံ–မြန်မာ ခရီးသွားလုပ်ငန်းကငွေကျပ်၂၁၈၀၀၊ လူပုံတော်ပတ္တမြားဆေးတိုက်၊ အဏ္ဏဝါမင်းဆားစက်၊ ဒေါ်မြသိန်းနှင့်သားဦးရန်ရှင်း၊ယောမင်းကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်လမ်းအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဘုရားကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မနန်းဆုရတီစိုးတို့က ငွေကျပ် ၂၀၀၀၀စီ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မိမိခင်၊ ဒဂုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဆရာကြီးကုမ္ပဏီ၊ ဒဂုံမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဦးအောင်ဇော်မြင့်–ဒေါက်တာ မြမြအုန်းခင်မိသားစုနှင့် ရတနာဒီပကုမ္ပဏီတို့က ငွေကျပ် တစ်သောင်းစီတို့ကိုပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများက စာသင်တိုက်များကိုယ်စား လက်ခံကြသည်။

လှူဒါန်းမှုအစုစု

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၁၅၈အိတ်၊ ဆီ ၅၂ပိဿာ၊ အိုင်အိုဒင်းဆား၅၂၅ ပိဿာ၊ သွားတိုက်ဆား ၅၂ဘူး၊ပဲ ၁၀၅ပိဿာနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေပေါင်း ၂၆၄၇၃၉ကျပ်ဖြစ်သည်။

တောင်ဥက္ကလာပမြို့နယ်

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်ရှိ ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။**(အပေါ်ယာပုံ)**

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၁၅၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ်၄၅၀၀၀၊ ရန်ကုန် အရှေ့ပိုင်းခရိုင်နှင့် တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၅၅၀၀၀၊ မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီ၊ ဘီတီဘီ ကုမ္ပဏီနှင့် သမ္မတ သက်န်းတိုက်တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ စန္ဒီပရဆေးတိုက်က ငွေကျပ် ၁၀၀၀၉၀၊ ဆာကူရာကုမ္ပဏီကငွေကျပ် ၁၀၀၀၀၀၊ မြင့်မြတ်ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းက ငွေကျပ် ၇၅၀၀၀၊ ဆန်းမြန်မာ အင်တာနေရှင်နယ် ကုမ္ပဏီက ငွေကျပ် ၇၂၀၀၀၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ် ၄၅၅၀၀၊ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၊ ဘုရင့်နောင်ပွဲရုံ အိုကေဆန်ရောင်းဝယ်ရေးလုပ်ငန်း၊ ကျော်တိုင်းရင်းဆေးလုပ်ငန်း၊ မှန်ချိုဆေးတိုက်၊ ကေသီပန်ဆေးတိုက်၊ ထွန်းရွှေဝါ ဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ မြို့နယ်ဗီဒီယိုအစည်းအရုံး၊ မြို့နယ်ဆန်ကုန်သည်ကြီးများအသင်း၊ စက်မှုဇုန်(၈)ရပ်ကွက်၊ Khin Group Construction ၊ ဂေါ်ဇီလာခြင်ဆေးခွေလုပ်ငန်း၊ အမှတ်(၄)ရပ်ကွက်ပြည်သူများနှင့် ဦးပုမိသားစု မုန့်ဟင်းခါးဖိုတို့က ငွေကျပ် ၅၀၀၀၀စီ၊ အမှတ်(၁၄)ရပ်ကွက် ပြည်သူများက ငွေကျပ် ၄၀၀၀၀၊ မြို့နယ်ပညာရေးမိသားစုက ငွေကျပ် ၃၂၀၀၀၊ ဦးချိုမိသားစု၊ ဝင်းကမ္ဘာသစ်ရောင်းဝယ်ရေး၊ နန္ဒဝန်ဈေးမိသားစု၊ ကြူစ္စီတံကုမ္ပဏီ၊ ဦးမောင်မောင်မိသားစုနှင့် အမှတ်(၁၃) ရပ်ကွက် ပြည်သူများက ငွေကျပ် ၃၀၀၀၀စီ၊ မြို့နယ်ပညာရေးမှူးရုံးက ငွေကျပ် ၂၉၆၁၅ကျပ်၊ လူမှုရေးအသင်းအဖွဲ့၊ ထျန်းတက် သက်သတ်လွတ်ဗုဒ္ဓဘာသာအသင်း၊ ဦးမြတ်ပို မိသားစု၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဦးတင်ထွန်းအောင်–ဒေါ်ခင်သက်မွန် တို့ကငွေကျပ်၂၀၀၀၀စီ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့က ငွေကျပ် ၁၅၀၀၀၊ ပန်းမြို့တော်စားသောက်ဆိုင်၊ ဦးမင်းဆွေ–ဒေါ်ခင်သန်းရီ၊ ဒေါက်တာ အေးအေးမွန်၊ ထျန်းကျိန်း သက်သတ်လွတ်ဗုဒ္ဓဘာသာအသင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့က ငွေကျပ် ၁၅၀၀၀စီ၊ လူပုံတော်ပတ္တမြားက ငွေကျပ် ၂၀၀၀၀၊ဒဂုံ–မြန်မာခရီးသွားလုပ်ငန်းက ငွေကျပ် ၁၁၉၀၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ငွေကျပ် ၁၀၅၀၀၊ ဆရာကြီးကုမ္ပဏီ၊ ရတနာဒီပကုမ္ပဏီ၊ အမှတ်(၉)ရပ်ကွက် လူမှုရေးအသင်း၊ ဦးတင်ရွှေ–ဒေါ်ခင်မမနှင့် ရောင်နီဦး ရွှေဆိုင်တို့က ငွေကျပ် တစ်သောင်းစီ၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ၃၀၀၀၀၊ (၁၆)ရပ်ကွက် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၊ (၆)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ (၆)ရပ်ကွက် ပြည်သူများ၊ Apple အလှကုန် လုပ်ငန်း၊ ဦးသန်းစိန်–ဒေါ်သီတာထွန်း၊ (၇)ရပ်ကွက် စုပေါင်းရောင်းဝယ်ရေး၊ မြို့နယ် ဥပဒေရုံးနှင့်တရားရုံး၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေး ဆေးရုံကြီး၊ ဒေါ်လီမော်ဌေး၊ ဒေါ်ကြည်အေးမြင့်၊ ဦးကျော်စိုးမိုး–ဒေါ်မာလာ၊ ဦးအိနိုင်–ဒေါ်သက်သန္တာမောင်၊ ဦးခင်မောင်ဦး၊ (၇)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ ဒေါ်သိန်းသိန်းဌေး၊ (၉)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဦးတင်စိန်၊ ဦးလှမြင့်–ဒေါ်သိန်းကြည်၊ ဦးကြည်၊ ဒေါ်ခင်ရီ၊ ဦးတင်စိန်နှင့် သင်္ဂဟာရွှေဆိုင်တို့က ငွေကျပ် တစ်သောင်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ်၊ တိုင်းမှူး၊ဝန်ကြီးနှင့်တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီးများက စာသင်တိုက်များကိုယ်စား လက်ခံကြသည်။

ယနေ့လှူဒါန်းမှု

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၆၇အိတ်၊ ဆီပိဿာ ၂၁၀၊ အိုင်အိုဒင်းဆားပိဿာ ၂၇၆၀၊ သွားတိုက်ဆားဘူး ၂၇၇ဘူး၊ တိုင်းရင်းဆေးမျိုးစုံ၂၈၅၄ဘူး၊ ပဲ ၃၀၂ ပိဿာ၊ Scorpion C-Plus အချိုရည်ဘူး ၄၈၀၊ ရွှေဝါဆပ်ပြာအတောင့် ၂၀၀၀နှင့် ဆွမ်းပဒေသာပင်အလှူတော် ငွေပေါင်း ၂၆၂၄၄၅၉ ကျပ် ဖြစ်သည်။

(သတင်းစဉ်)

နဝင်္ဂသီလတရားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၃

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ထားဝယ်မြို့ ဃောသိတာရာမတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသက ၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၈ရက် ဩဂုတ်၅ရက်တွင် နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

➪ စာမျက်နှာ ၉မှ

ကလေးအားလုံး ကျောင်းနေရေးအတွက် လှုပ်ရှားဆောင်ရွက်ခဲ့ရာ လေးနှစ်ကာလအတွင်း ကျောင်းနေသည့်နှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ကြောင်း၊ ယခုနှစ်အတွက် အကြမ်းအားဖြင့် ကျောင်းနေအရွယ် ကျောင်းနေဦးရေသည် ၁၂သိန်းကျော် တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးသူငယ်များ ကျောင်းနေနိုင်သည့် အခွင့်အလမ်းသည် ပွင့်လန်းလျက်ရှိနေကြောင်း၊ ယခုကဲ့သို့ ကျောင်းနေနိုင်သည့် အခွင့်အလမ်းကောင်းများသည် အခြေခံပညာကဏ္ဍသာမက အဆင့်မြင့်ပညာ ကဏ္ဍတွင်လည်း တိုးတက်မြင့်မားနေကြောင်း၊ ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်ရာတွင် တက္ကသိုလ်၊ ကောလိပ်များကိုလည်း ထည့်သွင်း ဖွဲ့စည်းပေးထားသည့်အတွက် ကျောင်းနေရန် အခွင့်အလမ်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ပညာသင်ကြားရေး အပိုင်းမှာသာမက ကျောင်းအဆောက်အအုံ များကိုလည်း ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်အောင် တည်ဆောက် ပေးလျက်ရှိကြောင်း၊ ပြုပြင်မွမ်းမံရမည့် ကျောင်းပေါင်း ၅၅၀၀ ကျန်ရှိသည့်အနက် နိုင်ငံတော်အစိုးရက တည်ဆောက်ပြုပြင်ပေးခဲ့သည့် ကျောင်းများ၊ နိုင်ငံတော်အစိုးရနှင့် မိဘပြည်သူများ ပူးပေါင်းတည်ဆောက်ပြုပြင် ပေးခဲ့သည့်ကျောင်းများ၊ မိဘပြည်သူတို့က စေတနာဖြင့် တည်ဆောက်ပြုပြင်ပေးခဲ့ သည့်ကျောင်းများနှင့် ယခုကဲ့သို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပေါ်ထွန်းလာသည့် ကျောင်းများလည်းရှိကြောင်း၊ အထက်ပါနည်းလမ်းလေးမျိုးဖြင့် ပြုပြင်မွမ်းမံခဲ့သည့်အတွက် ပြုပြင်ရန်လိုအပ်သော ကျောင်းပေါင်း ၅၅၀၀အနက် ကျောင်းပေါင်း ၃၀၀၀ကျော်သည် ကျောင်းအင်္ဂါရပ်များနှင့် ညီညွတ်မှုရှိသည့် အဆင့်အတန်းကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ယခုကဲ့သို့ အဘက်ဘက်က ကူညီပံ့ပိုးပေးကြသည့် စေတနာရှင် မိဘပြည်သူများအားလုံးကို ပညာရေးမိသားစုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်လှိုင်သာယာမြို့နယ်အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)



ASEAN Special Senior Officials' Meeting Popa/Bagan 4-6 August 2003

ဂျမေကာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၄

၂၀၀၃ခုနှစ် ဩဂုတ် ၆ရက်၌ ကျရောက်သော ဂျမေကာနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဂျမေကာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကိတ်ဒီနိုက်ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မင်းကွန်းဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက် နှစ်ထပ်စာသင်သားဆောင်သစ်ဆောက်မည်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမ ကုန်းတလပေါင်စံပြကျေးရွာရှိ မင်းကွန်းဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်၌ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်၊ အမှတ်(၁၀/၆၁)နေ (ဦးကောက်)-ဒေါ်ခင်မေတို့အား အမှူးထား၍ သားသမီး၊ မြေးမိသားစုတို့က အလှူငွေကျပ် ၃၅သိန်းမတည်၍ နှစ်ထပ်စာသင်သားဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုပါက ကျောင်းထိုင်ဆရာတော် ဖုန်း-၀၉-၅၀၀၆၀၆၈၊ ကိုအန်ကူ-မရီရီအေး (ရတနာဖြိုးရွှေဆိုင်) (၁၀)ရပ်ကွက်ဈေး တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၉-၅၀၀၃၂၉၅၊ ၀၁-၅၇၈၇၄၀၊ ဦးမင်းဇော်-ဒေါ်ကြီးမြင့် အမှတ်(၈/၁၉၃) ဥက္ကလာ(၇)လမ်း မြောက်ဥက္ကလာပမြို့နယ်၊ ဦးသက်ဝေ-ဒေါ်ချိုချိုစန်း အမှတ်(၈၁) (၄၃)လမ်း ဖုန်း၉၉-၂၅၇၇၄၊ ၂၉၇၈၄၁၊ ဦးမြင့်သိန်း-ဒေါ်မြမြစိန်၊ အမှတ်(၁၁) ရတနာလမ်း ကျောက်ကုန်း ဖုန်း-၅၇၈၆၂၉၊ ဦးသက်ထွေး-မဖြူဖြူ ကျွန်းတောကျောင်းလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၀၉-၈၀-၃၃၇၈၂၊ ၇၂၀၃၁၉နှင့် ဦးကိုဝင်း-ဒေါ်ခင်မာချို အမှတ်(၂) သန္တာလမ်း ပတ္တမြားမြို့သစ် ဖုန်း-၆၃၅၆၄၈တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မွေးနေ့မင်္ဂလာဆုမွန်

ချစ်ဇနီး ဒေါ်စန်းစန်းလွင်(မီးမီး)ရဲ့ ၄-၈-၂၀၀၃ မွေးနေ့မင်္ဂလာမှ သည် နှစ် ၁၂၀တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပြည့်စုံစွာဖြင့် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ပါရမီဖြည့်နိုင်ပါစေ။

ဦးကျော်ဇင်ဦး
ချစ်သားကြီး-ကျော်မိုးသက်
ချစ်သားငယ်-အောင်ရဲထွန်း

တိုင်းရင်းဆေးသမားတော်ကြီးများအဖွဲ့ မင်္ဂလာဒုံမြို့နယ်အတွင်း ကွင်းဆင်းကုသ

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဦးဉာဏ်လွင်၊ ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဦးလှမွှေး (မှန်ချိုဆေးတိုက်)၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သန်းသန်းမြင့်တို့ ဦးဆောင်သော ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်း အလုပ်အမှုဆောင်ကော်မတီဝင် ဝါရင့်တိုင်းရင်းဆေး သမားတော်ကြီးများသည် ဩဂုတ် ၂ရက် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မာရိပ်သာ ကျောင်းကြီးတွင် စခန်းဖွင့်လှစ်၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအဖြစ် ရပ်ကွက်နှင့် ကျေးရွာများမှ ရဟန်းရှင်လူ ပြည်သူများအား ကွင်းဆင်းကုသပေးကြသည်။ **(အပေါ်ယာပုံ)**

စာအုပ်နှင့် ဆေးဝါးလှူဒါန်း

တိုင်းရင်းဆေး သမားတော်ကြီးများအဖွဲ့သည် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီးရှိ သံဃာတော်များ၊ ယောဂီများနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းအတွက် ကျပ် ငါးသိန်းလေးသောင်းကျော်ဖိုးရှိ စာအုပ်စာရေးကိရိယာနှင့် တိုင်းရင်းဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

မင်းကွန်း တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ ရွှေရတုနှင့်ငွေရတု မှတ်တမ်းစာအုပ်များ ဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၃

မင်းကွန်းတိပိဋကဓရ ဆဋ္ဌသင်္ဂါယနာတင် (အဖြေ) ဆရာတော်ကြီး၏ တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိကဘွဲ့ရ ၁၃၁၅-၁၃၆၅ ဝါဆိုလဆန်း ၅ရက်၊ နှစ် (၅၀)ပြည့် ရွှေရတုနှင့် တိ=နိကျောင်းတော်ကြီး ဖွဲ့စည်းတည်ထောင်သည့် ၁၃၄၀-၁၃၆၅ (၂၅)နှစ်ပြည့် ငွေရတု အထိမ်းအမှတ်အဖြစ် မင်းကွန်းဆရာတော်ကြီး၏ပုံနှင့် တိပိဋကဓရဆရာတော်များ၊ ပိဋကတ်စာအောင် သံဃာတော်များ၏ ပုံများနှင့်တကွ မင်းကွန်းဆရာတော်ကြီး၏ ဘဝဖြစ်စဉ်နှင့် သာသနာပြုလုပ်ငန်းများပါဝင်သည့် ဆောင်းပါးများနှင့် ထုတ်ဝေထားသော ရွှေရတုနှင့်ငွေရတု မှတ်တမ်းဝင်စာအုပ်ကို ဝယ်ယူလှူဒါန်း ကုသိုလ်ယူနိုင်သည်။ ရန်ကုန်မြို့ မင်းကွန်းတိပိဋကကျောင်းတော်၊ အမှတ် ၁၂ စကားဝါလမ်း (ပြည်လမ်း)အနောက်ရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈ နှင့် ၂၂၂၂၇၉တို့တွင် ဆက်သွယ်ဝယ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာအဆင့်မီ စာမေးပွဲများ ဖြေဆိုနိုင်

ရန်ကုန် ဩဂုတ် ၃

University of Cambridge Local Examination Syndicate က စစ်ဆေးသော နိုင်ငံတကာအဆင့်မီ စာမေးပွဲများကို ဖြေဆိုနိုင်ရန် အစီအစဉ်အဖြစ် Future Star Quality Training Centre မှ Level အလိုက် သင်တန်းများကို Four Skill ဖြင့် အခြေခံမှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးသည်။ အခြေခံပညာ အထက်တန်း၊ တက္ကသိုလ် ကျောင်းသူကျောင်းသားများ၊ ဘွဲ့ရနှင့် ရုံးသူရုံးသားများအတွက် Five Levels System (KET, PET, FCE, CAE, CPE) စာမေးပွဲများကို ဖြေဆိုရမည် ဖြစ်သည်။ Young Learners များ အတွက် Three Levels System (Starters, Movers, Flyers) Exams များဖြေဆိုရန်အတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်။ ဖြေဆိုအောင်မြင်ပြီးပါက (UCLES) မှ (အမြဲတမ်း အောင်လက်မှတ်)များ ပေးအပ်မည်ဖြစ်သည်။

ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများအတွက် ရုံးချိန်ပြင်ပ အတန်းများ၊ ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းချိန်ပြင်ပနှင့် စနေ၊ တနင်္ဂနွေ ပုံမှန်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စုံစမ်းနိုင်

သင်တန်း တက်ရောက်လိုသူများသည် Future star, Quality Training Center အမှတ်(၂၆/A) ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၇၁၀၁၀၅၊ ၃၇၉၂၁၈နှင့်၂၈၁၁၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မူကြိုသင်တန်းသစ်များ ဆက်လက်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃

New Campus Pre School မှ အသက် နှစ်နှစ်ခွဲမှ ငါးနှစ်အတွင်း အင်္ဂလိပ်စာ၊ သင်္ချာ၊ မြန်မာစာ၊ ပုံဆွဲ၊ သီချင်း၊ အကများကို စနစ်တကျဖြင့် ဝါရင့်ဆရာမများမှ သင်ကြားပို့ချလျက်ရှိပြီး အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်ဘက်သို့ ကျောင်းကားများ ပို့ဆောင်ပေးလျက်ရှိသည်။ အသေးစိတ်သိလိုလျှင် ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ၀၉-၈၀-၂၁၇၈၁ သို့လည်းကောင်း အမှတ် ၂၈ အောင်ဇေယျလမ်း ရန်ကင်းမြို့နယ် ကျောက်ကုန်းသို့မည်သူမဆို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲတွင် ရှေးကျသောတူရိယာများ လေ့လာနိုင်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ မကြာမီဖွင့်လှစ်ပြသမည့် မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲအတွက် ပြည်နယ်များမှ ခေတ္တငှားရမ်း စုဆောင်းရရှိထားသည့် တူရိယာများတွင် ရခိုင်တိုင်းရင်းသားတို့၏ မြောက်ဦးခေတ် (အေဒီ-၁၆)ရာစုသုံး ခွက်ခွင်းတူရိယာကဲ့သို့ ရှေးကျသောတူရိယာများပါဝင်မည်ဖြစ်သကဲ့သို့ အနုပညာ လက်ရာမြောက်သည့် ကရင်စောင်းကောက်ကဲ့သို့ တူရိယာများလည်း ပါဝင်မည်ဖြစ်သည်။

အများပြည်သူတို့ကို ဩဂုတ် ၉ရက်မှစ၍ နေ့စဉ် နံနက် ၁၀မှ ညနေ ၅နာရီထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရခိုင်ရိုးရာအကများဖြင့်တင်ဆက်ရာတွင် ရခိုင်စည်တော်နှင့် တွဲဖက်တီးခတ်သော ကြေးတူရိယာဖြစ်သည်။ ခွက်ခွင်းအဖျားအား တုတ်ချောင်းဖြင့်စည်းလိုက်သကဲ့သို့ တီးခတ်သည်။ ခွက်ခွင်းတီးခတ်ဟန်ကို မြောက်ဦးမြို့ သျှစ်သောင်းဘုရား ကျောက်ဆစ်လက်ရာတွင် တွေ့ရသည့်အတွက် ရှေးကျသောရခိုင်တူရိယာ ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

နှုတ်ဆက်

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဩဂုတ် ၁ရက်မှ ၉ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများ အဖွဲ့ချုပ်၏ (၆၉) ကြိမ်မြောက် အထွေထွေညီလာခံ တက်ရောက်ရန် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးချိုအေး ဇူလိုင် ၃၀ရက်ညပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင်နှင့် အဖွဲ့ဝင်များ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (၆၇)

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၃

ဆရာတိုနီ ဦးစီးသော OBF Language Centre တွင် အင်္ဂလိပ်စာ ကို စနစ်တကျတတ်ကျွမ်းလိုသူများအတွက် နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့် Exam များဖြစ်သော IELTS, TOEFL (Twe) နှင့် အင်္ဂလိပ်စကားပြော သင်တန်းများ Grammar၊ Interaction General English Courses၊ All Round Development Course (Speaking-Writing- Listening- Reading)၊ Foreign-going English အစရှိသည့် သင်တန်းများကို ဆရာတိုနီကိုယ်တိုင် သင်ကြားပေးမည်ဖြစ်သည်။ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်လျက်ရှိရာ သင်တန်း တက်ရောက်လိုသူများ OBF Language Centre အမှတ် ၂၃၃၊ ၃၅လမ်း အထက်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၆၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ချော့တိုင်းလည်း မပျော့နဲ့

ဆန်းပြားလှစွာ မြန်မာ့ရိုးရာတူရိယာ

မြန်မာ့တူရိယာများသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်မှ စတင်၍ မြန်မာ့ယဉ်ကျေးမှု သက်တမ်းတစ်လျှောက်ဖြစ်သော ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင် ခေတ်အဆက်ဆက်တွင် များပြားစုံလင်စွာ ထွန်းကားခဲ့သည်။

၃၂မျိုးတီထွင်ပေါ်ပေါက်

ပျူလည်း မြန်မာ မြန်မာလည်း ပျူ ဟူသော အဆိုအတိုင်း ပျူတို့သည် မြန်မာနိုင်ငံ၏ ရှေးကျလှသော တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်၍ ပျူယဉ်ကျေးမှုသည် ၁ ရာစုမှ ၉ ရာစုတိုင် ထွန်းကားခဲ့သည်။ ပျူခေတ်တွင် ခရုသင်း၊ ကြေး၊ ကြိုး၊ သားရေ၊ ဆင်စွယ်၊ ဝါး(သစ်)၊ ဘူးသီးခြောက်နှင့် ဦးချိုတို့ဖြင့် ပြုလုပ်သည့် တူရိယာပစ္စည်း ၃၂ မျိုး တီထွင်ပေါ်ပေါက်ခဲ့ကြောင်း တရုတ်သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

အမှန်အားဖြင့် ပျူခေတ်မှစတင်၍ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်၌ တူရိယာအမျိုးမျိုး ပေါ်ပေါက်ခဲ့ရာတွင် အချို့သောတူရိယာများမှာ လုံးဝပျောက်ကွယ်ခဲ့၍ အချို့မှာ အမည်အားဖြင့်သာလျှင် ကျန်ခဲ့တော့သည်။

ပုဂံခေတ် (အေဒီ ၁၀၄၄-၁၂၈၇ ထိ)တွင် ခရုသင်း၊ ခရာ၊ ငြင်း၊ တံပိုး၊ ပလွေ၊ ခေါင်းလောင်း၊ ခြူ၊ ချပ်၊ ခွက်ခွင်း၊ စည်းစုပ်၊ ဆည်းလည်း၊ နဂါးကြည်း၊ နရည်းစရာ၊ နောင်းနင်း၊ စည်၊ စည်ကြီး၊ ပတ်သာ၊ ပဟိုရ်စောင်း၊ စန္ဒရားနှင့် တယော စသောတူရိယာများ ပေါ်ပေါက်ခဲ့ကြောင်း ပုဂံခေတ်ထိုးကျောက်စာများ နှင့် လက်မှုအနုပညာ **ပန်** အတတ်ပညာ လက်ရာများမှ ဖော်ထုတ်တွေ့ရှိရသည်။

ပုဂံခေတ်၌ ပျူ၊ မွန်၊ မြန်မာနှင့် ကုလားတို့၏ ယဉ်ကျေးမှုအနုပညာများ၊ ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းပဲကဲ့သို့ လက်မှုအနုပညာ အတတ်ပညာများလည်း ရောထွေးယှက်တင် ထွန်းကားရာတွင် ပုဂံခေတ်ကျောက်စာများတွင် ဖော်ပြခြင်းမရှိသည့် အခြားသောပျူ၊ မွန်၊ မြန်မာနှင့်ကုလားတူရိယာများလည်း ထွန်းကားခဲ့ဟန်တူသည်။

ဆရာကြီးဦးသိန်းသန်းထွန်းက ပုဂံခေတ်၌ တူရိယာတီးမှုတ်သူများအနက် ပတ်သာသည် ခုနစ်ဦး၊ စည်သည် ၄၄ ဦး၊ ကုလားပညာရှင်သုံးဦး ပါဝင်သည့် ပန်တျာ ဂီတပညာရှင် ၄၇ဦးတို့၏ အမည်စာရင်းကို **ပုဂံခေတ် အတီး၊ အဆို၊ အက စာတမ်း (၁၉၈၇)** တွင် ဖော်ထုတ်တင်ပြထားပေသည်။

သန်လျင်ဦးမြဦး အပါအဝင် အချို့သော သုတေသီ ပညာရှင်များက ယနေ့မဟာဂီတဝင် သီချင်းကြီးများအနက် ကြိုးသီချင်းများမှာ ရှေးအကျဆုံးဖြစ်၍



ဦးရဲဒွေး (အမြင့်သဘင်)

ဓာတ်ပုံ-သွင်အေး(ကြေးမုံ)

ပန်းချီကား

ကချင်လူမျိုးတို့၏ မနောစည်နှင့် မနောတိုင် ပန်းချီကားကို မြင်ရသည်မှာလည်း ကြည့်ရှုသူတို့အား မနောအကကိုပင် မြင်ယောင်စေသည်။ ဓာတ်ပုံ-သွင်အေး(ကြေးမုံ)

ပုဂံခေတ်မတိုင်မီ၌ပင် စတင်ပေါ်ပေါက်ခဲ့သည်ဟု ယူဆကြသည်။ ကြိုးသီချင်းများ စတင်ပေါ်ပေါက်မှုသည် အင်းဝခေတ်ထက်မှ နောက်မကျပေ။

ပန်တျာ

ပုဂံခေတ်တွင် စတင်ထွန်းကားသည့် ပန်တျာ ဟူသော ဝေါဟာရတွင် **ပန်**မှာ အတတ်ပညာ ပြုလုပ်ခြင်း၊ ပြုလုပ်သူဖြစ်၍ **တျာ**မှာတေးဂီတ တူရိယာ တီးမှုတ်ခြင်း၊ တီးမှုတ်သူ (Music Musician) ဖြစ်၏။ အချို့ပညာရှင်များကမူ **ကချေ(သည်)**မှာ ခံ့ညား နေ့ကွေးသောအကနှင့် ကပြသူဖြစ်၍ **ပန်တျာ (သည်)** မှာ သွက်လက်မြူးကြွသောအကနှင့် ကပြသူဖြစ်သည်ဟု ယူဆကြ၍ ကျောက်စာများ၌ ဖော်ပြပါရှိသည့် စည်ပန်တျာ၊ စည်ကြီးပန်တျာ၊ စည်သည်ပန်တျာ၊ ပန်တျာစည်၊ မြန်မာ ပန်တျာ၊ ကုလားပန်တျာ၊ ပန်တျာကစေ၊ စသည်သည် မြန်မာပန်တျာ၊ ပန်တျာအသက်ကြီးဟူသောအရေး အသားများကို အထောက်အထားများအဖြစ် ညွှန်းပြကြသည်။ သို့ရာတွင် ယင်းပုဂံခေတ် ခေါ်ဝေါ်သုံးနှုန်းမှုများနှင့်ပတ်သက်၍ စည်ပန်တျာ၊ စည်ကြီးပန်တျာမှာ အင်္ဂလိပ် အခေါ် (Instrumental Music) တူရိယာဂီတကဲ့သို့ စည်၊ စည်ကြီး အတီးအမှုတ်၊စည်၊စည်ကြီးဂီတ (Drum Music) ဥပမာယနေ့ကဗျာလွတ်ဒိုးချက်များကဲ့

ရှေးနှစ်ပေါင်း ၁၅၀၀ကျော်က ပျူလူမျိုးများ ကြေးဖြင့် သွန်းလုပ်ခဲ့သည့် ပလွေမှုတ်သူ၊ ဗုံတီးသူ၊ စည်တီးသူ၊ ကသူနှင့် လူရွှင်တော် ရုပ်ကလေးများမှာ သမိုင်း တန်ဖိုးအားဖြင့် အလွန်ကြီးမားလှပေသည်။ ထိုအရုပ်ကလေးများကို သရေခေတ္တရာ မှော်ဇာအရပ်မှ တူးဖော်ရရှိခဲ့သည်။

ဓာတ်ပုံ-သွင်အေး(ကြေးမုံ)

သို့ ဟုလည်းကောင်း၊ ပန်တျာစည်မှာ အင်္ဂလိပ်လို (Musical Instrument) ဂီတတူရိယာကဲ့သို့ စည်တူရိယာ (Musical Drum) ဟုလည်းကောင်း၊ မြန်မာပန်တျာနှင့် ကုလားပန်တျာမှာ မြန်မာတေးဂီတနှင့် ကုလားတေးဂီတဟုလည်းကောင်း၊ စည်သည်မှာ စည်တီးခတ်သူ (Drummer)ဟုလည်းကောင်း၊ ပန်တျာမှာ တေးဂီတပညာ (Music)ဟုလည်းကောင်း၊ ပန်တျာကစေမှာ ဂီတအတီးအမှုတ်ဖြင့် ကပြစေဟုလည်းကောင်း၊ စည်သည်မြန်မာပန်တျာမှာ မြန်မာစည်တီးခတ်သမားဟုလည်းကောင်း၊ ပန်တျာသက်ကြီးမှာ အသက်ကြီးသော ပန်တျာဂီပညာရှင်ဟုလည်းကောင်း အသီးသီးကောက်ယူသင့်ပေသည်။

ရကန်သည်

အကယ်၍ ကျောက်စာတွင်သက်ကြီးပန်တျာသည်ဆိုသည်မှာ အသက်ကြီးသောကချေသည်ဖြစ်ပါက ရှေးခေတ်အခါ၌ ယခုခေတ်၌ကဲ့သို့ပင် အသက်ကြီးရင့်သော အကပညာရှင်များ၏ ကပြမှုကို မည်သည့်ပရိသတ်ကမျှကြည့်ရှုအားပေးလိုခြင်းရှိကြမည်မဟုတ်ပေ။ အသက်ကြီးရင့်သူအား မြန်ဆန်သွက်လက်သောအကကခုန်စေသည်ဆိုခြင်းမှာလည်း မဖြစ်နိုင်ပေ။ ပုဂံခေတ်တွင် အဆိုတော်ကို **သီချင်းသည်** ဟုခေါ်၍ **ရကန်သည်**ဟုလည်းခေါ်ဆိုခဲ့ဟန်တူပေသည်။ သို့မဟုတ် ရကန်သည်မှာ ကဗျာရွတ်ဆိုသူလည်းဖြစ်ပေလိမ့်မည်။

အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် (အေဒီ ၁၃၆၄-၁၈၈၅)များတွင် ဆက်လက်တီထွင်ပေါ်ပေါက်သော တူရိယာများမှာကား မိကျောင်း၊ အောင်းကလေး၊ လက်ခုပ်၊ ပတ္တလား၊ စည်ပတ်၊ စည်ပန်းတောင်း၊ မုရိုးစည်၊ စည်အိမ်ရှင်၊ မြှောက်စည်၊ စည်ဗြော၊ စည်ပတ်၊ စည်ဝန်း၊ အိုးစည်၊ သံလွင်(စည်)၊ သံလွင်(စည်း)၊ ဒုံမင်း(စည်)၊ ဒုံမင်း(လေ)၊ ဒိုးပတ်၊ သံကောက်၊ လင်းကွင်း၊ ကြေးပတ်၊ တံရှည်၊ တံမြှာ၊ ဗုံရှည်၊ ဗုံကြီး၊ ပတ်ဆိုင်း(ပတ်စိုင်း၊ ဆိုင်း၊ ဆိုင်းဝိုင်း)၊ ဆိုင်းစိုင်းပါတူရိယာများ၊ ဖက်လိပ်၊ သပြေသာ၊ ထုလောင်၊ နရည်း၊ သနဲ၊ နှဲစသည်တို့ ဖြစ်ကြသည်။

အငြိမ့်သဘင်သည် တောင်ငူခေတ်ခန့်တွင် စတင်ပေါ်ပေါက်စဉ်က အဆိုအက နှစ်ဌာနတည်းသာ ပါရှိ၍ အကမပါဘဲ ဥရောပနိုင်ငံများ၌ ခန်းမဆောင် ဂီတ (Chamber Music)ကဲ့သို့ နန်းတော်အိမ်တော်များရှိ ခန်းမဆောင်များအတွင်းတွင် ငြိမ့်ညောင်းသာယာစွာ သီဆိုတီးမှုတ်ဖျော်ဖြေရသော သဘင်တစ်ရပ်ဖြစ်သည်။ **စောင်း၊ ငြင်း၊ မိကျောင်း၊ အောင်းပတ္တလား၊ တယောအားဖြင့်၊ ခြောက်ပါးငြိမ်းမျိုး** ဟူသော ကုန်းဘောင်ခေတ်ရေး မဃဒေဝလင်္ကာသစ်အဆိုအရ အာရုံခြောက်ပါးနှင့်ယှဉ်၍ အငြိမ့်တူရိယာခြောက်မျိုးအရေ အတွက်ကို ကန့်သတ်လျာထားခဲ့ဟန်တူပေသည်။

ဆရာကြီး ဦးဖိုးလတ်က **မြန်မာစကား အဖွင့်ကျမ်း၊ ဖြည့်စွက်တွဲ**၌ ရှေးအမှတ်အသားများတွင် တံပိုးရှစ်ပါးဟု ဖော်ပြလေ့ရှိသော်လည်း သေချာစွာ ရေတွက်ကြည့်သောအခါ ပလွေ၊ နှဲ၊ ချည်ချောင်း၊ ထုလောင်၊ ခရာကောက်၊ တံရှည်၊ တံမြှာ၊ ဖက်လိပ်၊ ခရုသင်း၊ တံပိုး၊ သပြေသား၊ ဒုံမင်းဟူ၍ ၁၂ ပါးရှိသည် ဟု ရေးသားဖော်ပြထားပေသည်။

ပတ်ဝိုင်း

မျက်မှောက်ခေတ်တွင် ၂၁ လုံးခန့်သော ပတ်လုံးခေါ် ဗုံများကို ဝန်းဝိုင်းဆွဲဆိုင်းထားသော တူရိယာကြီးကို ရှေးက ပတ်၊ ပတ်ဆိုင်း၊ ပတ်ဝိုင်းဟု အရေးအခေါ်များခဲ့သည်။ ဆရာကြီးဦးဖိုးလတ်က ဖတ်ပုဒ်သည် သင်္သကရိုက်ဘာသာအားဖြင့် တီးမှုတ်ခြင်း၊ တီးမှုတ်စရာတူရိယာ ဟောဝါဒ ပုဒ်သတ်၊ မွန်ဘာသာတွင် ထိုအတိုင်း ဟောဗ္ဘာတ်ဟုရေး၍ ပတ်ဟု ဖတ်ရွတ်သောပုဒ်နှင့် မိတ်တူဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာဘာသာ၌လည်း ပတ်၏ အနက်ရင်းမှာ တီးမှုတ်ခြင်း၊ တီးမှုတ်စရာ တူရိယာဟောပင်ဖြစ်ကြောင်း၊ ပတ္တလား(ပတ်တလား)ဆိုသည်၌လည်း တီးခေါက်စရာ ဝါးအစိတ်အပိုင်း အပြားအချပ်များကို ရှေးက ပတ်ဟုပင်ခေါ်ဆိုခဲ့ကြောင်း၊ တလားမှာ ရှည်လျားသော သေတ္တာပင်ဖြစ်ကြောင်း ရေးသားခဲ့သည်။ ထို့ပြင် ရှေးကကြေးပတ်၊ သားရေပတ်ဟုလည်း ရှိခဲ့လေသည်။ နိုင်ငံတော်က မြန်မာ့ရိုးရာ တူရိယာပြပွဲကြီးကို အောက်ပါရည်ရွယ်ချက်လေးရပ်ဖြင့် မကြာမီ ခင်းကျင်းပြသတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

(က) တိမ်မြုပ်ပျောက်ကွယ်သွားသော မြန်မာ့ရှေးဟောင်း တူရိယာများကို ပြန်လည်ဖော်ထုတ်ရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ တူရိယာများနှင့် တေးဂီတများကို သိရှိလေ့လာခွင့်ရရှိခြင်းဖြင့် တိုင်းရင်းသား ယဉ်ကျေးမှု သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) အဆိုပါသုတေသနရလဒ်ကို အမျိုးသားပြတိုက်၏ အမြဲတမ်းခင်းကျင်းပြသမှုတွင် တိုးချဲ့ပြသရန်၊

(ဃ) အထူးပြပွဲ ခင်းကျင်းပြသခြင်းဖြင့် အမျိုးသားပြတိုက်ကို လူထုပိုမိုသိရှိစိတ်ဝင်စားလာစေရန်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ခန့်မှန်းအကဲခတ်ရာတွင် အခြားသောနည်းလမ်းများရှိသကဲ့သို့ ထိုနိုင်ငံ၏ တူရိယာများဖြင့်လည်း တိုင်းတာသိရှိနိုင်သည်ဟု ယူဆရပေသည်။ ထိုသို့ဖြစ်လျှင် မြန်မာတို့၏ ထူးဆန်းစုံလင် များပြားလှသည့် ယခင်နှင့်ယခု တူရိယာများဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကြီးမား၊ မြင့်မားလှကြောင်းကို မှတ်ကျောက်တင် ဖော်ဆောင်ပြသနိုင်မည်ဖြစ်သော မကြာမီခင်းကျင်းပြသတော့မည့် မြန်မာ့ရိုးရာတူရိယာပြပွဲကြီးကို ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

မိကျောင်းစောင်း

မြန်မာဆိုင်းပညာရှင်ကြီး ဆရာကြီးစိန်ဗေဒါ တီးခဲ့သည့် ယခုအခါတွေ့ရမြင်ရခဲသော မိကျောင်းစောင်းကိုလည်း မြန်မာ့ရိုးရာတူရိယာပစ္စည်းပြပွဲတွင် လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

ဓာတ်ပုံ- သွင်အေး(ကြေးမုံ)



တွင်းတော်–လေးမြေ ကျေးရွာချင်းဆက် မြေသားလမ်းဖွင့် ဘုတလင်နှင့် မုံရွာမြို့များသို့ ရာသီမရွေး သွားလာနိုင်ပြီ

မုံရွာ ဇူလိုင် ၃၀

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် တွင်းတော်–လေးမြေ ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက တွင်းတော်ရွာ၌ ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လေးမြေရွာနှင့် တွင်းတော်ရွာမှ ပြည်သူများတက်ရောက်ကြသည်။ **(ယာပုံ)**

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်မှုနှင့် ပတ်သက်၍ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက ရှင်းလင်းတင်ပြပြီး မြေသားလမ်းသစ်ကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မြေသားလမ်းသစ်ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လေးမြေကျေးရွာတွင် ကျေးရွာလူထုနှင့် တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ရာသီမရွေး

လေးမြေရွာသည် ယခင်က ကားလမ်းမရှိသဖြင့် မုံရွာမြို့သို့ ရေကြောင်းဖြင့်သာ သွားလာနိုင်ပြီး တွင်းတော်နှင့် လေးမြေရွာ မြေသားလမ်း ဖောက်လုပ်ပြီးစီးခဲ့သဖြင့် ဘုတလင်မြို့နှင့် မုံရွာမြို့များသို့ ရာသီမရွေး မော်တော်ယာဉ်များဖြင့် အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်သည်။

ထောက်ပံ့ငွေ

တွင်းတော်နှင့် လေးမြေ ကျေးရွာချင်းဆက် မြေသားလမ်းသည် အရှည် ၃မိုင် ၃ဖာလုံ၊ အကျယ် ၁၆ပေရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်၅၃သိန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကြံခင်းမြို့ မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင် ၁၂ ရက်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက လမ်းမတော်လမ်းတစ်လျှောက်တွင် စက္ကူပန်း၊ စိန်ပန်းပင်နှင့် ခရာဝါပန်း အလှပင်များ စိုက်ပျိုးရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးအောင်ဘွားနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ပညာပါရမီဖြည့်ဆည်း ကျောင်းသုံးစာအုပ်များ လှူဒါန်း

တောင်ငူ ဇူလိုင် ၁၅

ပညာပါရမီဖြည့်ဆည်းသောအားဖြင့် တောင်ငူမြို့ ဘုရင့်နောင်ဈေးမှ ဦးရဲမြင့်–ဒေါ်လှလှရီ (ပွဲရုံလုပ်ငန်း) မိသားစုက တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသား ၁၀၅ ဦးတို့အတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် အလှူငွေ စုစုပေါင်း ကျပ်တစ်သိန်း နှစ်သောင်းကျော် လှူဒါန်းပွဲကို ဇူလိုင် ၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)** (၁၂၉)

အလှူရှင် စက်ရေတွင်း မင်းလှ၌ဖွင့်လှစ်

မင်းလှ ဩဂုတ် ၁

မကွေးတိုင်း မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာမှ အလှူရှင် ဦးစိန်ကောက်–ဒေါ်တင်ကြည် မိသားစု လှူဒါန်းသည့် အလှူရှင်စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက ပန်းတော်ပြင်ကျေးရွာ စက်ရေတွင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က စက်ရေတွင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စက်ရေတွင်းကို မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းရှိန်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးနေမျိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၁၂၅ ပေရှိပြီး တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ထွက်ရှိသည်။ (၆၇၆)

တောင်ဘီလေးကျေးရွာအုပ်စု ကာရာအိုကေရှင်းလင်းပြီး

စာတည်းမှူးခင်ဗျား–

၁၈–၆–၂၀၀၃ ရက်ထုတ် ကြေးမုံသတင်းစာပါ ညောင်ဦးမြို့နယ် တောင်ဘီလေးကျေးရွာအုပ်စုတွင် ကာရာအိုကေဆူညံမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးပါကြောင်း ပြန်လည်ဖြေရှင်းတင်ပြပါသည်။

ဗီဒီယိုအခြေခံအဖွဲ့၊ ညောင်ဦး။

ဆေးရုံ–တဲကြီးကုန်းလမ်းဆုံ ခုံးပေါက်ပြုပြင်ပြီး

စာတည်းမှူးခင်ဗျား–

၆–၇–၂၀၀၃ ရက်ထုတ် ကြေးမုံသတင်းစာပါ မြန်အောင်မြို့ အမှတ်(၂) ရပ်ကွက် ဆေးရုံ–တဲကြီးကုန်း လမ်းဆုံ၊ ခုံးပေါက်ပြုပြင်ပေးပါ ခေါင်းစဉ်နှင့် ပတ်သက်၍ မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖော်ပြပါသည်။

မြန်အောင်စည်ပင်။

ပြည်သူ့ထံမှ ပေးစာ

ပလတ်စတစ်အညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းမှူးရှင့်–

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် အနောက်ရွှေဂုံတိုင်လမ်းမကြီးနံဘေး ခြံတစ်ခြံရှိ ပလတ်စတစ်စက်ရုံသည် နံနက်မိုးလင်းမှ မိုးချုပ်ထိ လုပ်ငန်းလုပ်ဆောင်နေပါသည်။

ထိုစက်ရုံမှ ထွက်ရှိသော ပလတ်စတစ်ညော်နံ့နှင့် အခြားဓာတုဗေဒ ဆေးဝါးအနံ့များကြောင့် ပတ်ဝန်းကျင်နေအိမ်များမှာ နေ့စဉ်အနံ့ဆိုးများ ခံစားနေရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးလွန်စွာ ထိခိုက်နေပါသည်။

သို့ပါ၍ ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

ကျန်းမာရေးထိခိုက်နေသူများ။

ရပ်ကွက်တွင်းမှကားဘော်ဒီထုသံ နားမခံသာ

စာတည်းမှူးခင်ဗျား–

မြောက်ဒဂုံမြို့နယ် ပင်လုံလမ်းမ (၃၀)ရပ်ကွက် စစ်တောင်းမှတ်တိုင်အနီး အိမ်တစ်အိမ်တွင် ကားဘော်ဒီလုပ်ငန်း လုပ်ကိုင်လျက်ရှိပါသည်။

ယင်းကားဘော်ဒီရုံမှ နေ့စဉ်ဘော်ဒီထုသံ၊ သံပြားရိုက်သံများမှာ နားမခံနိုင်လောက်အောင် ဆူညံလျက်ရှိပြီး လျှပ်စစ်ညှော်နံ့၊ လေအိုး ညှော်နံ့ဆိုးများလည်း အမြဲထွက်လျက်ရှိပါသဖြင့် ပတ်ဝန်းကျင်မှလူများ ကျန်းမာရေး ထိခိုက်လျက်ရှိပါသည်။

သို့ပါ၍ ရပ်ကွက်အတွင်း လုပ်ကိုင်နေသည့် ယင်းကားဘော်ဒီလုပ်ငန်းအား သက်ဆိုင်ရာက စိစစ်ဆောင်ရွက် ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

နားမခံနိုင်သူများ။

ကျွဲ၊ နွားမှောင်ခို အရေးယူစေလို

စာတည်းမှူးခင်ဗျား–

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာအုပ်စုတွင် ကျွဲ၊ နွားမှောင်ခိုများ ခြေရှုပ်နေပြီး ကျွဲ၊ နွားပျောက်ဆုံးမှုများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် တောင်သူလယ်သမားများ လုပ်ငန်းခွင်ဝင်ရာ၌ အခက်အခဲတွေ့နေရပါသည်။

သို့ပါ၍ သက်ဆိုင်ရာက လိုအပ်သလို ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

လယ်သမားတစ်ဦး။

လိုင်းကားများ လော်ကားဂိတ်ဆုံးထိ ပြေးဆွဲပေးပါ

စာတည်းမှူးခင်ဗျား–

ရွှေပြည်သာမြို့နယ်အတွင်းရှိ ဗန္ဓုလလမ်းတစ်လျှောက် ပြေးဆွဲလျက်ရှိသော လိုင်းကားများသည် ဗန္ဓုလလမ်းအဆုံးဖြစ်သော လော်ကား–ဝါးတရာလမ်းဆုံသို့ ရောက်အောင် ပြေးဆွဲခြင်းမရှိဘဲ (၉)ရပ်ကွက်၊ ဏ/တ ရပ်ကွက်များထိသာ ဂိတ်ဆုံးနေပါသည်။ ထ/၁၆၊ ဒ/၆၃၊ ဝါးတရာ၊ လိန်ကုန်း၊ လော်ကား အစရှိသည့်ကျေးရွာများတွင် နေထိုင်လျက်ရှိသော ပြည်သူများအနေဖြင့် ခရီးသွားလာရသည်မှာ နေ့စဉ်အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

သို့ပါ၍ ရွှေပြည်သာမြို့ရှိ လိုင်းကားအချို့ကို လော်ကား ကားဂိတ်ရောက်အောင် ပြေးဆွဲပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

ခရီးသည်တစ်ဦး။

ခရေပင်လမ်း အဆောက်အအုံများ ဖယ်ရှားပေးပါ

စာတည်းမှူးခင်ဗျား–

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းမကြီးတွင် အောင်မင်္ဂလာ အဝေးပြေး ကားစခန်းတည်ရှိပါသဖြင့် အဝေးပြေးကား၊ မထသ မော်တော်ယာဉ် လိုင်းကားများဖြင့် အစဉ်ရှုပ်ထွေးလျက်ရှိပါသည်။

ထိုသို့ကားများရှုပ်ထွေးနေသော်လည်း ဈေးဆိုင်များ၏ မတော်လောဘကြောင့် ကားလမ်းများမှာ ကျဉ်းမြောင်းနေပြီး ယာဉ်အန္တရာယ် အလွန်စိုးရိမ်နေရပါသည်။

သို့ပါ၍ ခရေပင်လမ်း တစ်ဖက်တစ်ချက်စီတွင် အဆောက်အအုံများ အခိုင်အမာတည်ဆောက်၍ ရောင်းချ၄ားရမ်းနေသော ဈေးဆိုင်များကို ဖယ်ရှားပေးပါရန် တင်ပြပါသည်။

ယာဉ်အန္တရာယ်စိုးရိမ်သူ။

ဘီစကွတ်မုန့်လုပ်ငန်း ဖယ်ရှားပေးပါ

စာတည်းမှူးရှင့်–

ကြည့်မြင်တိုင်မြို့နယ် သရက်တောတောင်ရပ်ကွက်(၄)လမ်း အထက်တွင် ဘီစကွတ်မုန့်မျိုးစုံ လုပ်ငန်းလုပ်သော အိမ်တစ်အိမ်ရှိပါသည်။

ညဘက် အိပ်စက်အနားယူသော အချိန်တွင် မုန့်လုပ်ငန်းမှထွက်ရှိသော စက်သံများ၊ မီးခိုးငွေ့မုန့်ညှော်နံ့များကို နေ့စဉ်နှင့် အမျှ ခံစားနေကြရပါသည်။ သို့ပါ၍ ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

အညှော်နံ့မခံနိုင်သူ။

ခွေးလေခွေးလွင့်များ ဖယ်ရှားပေးစေလို

စာတည်းမှူးခင်ဗျား–

ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်း လမ်းကျယ်၊ အမှတ် ၁၃၅/၁၃၆လမ်းကြားရှိ ခွေးလေခွေးလွင့်များသည် အုပ်စုဖွဲ့၍ လမ်းသွားလမ်းလာများကို အန္တရာယ်ပြုခြင်း၊ လမ်းအတွင်း ညအိပ်ရပ်နားသည့် ကားများအမိုးပေါ်တက်၍ ကိုက်ဖြတ်ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

သို့ပါ၍ သက်ဆိုင်ရာက လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှတစ်ဆင့်တင်ပြပါသည်။

မအူကုန်းသား။

EMPIRE Colour Separation မှ ဈေးနှုန်းသက်သာစွာဖြင့် ထုတ်ဆောင်ရွက်ပေးနေပြီ

[illegible]

Empire Color Repro မှ [illegible] Computer Film [illegible]

"[illegible]" [illegible]

[illegible] ၂၄နာရီဖွင့်လှစ် [illegible]

1 Color 1 sq. inch 9 Ks.	2 Color 1 sq. inch 18 Ks.
3 Color 1 sq. inch 35 Ks.	4 Color 1 sq. inch 45 Ks.

No.188, 31st Street, (Upper Block), Pabedan Township, Yangon.

ROYAL ARROW CAR RENTAL

[illegible]

211485, 212193

Ruby Car Rental ☎ 725317, 650823

Saloon ရှိ Van, Hilux, Publica [illegible]

TANDEM CAR RENTAL

[illegible]

☎ 298472 / 297201

09-8030239

Excel Shopping Mall မကြာမီ ဖွင့်လှစ်မည်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်၊ ရွှေဂုံတိုင်မီးပွိုင့်အနီး

EXCEL SHOPPING MALL တွင် FASHION SHOP, SUPER MARKET နှင့် SHOW ROOM များ မကြာမီဖွင့်လှစ်မည် ဖြစ်ပါ၍

(၁) လူသုံးကုန်ပစ္စည်းများ (၂) စားသောက်ကုန်ပစ္စည်းများ

(၃) အခြားအသုံးအဆောင်ပစ္စည်းမျိုးစုံ တင်သွင်းရောင်းချလိုသော လုပ်ငန်းရှင်များသည် ဖော်ပြပါဖုန်းနံပါတ်နှင့်လိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် - PH : 09 500 7280 , 559744 , Ex : 182

SUPER MARKET သို့ ပစ္စည်းသွင်းလိုသူများ - 559744 , Ex : 132 , 185

အမှတ်-၅၂၀ဖွဝ္စာ၊ ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်၊ ရွှေဂုံတိုင်မီးပွိုင့်အနီး

EXCEL TREASURE TOWER ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆရာစံပလာဇာ ဒုတိယထပ်မှာ *DG* **Furniture Supermarket** ကြီး ဖွင့်လှစ်လိုက်ပြီ

ဝေါ်ခနဲပါ ဝင်လာခဲ့ကြ ရွေးချယ်ဖို့ အခွင့်ကောင်း မကြာခင် ...

Furniture လောကရဲ့ Super Brand များကို တစ်နေရာတည်းမှာ တစုတစည်းတည်း ခင်းကျင်းပြသ ရောင်းချပေးနေပါပြီ

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် (၁-၈-၂၀၀၃) မှ (၁၆-၉-၂၀၀၃) အထိ ရက်ပေါင်း (၄၅)ရက်အတွင်း ၁%မှ ၂၀% အထိ ဈေးလျှော့၍ အထူးနှုန်းဖြင့် ရောင်းချပေးပါမည်

နေ့စဉ် နံနက် (၉း၀၀) နာရီမှ ညနေ (၆း၀၀) နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါသည်။

ကြောက်ပြီးမွေ့အောင်သာ လာရောက်ကြည့်ရှုလိုက်ပါ

PRESTIGE Classic Furniture · HiVim · ROYAL Modern Furniture · SWEETY HOME Modern Furniture · Q&D Quality and Design Furniture · CMT Chan Myae Tha Wood Furniture · Pwint Oo Modern Furniture

ဆရာစံပလာဇာ၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Developer : The Decorators' Group - Tel : 95-1-297238, E-mail : decorators@yangon.net.mm

ROYAL JUNE ART STATION [illegible]

ကိုင်ဇာ

Tape, CD, VCD-KARAOKE

ရောင်းဈေး ၁၆၀၀ ထွက်ပြီ

GRACE TRAINING AND SERVICE CENTRE

[illegible]

(ပစ္စည်းကိရိယာစုံလင်စွာဖြင့် လက်တွေ့သင်သည်)

4.8.03 [illegible] (11:00 မှ 1:00) [illegible]

[illegible] ☎ 707956

ပြက်စီမံး ကျွမ်းကြောင် [illegible]

[illegible]

ထွက်ပါပြီ

ရန်ကုန် - Echo Media

MCC

✔ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်.........

..........ကွန်ပျူတာကို အခြေခံမှစ၍သင်ကြားပေးမည်

ICT FOUNDATION COURSE

တစ်ပတ်လျှင်...စာသင်ကြားချိန် ၁၄ နာရီဖြင့် ၄ လ သင်ကြားပါသည်........

၃၇၇၈၁၆ ၂၄၅၅၅၈ ၃၇၃၃၅၂ ၂၈၈၆၇၇

အများသိစေရန်ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ရုံးဝန်ထမ်း (ဘွဲ့ရ/ကျား၊ မ)

၂။အရောင်းမြှင့်ဝန်ထမ်း(ကျား၊ မ)

၃။ထုတ်လုပ်ရေးဝန်ထမ်း(ကျား၊ မ)

စကားပြောပြေပြစ်၍ ဈေးကွက်ကို စိတ်ဝင်စားသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။ လျှောက်ထားသူသည် ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့် အခြားလိုအပ်သော စာရွက်စာတမ်းအပြည့်အစုံနှင့် လျှောက်ထားနိုင်ပါသည်။

DREAM အလှကုန်လုပ်ငန်း၊ အမှတ်(၇)ရွှေနှင်းဆီလမ်း(၈)မိုင်ခွဲ မဟာစည်မှတ်တိုင်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၆၆၅၂၅၆။

ကားငှားမည်

1 Ex Saloon, Super Saloon, Double Cab, Pick-up, Saloons.

[illegible]

ITD Co.,LTD ☎ 297490

လုံးချင်းတိုက်ငှားမည်

ဖုန်း - ၅၇၁၆၉၅ ၆၆၁၂၂၉ ၇၀၄၈၇၉။

MILLION MILES Car Rental

☎ : 242658

: 0950-20412

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့်မြေ မြို့နယ်	ရပ်ကွက်	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	CE - [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	CE - [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း (ကမာရွတ်)
၂၀၀၂-၂၀၀၃တက္ကသိုလ်ဝင်တန်းအောင်
ကျောင်းသား/သူများ၏အာစရိယပူဇော်ပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၀၂-၂၀၀၃တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/ သူများ

၆	ဘာသာဂုဏ်ထူးရှင်	၁၄ ဦး
၅	ဘာသာဂုဏ်ထူးရှင်	၃၇ ဦး
၄	ဘာသာဂုဏ်ထူးရှင်	၄၇ ဦး
၃	ဘာသာဂုဏ်ထူးရှင်	၃၄ ဦး
၂	ဘာသာဂုဏ်ထူးရှင်	၄၂ ဦး
၁	ဘာသာဂုဏ်ထူးရှင်	၅၄ ဦး
	ရိုးရိုးအောင်	၂၀၁ ဦး

တို့၏ အာစရိယပူဇော်ပွဲအတွက် အထက်ပါကျောင်း၏ အနုပညာခန်းမသို့ ၁၁-၈-၂၀၀၃ နေ့နောက်ဆုံးထား၍ နေ့စဉ် ကျောင်းချိန်အတွင်း လာရောက်ဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဆုနှင်းသဘင်ပွဲကို ၁၆-၈-၂၀၀၃ (စနေနေ့) နံနက် (၉:၀၀)နာရီတွင် အနုပညာခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆရာကန်တော့ပွဲကို ၎င်းနေ့ ဆုနှင်းသဘင်ပွဲအပြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား/သူများ။

အကောင်းဆုံးနေရာမှာ–အသင့်နေပါ

ရွှေတောင်ကြားလမ်းမပေါ် ၄၁၀၀(စ)ပေ၊ ဘိုးဘွားမြေ၊ မျက်နှာစာကျယ်၊ RC နှစ်ထပ်တိုက်၊ ပြင်ဆင်ပြီး၊ 1MBR ၊ 4BR ၊ ရေ၊ မီး၊ ဖုန်း၊ ကားဂိုဒေါင်၊ ခြံအုတ်တံတိုင်းခတ်ပြီး၊ အရှုပ်အရှင်းကင်း။

အသင့်နေရုံ။ ဈေးနှုန်းညှိနှိုင်း။

ဖုန်း-(ရုံးချိန်)- ၂၀၂၅၃၉၊ ၀၉-၅၀၀၅၃၃၇။

အမြန်အလိုရှိသည် (Local Service Only)

Graphic Designer မ-၁ ဦး

ဘွဲ့ရ၊ အသက် ၂၀-၃၅၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိပြီး ကျွမ်းကျင်ရမည်။

အလုပ်သမားမှတ်ပုံတင်မိတ္တူဖြင့် ကိုယ်တိုင်(သို့)စာဖြင့်(၇)ရက်အတွင်း လျှောက်ထားရန်။

၆၊ မြကန်သာ၃လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၆၈၂၃၁၈၊ ၆၈၂၉၆၈၊ ၇၀၄၉၄၀။



ပဲခူးအသင်း(ရန်ကုန်)
ဦးတင်မေ
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၂/၃၆)နေ (ဦးဖိုးထွန်း-ဒေါ်ဖွားညွန့်)တို့၏သား၊ ဒေါ်ခင်သိန်း၏ခင်ပွန်း ဦးစိုးညွန့်(ပဲခူးအသင်း)-ဒေါ်တင်နုရီတို့၏ဖခင်၊ မဖြိုးပြေခိုင်၏အဘိုးသည် ၃၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁-၈-၂၀၀၃ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ကွန်ပျူတာပျက်လျှင် အိမ်တိုင်ရာရောက် ပြုပြင်ပေးပါသည်။

Ph: 225649, 09-500-7665။

ခွေးရောင်းရန်

DIZEL(Inported German -Alsatian)၏မျိုးဆက်စံချိန်မီအယ်လ်ဖေးရှင်းသားခွဲကလေးများနှင့် ခွေးမကြီးပါရောင်းရန်ရှိပါသည်။

အမှတ်(၇၉)၊ ဗဟိုလမ်း(ဦးဘဟန်လမ်း) (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(သမိုင်း)။



ဘီးလင်းမြို့နယ်အသင်း
ဦးမျိုးညွန့် (၇၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈ လမ်း၊ အမှတ်(၁၅၇)နေ ရာသက်ပန်အသင်းဝင် ဒေါ်စုစုရွှေ၏ခင်ပွန်းဦးမျိုးညွန့်သည် ၂၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁-၈-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ကန့်ကွက်နိုင်ပါသည်
မော်တော်ယာဉ်အမှတ် ၅က/၅၉၀၄ လက်ဝယ်ရှိသူက မှတ်ပုံတင်စာအုပ် (ကမ-၃) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး (ကလေး)သို့ ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညနခရိုင်ရုံး (ကလေး)။**

ဦးသွင်(ခ)ဖိုးထူး (၈၉)နှစ်
မြန်မာ့ရေနံ့ရောင်းချရေးမန်နေဂျာ (အငြိမ်းစား)၊ (ပုသိမ်)

ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ တလိုင်းချောင်ရပ်နေ (ဦးဘဝွမ်း-ဒေါ်မဲ့ဘူး)တို့၏ သား၊ (ဒေါ်အေးရီ)၏ခင်ပွန်း၊ ဦးချစ်(ရွှေသိမ်ချစ်-ဒေါ်လေးရင်)၊ (ဦးစိုးမောင်)-ဒေါ်စိန်မေတို့၏ညီ၊ (ဦးချစ်အေး)-ဒေါ်ခင်ကြည်တို့၏ အစ်ကို၊ (ဦးမင်းသွင်-ဒေါ်တင်ဌေး)၊ ဦးသန်းတင့်-ဒေါ်ညွန့်ညွန့်စိုး၊ ဒေါ်မြင့်မြင့်ဝင်း (မဗိုလ်မ)(စော/ရှေ့အောင်သ/မ)၊ ဦးထူးထူးလွင်-ဒေါ်မြမြဝင်း (မဘောဘီ)၊ (ကိုထွန်းအောင်)၊ ဒေါ်လဲ့လဲ့ဝင်း၊ ဦးဌေးဝင်း - ဒေါ်နွဲ့နွဲ့ဝင်း(ချောစု)တို့၏ဖခင်၊ မောင်ကျော်ကျော်အောင် - တင်တင်အောင်၊ မောင်ကိုကြီး-ဇင်မာအောင် (မာကြီး)၊ မပြည့်ပြည့်ဖြိုး (M.G Ruby)၊ မောင်ဇော်လင်းအောင်၊ မောင်ရဲကိုကို၊ မဝတ်မှုံထူးတို့၏ အဘိုး၊ သဲနန္ဒာစုသက်နှင်းစံတို့၏ ဘိုးဘိုးကြီးသည် ၂-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၄-၈-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အမှတ်၆၊ ဦးလူကလေးလမ်း၊ အလုံမှ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစု(၈၂)နှစ်
ဟိုတယ်ခရီး(ငြိမ်း)
(ထားဝယ်)

ထားဝယ်မြို့၊ ဇရစ်ရပ်နေ(ဦးဘအို-ဒေါ်စောခင်)တို့၏သမီး၊ (ဦးစိုးညွန့်)၊ (ဦးညွန့်လှိုင်-ဒေါ်မေကြွေ)၊ (ဦးကြည်စိန်-ဒေါ်ကြည်)၊ (ဦးဘသိန်းတင်-ဒေါ်လေးတင်)၊(ဦးဖေသက်-ဒေါ်တင်ညွန့်)၊ (ဦးဖေညွန့်-ဒေါ်ကြည်)တို့၏ ညီမ၊ ပါမောက္ခဦးစိုးမြင့်(ငြိမ်း)-ပါမောက္ခဒေါ်အုန်းကြည်(ငြိမ်း)၊ဦးမျိုးအောင်-(ဒေါ်ကျင်ဝါ)၊ ဦးမြင့်အောင်-ဒေါ်တင်ညွန့်၊ ဦးမြင့်မောင်-ဒေါ်ကြည်ဝင်း၊ ဒေါက်တာ ဦးမျိုးမြင့်-ဒေါ်ကြွယ်ကြွယ်တို့၏ အစ်မ၊ တူ၊တူမ ၃၀ယောက်တို့၏ အဒေါ်၊နွယ်သာကီလမ်း အမှတ်(၅၃၄) ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်သန်းစုသည် ၃-၈-၂၀၀၃(တနင်္ဂနွေနေ့) ညနေ ၆:၂၅နာရီတွင် UHC ဆေးခန်း၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်း၊ ရဟန်း ဒါယကာကြီး
ဦးညွန့်လှိုင် (၆၆)နှစ်
(ဇီးကုန်းမြို့နယ်အသင်း၊ နာယက)

ဦးအောင်လင်း -ဒေါ်ကေသီလှိုင် (ခေတ္တ-စင်ကာပူ)၊ ဦးအောင်ဇေယျ (ကိုသကြား - စိုင်းဘုန်းထူး - ဓာတ်ပုံ၊ ဗီဒီယို) - ဒေါ်ဥမ္မာလှိုင်(နေမင်းအောင် အထည်ချုပ်စက်ရုံ)၊ ကိုမိုးသီဟ (စိုင်းဘုန်းထူး-ဓာတ်ပုံ၊ ဗီဒီယို)-ဒေါ်မဥ္ဇူလှိုင်၊ ဒေါက်တာမိုးဖြူလှိုင်(သိပ္ပံနှင့် နည်းပညာ)၊ ဦးရဲဦးချို(Asia World)-ဒေါ်လှမျိုးလှိုင်တို့၏ ဖခင်၊ မြေး၁၀ယောက်တို့၏အဘိုးသည် ၃-၈-၂၀၀၃ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃(အင်္ဂါနေ့) နံနက်၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူသားသမီးများမိသားစု။

ရဟန်းအမကြီး
ဒေါ်လှသိန်း (၆၅)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်၊ နေမျိုးသီဟလမ်း၊ အမှတ်(၁၄/၅/၂၅၅)နေ (ဦးရွှေတင်-ဒေါ်သောင်း)တို့၏ သမီး၊ ပေါင်းတည်မြို့နေ (ဦးပါ-ဒေါ်စု)တို့၏ ချွေးမ၊ ဦးသိန်းအောင်(ပ-အရာခံဗိုလ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးသော်ရှိန်)-ဒေါ်ခင်သန်းတို့၏ ညီမ၊ ဦးလှရွှေ(ရေ-ငြိမ်း)-ဒေါ်အေးငွေတို့၏ အစ်မ၊ ဦးထွန်းအောင်-ဒေါ်မြသွင်၊ ဦးသိန်းမြင့်-ဒေါ်ကျင်လှိုင်၊ (ဦးဖိုးသာ)-ဒေါ်ထွေးစိန်၊ (ဦးစံမြိုင်)-ဒေါ်အေးရှိန်၊ (ဦးကောင်းကြွယ်)-ဒေါ်နွဲ့တို့၏ ချစ်လှစွာသောညီမ၊ ဦးကျင်သိန်း(ရေ-ငြိမ်း)-ဒေါ်စိန်ပုတို့၏ ချစ်လှစွာသောအစ်မ ဒေါ်လှသိန်းသည် ၂-၈-၂၀၀၃(စနေနေ့) ည ၈ နာရီတွင် ကွယ်လွန်ပါ၍ ၄-၈-၂၀၀၃(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင်မြောက်ဥက္ကလာပဆေးရုံကြီးမှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းအမကြီး
ဒေါ်အုံးကြည်
အသက်(၈၀)
(ကျိုက်လတ်)

ကျိုက်လတ်မြို့နေ(ဦးဖိုးလူ-ဒေါ်နန်းခင်)တို့၏ သမီးထွေး၊ ဦးတင်အောင်၏ အစ်မ၊ (ဦးသာမြတ်-ဒေါ်အုံးစိန်)၊ (ဒေါ်သိန်းတင်)တို့၏ ညီမ၊ (ဦးအေး)၏ ဇနီး၊ ဒေါ်အုံးကြည်-ဦးကျင်စိန်၊ ဒေါ်တင်တင်နု၊ (ဦးမြင့်ဆွေ)-ဒေါ်သန္တာလွင်(ရှိုင်းဟုတ်)၊ ဦးတင်အေး-ဒေါ်ခင်မျိုးဆွေ၊ ဦးတင်ဝင်း-ဒေါ်သိဂီ၊ ဦးမြင့်စိန်၊ ဦးကျော်ကျော်ဦး-(ဒေါ်သန်းသန်းအေး)၊ ဦးရွှေမြင့်-ဒေါ်ဝင်းမြင့်သန်းလွင်၊ ဦးကျင်သိန်း-ဒေါ်လဲ့လဲ့မိုးတို့၏ မိခင်ကြီး၊ မြေး၁၂ယောက်တို့၏ အဘွားသည် ၃-၈-၂၀၀၃ရက် နံနက်၉:၃၀နာရီတွင် တိုက်(၈)၊ အခန်း(၁၀)၊ လမ်းသစ်ရိပ်သာ နေအိမ်၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဖိုးသီ
အသက်(၇၅)နှစ်
(အထုံကျေးရွာ၊ကဝမြို့နယ်)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၁၅)၊ ရန်ပြေ (၁၈)လမ်း၊ (၃)ရပ်ကွက်နေ (ဦးဘအေး-ဒေါ်စောတင်)တို့၏ သား၊ ဒေါ်တင်လှ၏ ချစ်လှစွာသောခင်ပွန်း၊ဦးမောင်ဝင်း (ဦးစီး အရာရှိ-ကာယ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန-ဒေါ်ခင်ဖုန်းမြင့်(လယ်/ပြ၊ငြိမ်း၊ အထက-၂၊သာကေတ)၊ဦးသိန်းမြင့်-ဒေါ်သန်းနွဲ့၊မစန်းစန်းမြင့်၊ မစန်းစန်းထွေးတို့၏ဖခင်၊ မသန္တာမောင်ဝင်း [(3rd M.B.,B.S(S)IM(2)]၊ မကြည်သာမောင်ဝင်း (1st Yr. I.T.,G.T.C၊ သန်လျင်)၊မသော်တာမောင်ဝင်း(VI-G၊ အထက-၁၊ဒဂုံ)၊ မောင်ကိုကိုလင်း (X၊ အထက-၂၊ ကြည့်မြင်တိုင်၊ မစုလဲ့မွန်(IX၊အထက-၂၊ကြည့်မြင်တိုင်)၊ မောင်အာကာထွန်း(II၊ အမက-၂၀၊ သာကေတ)တို့၏ ချစ်လှစွာသောအဘိုး ဦးဖိုးသီသည် ၃-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃ ရက်ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း
အသက်(၅၂)နှစ်
(မိသားစု၊ ကရာတေးဒိုအသင်းကြီး)
(ကပရ)

ရန်ကုန်မြို့နေ (ဦးကျော်သန်း-ဒေါ်တွတ်ငယ်)တို့၏သား၊ (ဦးချစ်စိန်)-ဒေါ်စောရွှေတို့၏ သမက်၊ ဦးအောင်ကျော်-ဒေါ်ခင်ဝင်းတို့၏ မောင်၊ ဦးစိုးဝင်း၊ ဒေါ်ဝင်းကြည်၊ ဒေါ်ဝင်းမေ၊ ဒေါ်ဝင်းဌေးတို့၏အစ်ကို၊ (မောင်မင်းမင်းဦး)၊ မသန်းသန်းဌေး၊ မောင်သမိန်ဦးတို့၏ မွေးသဖခင်၊ ဒေါ်အုန်းမြ၏ခင်ပွန်း ဦးတင်ဝင်းသည် ၃-၈-၂၀၀၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃ (အင်္ဂါနေ့) နံနက်၁၀:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်ဇေယျာထွန်း
အသက်(၃၂)နှစ်
(B.Sc Geology)

ပဲခူးတိုင်း မင်းလှမြို့၊ ပေါက်ပင်တန်းလမ်းနေ ဒု-ရဲမှူးတင်ထွန်း(မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကြို့ပင်ကောက်မြို့)-ဒေါ်ကြွေတို့၏ သား၊ ကိုကျော်စွာမြင့်၊ မသီဂီထွန်း၊ ဒေါက်တာတင်ထွန်းဦး (ဟင်္သာတမြို့ဆေးရုံကြီး) - မစန္ဒာထွန်းတို့၏ အစ်ကို၊ မဆုဆုသန့်၏ ခင်ပွန်း မောင်ဇေယျာထွန်းသည် ၃-၈-၂၀၀၃ ရက် နံနက်၁၁နာရီတွင် ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် မင်းလှမြို့တောင်ဘက်သုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ဆင့်(၈၅)နှစ်
(ကျိုက်လတ်)

ကျိုက်လတ်မြို့၊ ဓာတ်မီးစက်ပိုင်ရှင်(ဦးပြန့်-ဒေါ်ကျင်မြိုင်)တို့၏ သမီးထွေး၊ (ဦးဘချစ်- ဒေါ်မြင့်မြင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကိုးမိုင်၊ ဆောဂလမ်း၊ အမှတ်(၂၅)နေ (ဦးစိုးရှင်၊ ဝတ်လုံတော်ရ)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းမောင်ရှင်-ဒေါ်ကြည်ကြည်အေး၊ ဦးကျော်စိုးထွန်း (Asiatic Agriculture Co.,Ltd)-ဒေါ်ချိုချိုရှင် (Uniteam Marine)၊ ဦးမောင်မောင်ရှင်-Jurapon (ခေတ္တ-Bangkok)၊ ဦးအေးမောင်ရှင် (ခေတ္တ-Bangkok)၊ ဦးခင်မောင်ရှင်-ဒေါ်နုနုဆွေ၊ဦးခင်မောင်ဟန်-ဒေါ်ဥမ္မာရှင် (ခေတ္တ-Singapore)၊ ဒေါ်ခင်ဆွေရှင်၊ ဦးသိန်းဇော်-ဒေါ်နွယ်နီရှင်တို့၏ ချစ်လှစွာသောမွေးသမိခင် ကျေးဇူးရှင်မေမေ၊ မဖြူဖြူစိုးသော်၊ ကိုထက်စိုးရှင်-မသင်းသင်းစိုး၊ မောင်ဖြိုးဝေ၊ မောင်စိုးလင်း၊ မောင်ပြည့်ဖြိုးဟန်၊ မောင်ထင်ပေါ် (မနှင်းနုဖြူ)၊ မောင်ထင်လင်း၊ မMichell၊ မအိဝသန်ဇော်၊ မောင် Top၊ မစုလဲ့လဲ့နိုင်တို့၏ အဘွား ဒေါ်ခင်ဆင့်သည် ၂-၈-၂၀၀၃ရက် ည၈း၁၅နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၆-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ဆင့် (၈၅)နှစ်
(ကျိုက်လတ်)

ကျိုက်လတ်မြို့၊ ဓာတ်မီးစက်ပိုင်ရှင် (ဦးပြန့်-ဒေါ်ကျင်မြိုင်)တို့၏သမီးထွေး၊ (ဦးဘချစ်-ဒေါ်မြင့်မြင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကိုးမိုင်၊ ဘောဂလမ်း၊ အမှတ်(၂၅)နေ(ဦးစိုးရှင်၊ဝတ်လုံတော်ရ)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်ညွန့်)-ဒေါ်စန်းစန်း၊ (ဦးအောင်သန်း-ဒေါ်ခင်တင့်)၊ (ဦးခင်စော-ဒေါ်သန်းကြည်)၊ ဦးခင်ထွန်း-ဒေါ်ခင်ထားစိန်၊ ဦးခင်ညို-ဒေါ်ခင်မာလာ၊ ဦးခင်နီ-(ဒေါ်ရီရီသန်း)၊ ဦးတင်ကြည်-ဒေါ်ခင်ဝင်းတို့၏ ချစ်လှစွာသောညီမ/အစ်မဖြစ်သူ ဒေါ်ခင်ဆင့်သည် ၂-၈-၂၀၀၃ရက် ည ၈း၁၅နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၆-၈-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ညွန့်ရီ (၆၈)နှစ်
(မအူပင်)

ဧရာဝတီတိုင်း၊ မအူပင်မြို့နေ (ဦးဖိုးခို-ဒေါ်စု)တို့၏ သမီး၊ ဦးချမ်းအေး-ဒေါ်စန်းကြည်(မအူပင်ရွှေဆိုင်)၏ညီမ၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ တိုက်(၈)၊ (၆လွှာ/B)နေ ဦးခင်မောင်ညွန့်(မအူပင်၊ ဂုန်လျှော်၊ ငြိမ်း)၏ ဇနီး၊ ဒေါ်ခင်မြဝင်း-ဦးမင်းလွင်၊ ဒေါ်ကြည်ကြည်ဝင်း(ဆသရ)၊ မဌေးဌေးဝင်း-ကိုစန်းဝင်းတို့၏ မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂-၈-၂၀၀၃ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၃ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ရဟန်းဒါယကာ
မောင်ထွန်းထွန်းခိုင်(ခ)သားကြီး
အသက်(၃၈)နှစ်
B.Sc (Maths)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅/၂)၊ (၂)လမ်း၊ (၁၄/၁)ရပ်ကွက်နေ ဦးမြင့်မွန်(ရုံးအုပ်၊ ငြိမ်း၊ ရန်ကုန်တိုင်း၊ စက်မှု၊ စက်မှု-၁၊ ဝန်ကြီးဌာန)-ဒေါ်ခင်မေတို့၏သားကြီး၊ မချိုချိုအေး(DGN၊ သူနာပြု)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ထွန်းထွန်းနိုင်၊ မောင်အောင်ဇေယျ-မတင်မွှေမြင့်၊ မောင်စောလှဦး-မအေးအေးမော်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ သုံးယောက်တို့၏ဘကြီးသည် ၂-၈-၂၀၀၃ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၃ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သေးတာ(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးဘိုးငြိမ်း-ဒေါ်ပွဲမှိ)တို့၏ သမီး၊ (ဦးအောင်သိန်း)၏ ဇနီး၊(ဦးသန်းညွှန့်)-ဒေါ်ခင်ငြိမ်းတင်၊(ဒေါ်တိုး)၊(ဦးပု)၊ဒေါ်မိုးတို့၏အစ်မကြီး၊ဦးဝင်းဦး-ဒေါ်ဆွေဆွေဝင်း၊ ဦးလှသောင်း-ဒေါ်အေးအေးမြင့်၊ မမြင့်မြင့်ခိုင်၊မောင်ဇော်၊ မသင်းသင်းဆွေ၊ မောင်မင်းမင်းခိုင်တို့၏ အဒေါ်၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်သေးတာသည် ၁-၈-၂၀၀၃ ရက် ည ၁၁နာရီတွင် (၁၁၇)လမ်း နေအိမ်၌ ကွယ်လွန်ပါ၍ ၂-၈-၂၀၀၃ရက် နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။

ကွယ်လွန်သူ ဒေါ်သေးတာ၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများနှင့် ဓမ္မမိတ်ဆွေများ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအလိုင်း(ခ)ဂေါ်ကီလိုင်း
အသက်(၅၆)နှစ်
(တိုက်ကြီး)

တိုက်ကြီးမြို့၊ မြို့လယ်လမ်းနေ (ဦးကျော်ထပ်-ဒေါ်စံမယ်)၊ မှတ်သုံလမ်းနေ (ဦးပြင်-ဒေါ်အုံဟင်း)တို့၏ မြေး၊ အောင်သုခလမ်း၊ အမှတ်(၉၇)နေ [ဦးကေးမင်း-ဒေါ်ရှုတီ(ခ)ဒေါ်ငန်း]တို့၏ ချစ်လှစွာသောသားကြီး၊ မြို့လယ်လမ်း၊ အမှတ်(၉၉)နေ ဒေါ်လေဟွန်း(ခ) ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ တိုက်ကြီးမြို့နေ (ဦးကေးစုံ)-ဒေါ်ရှုဝါ၊ ဦးကျော်လွင်-ဒေါ်စန်းရီ(လွင်မိသားစု)၊ ဦးကျော်နိုင်-ဒေါ်သင်းသင်းနွယ်(ခ)ဒေါ်ခင်စွမ်၊ ပြည်မြို့၊ ကုန်သည်လမ်း၊ ဦးရန်ရှင်း-ဒေါ်ရီရီလွမ်(AEC စတိုး)၊ ဦးကျော်ဝင်း-ဒေါ်စန်းစန်းမြင့်တို့၏ ချစ်လှစွာသောတူ၊ ဦးအလိုင်း(ခ)ဂေါ်ကီလိုင်းသည် ၂-၈-၂၀၀၃(စနေနေ့) နံနက်တွင် ကွယ်လွန်ပါ၍ ၄-၈-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် တိုက်ကြီးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအလိုင်း(ခ)ဂေါ်ကီလိုင်း
အသက်(၅၆)နှစ်
(တိုက်ကြီးမြို့)

တိုက်ကြီးမြို့၊ မြို့လယ်လမ်းနေ (ဦးကျော်ထပ်-ဒေါ်စံမယ်)၊ မှတ်သုံလမ်းနေ (ဦးပြင်-ဒေါ်အုံဟင်း)တို့၏ မြေး၊ အောင်သုခလမ်း၊ အမှတ်(၉၇)နေ [ဦးကေးမင်း-ဒေါ်ရှုတီ(ခ)ဒေါ်ငန်း]တို့၏ သားကြီး၊ မြို့လယ်လမ်း အမှတ်(၉၉)နေ ဒေါ်လေဟွန်း(ခ)ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဝေ(ခ) ဦးရှင်း-ဒေါ်ခင်မာဝင်း၊ ဒေါ်တင်တင်အေး(ခ)မပို၊ ဦးကီဟုတ်-ဒေါ်ကြူကြူ၊ ရန်ကုန်မြို့၊ ဥယျာဉ်လမ်း၊ အမှတ်(၁၇)နေ ဦးသန်းမြင့် - ဒေါ်သန်းသန်းအေး(ခ) မိကြူ၊ ဦးအုန်းကျော်-ဒေါ်တင်တင်ဝင်းတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ မောင်စိုးလင်းဦး(ခ)တွမ်တွမ်၊ မောင်သက်မျိုးအောင်(ခ)ကာကာ၊ မောင်ဝေမျိုးအောင်(ခ)ရန်းရန်း၊ မောင်နေမျိုးအောင်(ခ)ဂုက်ဂုက်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်၊ တူ၊ တူမ ၁၀ယောက်တို့၏ ချစ်လှစွာသော ဘကြီး ဦးကီလိုင်း(ခ)ဦးအလိုင်းသည် ၂-၈-၂၀၀၃ (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် တိုက်ကြီးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်သွင်
အသက်(၅၄)နှစ်
ဘုတာစာရင်းစစ်(မြန်မာ့မီးရထား)
(ပျဉ်းမနားမြို့)

ရန်ကုန်မြို့၊အမှတ် (၁၇၄)၊ စိန်ပန်းလမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊ သာကေတမြို့နယ်နေ ဦးမောင်မောင် (ငွေ/ချုပ်၊ငြိမ်း၊မီးရထား)-ဒေါ်အေးသွင်တို့၏ သားကြီး၊ ကိုမောင်မောင်ခင် (အင်/ယာ မီးရထား)-ဒေါ်သန်းသန်းရီ၊ မခင်နှင်းယုဆွေ - ကိုသန်းထွန်းဦး၊ ကိုမောင်မောင်လွင် - မခင်မြကြည်၊ မဝင်းယုမောင်(ဘဏ္ဍာရေး မီးရထား)၊ ကိုနန္ဒကျော်သူဆွေ၊ မမိုးမမမောင် (ဘဏ္ဍာရေးမီးရထား)တို့၏ အစ်ကိုကြီး၊ ပျဉ်းမနားမြို့၊ မီးရထားဝန်ထမ်းအိမ်ရာနေ ဒေါ်အေးအေးမူ(ဘဏ္ဍာရေး၊ ငြိမ်း၊ မီးရထား)၏ ခင်ပွန်း၊ မရွှေရည်သင်း (အဋ္ဌမတန်း၊အလက-၁၊ပျဉ်းမနား)၏ ဖခင်၊ တူ၊ တူမ ကိုးယောက်တို့၏ ဘဘကြီးသည်၃-၈-၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ပျဉ်းမနားမြို့ နေအိမ်၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃ ရက်တွင် ပျဉ်းမနားသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်း သိစေရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်လန်း(၈၈)နှစ်
(လပွတ္တာ)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်(၁၄)နေ (ဦးရှိန်)၏ဇနီး၊ ဦးတင့်နိုင်(စက်မှု-၁)-ဒေါ်ခင်မြဝင်း၊ ဒေါ်မီမီရှိန်(ရှေ့နေချုပ်ရုံး)၊ ဦးဝင်းနိုင်ရှိန်-ဒေါ်စိုးစိုးမေ၊ ဦးဖေခင် (ရန်ကုန်အနောက်ပိုင်းခရိုင်ဥပဒေရုံး)-ဒေါ်ဝေနီရှိန်တို့၏ မိခင်၊ မြဒါလီနိုင်၊ သင်းသန္တာနိုင်၊ ဗိုလ်ကောင်းမြတ်နိုင်၊ ပွင့်ဟေမာနိုင်၊ မေဝတ်ရည်ဦး၊ ခိုင်ဆုဝေခင်၊ဟိန်းထက်နိုင်၊ ဝင်းအိထက်နိုင်တို့၏ အဘွားသည် ၂-၈-၂၀၀၃ရက်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၃(တနင်္လာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြည်တိတ်(မြိတ်)
အသက်(၇၈)နှစ်

မြိတ်မြို့၊ထားဝယ်စုရပ်နေ (ဦးဟန်နာ-ဒေါ်ခင်မေ)တို့၏သား၊ (ဒေါ်ခင်ကြည်)၏မောင်၊ ရန်ကုန်မြို့၊ အမှတ်(၄၇)၊ ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဒေါ်ရှုဝါ)၏ ခင်ပွန်း၊ ဒေါ်အေးအေးမူ၊ ဦးတင့်လွင်-ဒေါ်ဇင်ဝင်းလွင်၊ ဒေါ်ချိုချိုမာ၊ ဦးဝင်းကို၊ (ဦးအောင်သိန်း)၊ ဦးအောင်သန်း- ဒေါ်လဲ့လဲ့ခိုင်၊ ဦးကြည်စိုး-ဒေါ်အေးအေးမြင့်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၆-၇-၂၀၀၃ရက်တွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၀-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမ
ဒေါ်ခင်ကြည်(၇၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ တိုက်အမှတ်(၆)၊ အခန်း(၁၀၃)နေ (ဗိုလ်ကြီးစံသိန်း-မော်ကွန်းဝင်ဒုတိယဆင့်)၏ ဇနီး၊ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့နေ ဦးညွန့်မောင်-ဒေါ်ကျင်တို့၏ ညီမ၊ ရန်ကုန်မြို့နေ (ဦးတင်ဝင်း)၊ ဦးမောင်မောင်လေး-ဒေါ်ခင်ခင်ဝင်း၊ ဦးစံဝင်း-ဒေါ်လှသွယ်၊ (ဦးသိန်းဝင်း)၊ ဦးအေးဝင်း-ဒေါ်အုန်းခက်၊ဦးထွန်းအေး-ဒေါ်ကြည်ကြည်ဝင်း၊ဦးစိုးဝင်း-ဒေါ်ရီရီအေး၊ ဒေါ်စိန်စိန်ဝင်း၊ ဦးကျော်ဝင်း-ဒေါ်ချိုချိုတို့၏ မိခင်၊မြေး ၁၈ယောက်၊မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်ခင်ကြည်သည် ၃-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကင်းနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်း၊ရဟန်းဒါယကာကြီး
ဦးညွန့်လှိုင်
အသက် (၆၆)နှစ်
(ဇီးကုန်းမြို့နယ်အသင်းနာယက)

ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ ဆန်းသစ်ကွန်ပျူတာစာစီမိတ္တူလုပ်ငန်း၊ (ဦးသူတော်-ဒေါ်အေးတင်)တို့၏ သား၊ ရန်ကုန်မြို့၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်၊ အမှတ် ၁၇(၃/၄ လွှာ)နေ ဒေါ်သိန်းသိန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုချစ်ကိုလှိုင်-မအိအိသက်၊ မပပဝင်းလှိုင်၊ ကိုဇာနည်အောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ သီရိချစ်ကို Honey နှင့်မြလွန်းဖြူ Sweety တို့၏ အဘိုးသည် ၃-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၈း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း ဒါယကာ
ဦးကြူရှိန်(၅၃)နှစ်
(ထားဝယ်)

ရန်ကုန်တိုင်း၊တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် (၂၇၂) ၄ လွှာ(ညာ)နေ ဒေါ်မူမူ၏ ချစ်လှစွာသောခင်ပွန်း၊ မဇာခြည်ရှိန်၊ မောင်ထွန်းထွန်းရှိန်၊ မမော်ဇာရှိန်တို့၏ မွေးသဖခင်သည် ၃-၈-၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၂း၁၀နာရီတွင် ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မှော်ရုံ၊ ဆွမ်းစားကျောင်း၊ ရဟန်းဒါယကာ
ဦးမြင့်မောင်(၅၈)နှစ်
ဘူမိဗေဒဘွဲ့(၁၉၇၂)
(အိမ်မဲ၊ မြောင်းမြ)

အိမ်မဲမြို့နေ (ဦးစွိကျင်-ဒေါ်တွာနာ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးကေတင့်၊ (ဒေါ်တန်ရှုတ်)တို့၏ သားမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၈)လမ်း၊ အမှတ်(၈၄)၊ အပေါ်ဆုံးထပ်နေ အစ္စ(ခ)ဒေါ်မိုးကေသီ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇော်လင်းဟိန်း(ဒုနှစ်၊အင်္ဂလိပ်စာ)၊ မမေခင်နွယ်ဦး (ဒုနှစ်၊ UFL Chinese)၊ မမေသင်းသင်းသန့်(အထက-၁ဒဂုံ၊ VIII-D)တို့၏ဖခင် ဦးမြင့်မောင်သည် ၃-၈-၂၀၀၃ရက်ညနေ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၀၃ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမင်းတင်ထွေး
အသက်(၅၈)နှစ်
B.V.S(Rgn.), D.V.S.M.(Edin), M.V.Sc. (Melb)
ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရေဆင်း ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဆရာကြီး ဒေါက်တာမင်းတင်ထွေးသည် ၁၅-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲမိပါကြောင်း။

ဆရာကြီး၏ နိုင်ငံခြားပညာသင်တပည့်များ
(ခေတ္တ-ဂျပန်)။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး
ဒေါ်နန်းတင်မြင့် (၅၆)နှစ်

လမ်း/အထူးအဖွဲ့(၁၆)မှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးတင်မောင်သန်း၏ ဇနီး ဒေါ်နန်းတင်မြင့်သည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အင်ဂျင်နီယာမှူးနှင့်
ဝန်ထမ်းမိသားစု
လမ်း/အထူးအဖွဲ့(၁၆)

ဘုရား၊ကျောင်းဒါယကာကြီး
ဦးအောင်မြတ်ကြည်
အသက်(၈၆)နှစ်

မုဒုံမြို့၊ မြို့မ(၃)၊ ဘိုတဲရပ်၊ အရဟံလမ်း၊ အမှတ်(၁၅)နေ ဦးသာဒွန်းအောင်-ဒေါ်သိန်းမေ၊ ဒေါ်ပုလုံးတို့၏ သားထွေး၊ ဦးဘိုးရှင်-ဒေါ်မကြင်တို့၏ သားသမက်၊ ဒေါ်မတင်၏ ခင်ပွန်း၊ ဦးကျော်လွင်-ဒေါ်ပန်းသွင်၊ ဦးကင်ဟိန်း၊ ဒေါ်ကျင်လှ၊ ဦးအောင်သင်-ဒေါ်တင်လှ၊ ဒေါ်မြစန်း၊ ဦးအောင်ဟိန်း-ဒေါ်အေးမူ၊ ဦးညွန့်မြိုင်-ဒေါ်မွေးယုံ၊ ဦးသန်းတင့်-မနုနုလွင်တို့၏ မွေးသဖခင်၊ မြေး၂၅ယောက်၊ မြစ်၂၂ယောက်တို့၏ အဘိုးသည် ၂-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံမြို့ ကန်ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ ရဟန်း ဒါယကာကြီး
ဦးစိုးတင့် (၇၈)နှစ်
လ/ထ စာရင်းအင်းမှူး(ငြိမ်း)
ဗဟိုစာရင်းအင်းနှင့် စီးပွားရေးဌာန

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂၁)၊ ယုဇနလမ်းနေ (ဒေါ်တင်အေး)၏ ခင်ပွန်း၊ ဦးမောင်မောင်ဝင်း-(ဒေါ်ခင်စိန်)တို့၏ ညီ၊ ဦးအောင်မြင့် (2/O မွန်းဆွန်းမာရီတိုင်း၊စင်ကာပူ)-ဒေါ်တင်လတ်ရီတို့၏ ဖခင်၊ ဒေါ်ခင်ခင်ဝင်း၏ဘကြီး၊ မောင်စန်းမင်းသိန်း(ခ) ဖွဲ့ (VIII-D၊ အထက-၁၊ ဒဂုံ)၏ ဘိုးဘိုးကြီးသည် ၂-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၃ (တနင်္လာ နေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုထွန်းမြင့်ဦး (၄၂)နှစ်

မော်ဘီမြို့ ဦးမြင့်ဆွေ(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ညိုညိုတို့၏ သားကြီး၊ ရွှေပေါက်ကံမြို့သစ်၊ ဗညားနွဲ့လမ်း၊ အမှတ်(၆၁၂)နေ ဗိုလ်ကြီးမောင်မောင် (ငြိမ်း)-ဒေါ်အေးရီတို့၏ သားသမက်၊ (ဒုတိယဗိုလ် ထွန်းမြင့်အောင်)၊ ကိုစောနိုင် (ဌာနမှူး၊ ယာ/အုံ၊ စည်ပင်)-ဒေါ်ဌေးဌေးမြင့် (မော်ဘီစိုက်ပျိုးရေးခြံ)၊ ကိုအောင်မြင့်-ဒေါ်သန္တာဦး (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျောင်းကုန်း)တို့၏ အစ်ကိုကြီး၊ ရွှေပေါက်ကံ (အမက-၄၆)မှ ဒေါ်စန်းစန်းဝေ၏ ခင်ပွန်း၊ မသင်းသဇင်ထွန်း၊ ဟိန်းသော်ဇင်တို့၏ ဖခင် ကိုထွန်းမြင့်ဦးသည် ၃-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်ခံယူခြင်း
ဟာဂျီမ ဘရီစွန်းဘီ(ခ)
ဒေါ်မေသန်း(တောင်ငူ)
အသက်(၆၃)နှစ်
မြနန္ဒာတီးစင်တာ

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂၆၈) အနော်ရထာလမ်းနေ ဟာဂျီအဗ္ဗဒူလ်ကရင်(ခ)ဦးမောင်လှ၏ ချစ်လှစွာသောဇနီး၊ တောင်ငူမြို့ မိုးကောင်းရပ်နေ (ဟာဂျီဦးကာဆင်-ဟာဂျီမဒေါ်နစီဘန်ဘီ) သဘော်မုန့်တိုက်တို့၏ညီမ၊ မော်လမြိုင်မြို့ ကျားတံတားရပ်နေ ဦးယူစွတ်-ဒေါ်ကင်မရွှန်း၊ ဦးယူစွတ်-ဒေါ်နူရွှန်းနီရှာ၊ မထွန်းထွန်းတို့၏အဒေါ်၊ (ကိုအီစပ်)-မနုနု၊ ကိုဝင်းနိုင်-မအေးသန်း၊ ကိုမောင်မောင်-မလှလှဝင်း၊ ကိုအတာလွင်-မစန်းစန်းအေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၄-၇-၂၀၀၃ရက် နံနက် ၅း၅၅နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပြီးဖြစ်ပါ၍ ယင်းနေ့အဆွာရ်နမာဇ်အပြီး မိုးကျဗလီ၌ ဂျနာဇာနမာဇ်ဖတ်ပြီး ရေဝေးစွန်နီပန်းဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမင်းသိန်း(၄၅)နှစ်
အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ
လမ်း အထူး(၁၀)
ဖောင်းပြင်မြို့

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (စီမံကိန်းအထူးအဖွဲ့-၁၀)ဖောင်းပြင်မြို့တွင် တာဝန်ထမ်းဆောင်နေသော ဦးမင်းသိန်းသည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ကိုမြတ်သူရ
အသက်(၃၈)နှစ်
B.E (Mech)
(အောင်ဓမ္မရိပ်သာ၊ မရမ်းခြံ)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အောင်ဓမ္မရိပ်သာလမ်း၊ မေတ္တာလမ်းသွယ်၊ အမှတ်(၂၆/A-၉)နေ ဦးမောင်မောင်-(ဒေါ်မေလှမြင့်)တို့၏ သား၊ (ဒေါ်နွယ်နီမောင်မောင်)၊ ဒေါ်မာလာမောင်မောင် (ILBC)တို့၏ မောင်၊ မခင်စပယ်၏ အစ်ကိုသည် ၃-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၅-၈-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၂၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း-၂၉၁၄၅၅၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ-၂၉၄၅၂၇၊ ပုံနှိပ်-၂၉၂၈၃၁။ R/184

ကျေးဇူးရှင် မိခင် ဖခင်များကို နှစ်စဉ်ဂုဏ်ပြုပူဇော်သည့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင် အခြားဘာသာဝင်များနှင့်လည်း ချစ်ကြည်ရင်းနှီးစွာလက်တွဲပြီး နိုင်ငံတော်အကျိုးစီးပွား သယ်ပိုး အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (၁၄)ကြိမ်မြောက် မိဘများဂုဏ်ပြုပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် တက္ကသိုလ်ကက်သလစ် လူငယ်တမန်တော်လုပ်ငန်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် မိဘများအားဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော မိဘများနှင့် ဧည့်သည်တော်များ၊ တက္ကသိုလ်ကက်သလစ် လူငယ်တမန်တော်လုပ်ငန်း (ရန်ကုန်) ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ တက္ကသိုလ်ကက်သလစ် ကျောင်းသူကျောင်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တက္ကသိုလ်ကက်သလစ်လူငယ်တမန်တော်လုပ်ငန်း (ရန်ကုန်) အတွင်းရေးမှူး ဘော်စကိုရန်နိုင်စိုးက အဖွင့်ဆုတောင်း မေတ္တာပို့သသည်။

ထို့နောက် တက္ကသိုလ်ကက်သလစ် လူငယ်တမန်တော်လုပ်ငန်း (ရန်ကုန်) ဥက္ကဋ္ဌ မဂျူးဒစ်ခဲလ်စမ်းကျင်က (၁၄)ကြိမ်မြောက် မိဘများပွဲနေ့တွင် ကျေးဇူးရှင်မိခင် ဖခင်တို့ထံပေးပို့သော ဂုဏ်ပြုမင်္ဂလာသြဘာစာကို ဖတ်ကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ခရစ်ယာန်ဘာသာတရား၏ သွန်သင်ဆုံးမမှုများနှင့်အညီ မိခင်၊ ဖခင်တို့၏ ဂုဏ်ကျေးဇူးကိုအထူးသိမြင်ပြီး မိခင်၊ ဖခင်များအား ဂုဏ်ပြုသော အခမ်းအနားကို ယခုကဲ့သို့ နှစ်စဉ်နှစ်တိုင်း အမွန်အမြတ်ထား ကျင်းပပြုလုပ်ခြင်းသည် ကောင်းမြတ်သော ဓလေ့ထုံးတမ်းအစဉ်အလာတစ်ရပ်ကို ရှေးထုံးမပျက်လိုက်နာဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မင်္ဂလာတရားနှင့် ပြည့်စုံလှပါသည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

စတုတ္ထပညတ်တော်

ခရစ်ယာန်ဘာသာတရားသည် အမြင့်မြတ်ဆုံးတရားတော်ဟု ခံယူထားကြသော ဘုရားရှင်ကိုယ်တော်တိုင် ပေးသနားတော်မူခဲ့သော ပညတ်တော် ၁၀ ပါးတွင် စတုတ္ထပညတ်တော်အဖြစ် "သင်၏ ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက် တာရှည်မည့်အကြောင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ဟုမ္မလင်းလေဆိပ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။(အပေါ်ပုံ)**နှင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့၌တည်ဆောက်ပြီးစီးသွားသည့် ဟုမ္မလင်းလေဆိပ်ကို တွေ့ရစဉ်။**(အောက်ပုံ) (သတင်းစဉ်)

ဟုမ္မလင်းလေဆိပ် ဖွင့်ပွဲအခမ်းအနား ကျင်းပ ခေတ်မီလေယာဉ်များ တက်ဆင်းအသုံးပြုနိုင် မန္တလေး-ဟုမ္မလင်း တစ်ပတ်နှစ်ကြိမ် ပုံမှန်ပျံသန်းမည်

ရန်ကုန် ဩဂုတ် ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ယနေ့နံနက် ၉နာရီခွဲတွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ဟုမ္မလင်းလေဆိပ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဟုမ္မလင်းလေဆိပ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဟုမ္မလင်းလေဆိပ်သို့ နံနက် ၉ နာရီခွဲတွင် မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား ဟုမ္မလင်းလေဆိပ်မှ စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ကျီကုန်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**